
စိတ်ကူးချိုချိုအနုပညာ

မန်းတင်၊ မောင်စည်သူ၊ ခင်မျိုးချစ်၊ ထင်လင်း၊
အောင်စိုး၊ သုခ၊ မြသန်း၊ သိပ္ပံစိုးလှ၊
သာဂဒိုး၊ သာဂရင်စိုး၊ သော်တာဆွေ၊
အောင်လင်း၊ ကျော်အောင်၊ ကြည်အေး၊
မင်းဏီ၊ မောင်ထင်၊ ဂျာနယ်ကျော်မမလေး



# အလွယ်လမ်း

## နှင့် အခြားမဂ္ဂဇင်းဝတ္ထုများ

mgyoe.com

mgyoe.com

# အလွယ်လမ်း

## နှင့် အခြားမဂ္ဂဇင်းဝတ္ထုများ

မန်းတင်၊ မောင်စည်သူ၊ ခင်မျိုးချစ်၊ ထင်လင်း၊
အောင်စိုး၊ သုခ၊ မြသန်း၊ သိပ္ပံစိုးလှ၊
သာဂဒိုး၊ သာဂရင်စိုး၊ သော်တာဆွေ၊
အောင်လင်း၊ ကျော်အောင်၊ ကြည်အေး၊
မင်းဏီ၊ မောင်ထင်၊ ဂျာနယ်ကျော်မမလေး



640004191
Price : 3000.00
အလွယ်လမ်းနှင့်

mgyoe.com

အလွယ်လမ်းနှင့်အခြားမဂ္ဂဇင်းဝတ္ထုများ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၀၈၀၈၁၄ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၃၂၀၁၁၁ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း က.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁ ၊ ဖေဖော်ဝါရီလတွင် တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုမြင့်

၈၉၅ ·၈၃

ကလောင်စုံ

အလွယ်လမ်းနှင့်အခြားမဂ္ဂဇင်းဝတ္ထုများ / ကလောင်စုံ ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၃၅၃ မျက်နှာ၊ ၁၃·၂ စင်တီ× ၂၀·၅ စင်တီ

(၁) အလွယ်လမ်းနှင့်အခြားမဂ္ဂဇင်းဝတ္ထုများ

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | တက်နွား | မန်းတင် | ၁ |
| ၂။ | ကြွယ့်ဒါန | မောင်စည်သူ | ၂၀ |
| ၃။ | အလွယ်လမ်း | ခင်မျိုးချစ် | ၃၉ |
| ၄။ | ၀ှစ်စကီ ၃ ခွက် | ထင်လင်း | ၆၂ |
| ၅။ | ဆွမ်းဆန်စုံ | အောင်စိုး | ၇၁ |
| ၆။ | သဗ္ဗေသတ္တာ | သုခ | ၉၈ |
| ၇။ | အကျည်းတန်သော ဘဲကလေး | မြသန်း | ၁၂၀ |
| ၈။ | ဝမ်းရေးခက်၏ | သိပ္ပံစိုးလှ | ၁၄၂ |
| ၉။ | သူတို့အား ခေါင်းပုံဖြတ်စားခဲ့တုန်းက | သာကဒိုး | ၁၅၂ |
| ၁၀။ | ဆိပ်ကမ်းသာမှာ အိပ်တန်းရှာ | သာဂရ–ငစိုး | ၁၇၇ |
| ၁၁။ | ရွှေမဝ ဦးကျော် အနားယူခဲ့စဉ်က | သော်တာဆွေ | ၁၉၆ |
| ၁၂။ | ဦးပေါ်အိုင် | အောင်လင်း | ၂၂၆ |
| ၁၃။ | သားအချစ် မြေးအနှစ် | ကျော်အောင် | ၂၄၅ |
| ၁၄။ | မလှတလှ ပုံပြင် | ကြည်အေး | ၂၆၀ |
| ၁၅။ | ငွေခင် | မင်းဏီ | ၂၈၉ |
| ၁၆။ | သတင်းဦး | မောင်ထင် | ၂၉၈ |
| ၁၇။ | ကုသိုလ်ပေါ့ဟယ် | ဂျာနယ်ကျော်မမလေး | ၃၃၀ |


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# တက်နွား

မန်းတင်

(၁)

ဂျိုထောင်သည် မနုဿရွာဦးဘိုးလူ၏ခြံပေါက် နွားကလေးဖြစ်သည်။ သူသည် နွားလောကတွင် နွားထူးကလေးဖြစ်သည်။ နွားလောကကြီးတွင် သူ့ကို နှစ်သက်သူများက "တက်နွား" ဟုခေါ်ကြသည်။

(၂)

ဂျိုထောင်သည် ဘယ်လိုနွားစားမျိုးလဲ။ သူ့ဇာစ်မြစ်ကိုသိဖို့လိုပါသည်။ သူ့အကြောင်းကို ဆင်ခြင်သုံးသပ်ဖို့လိုပါသည်။ သူသည် သူ့ဘဝကို အစဉ်သဖြင့် စိတ်ဝင်စားခဲ့သည်။ သူ့တစ်ကိုယ်ရေတစ်ကာယအကြောင်းကိုသာမက သူ့လောကကြီးတစ်ခုလုံးကိုလည်း အဖန်ဖန်သုံးသပ်ခဲ့သည်။ သူ့စိတ်ထဲတွင် အစွဲကြီးစွဲနေသည်ကား သူ နို့စို့အရွယ်က သူစို့မည့်မိခင်နို့ရည်တွေကို ဦးဘိုးလူကြီး အစမ့်ညှစ်ယူနေပုံဖြစ်လေသည်။ ထိုစဉ်က သူသည် မိခင်၏နို့ကိုသာ မှီဝဲနေရသည်မဟုတ်ပါလား။ မြက်ကိုလည်းမစားတတ်သေးပါ။ ကောက်ရိုးကိုလည်း မဝါးတတ်သေးပါ။ သူ့အိမ်နီးချင်းဝက်တွေလိုလည်း မစင်ကို မမျိုနိုင်ပါ။ သည်နို့ကိုသာ မှီဝဲနေပါသည်။ ဦးဘိုးလူသည် သူ၏တစ်ခုတည်းသော အာဟာရကို အတင်းအစမ့်ညှစ်ယူခဲ့သည်တကား။

တွေးမိတိုင်း စိတ်နာမိပါသည်။

သူ့ကို တစ်ညလုံး ကြိုးနှင့်ချည်ထားသည်။ မိခင်အနားကိုမှ ကပ်ချင်၍မကပ်ရ၊ တစ်ညလုံး ဆာလိုက်သည့်ဖြစ်ခြင်း၊ နံနက်လင်းအားကြီးများဆိုလျှင် အူတကြုတ်ကြုတ်နှင့် မခံမရပ်နိုင်ဖြစ်နေလေသည်။ ဖောင်းအိနေသော နို့အုံကြီးများကိုကြည့်၍ သွားရည်တမြားမြားကျနေမိလေသည်။

mgyoe.com

mgyoe.com


သူသည် တအဲအဲနှင့် အာပေါက်အောင်အော်နေမိလေသည်။ ချည်ထားသောကြိုးမှ လွတ်ထွက်ရန်ကိုလည်း ရုန်းမိသေးသည်။ သို့သော် လည်ပင်းအစ်လာသဖြင့် လက်လျှော့လိုက်ရပါသည်။

ဦးဘိုးလူကြီး သံပုံးကြီးကိုဆွဲ၍ ဆင်းလာပါပြီ။ ချည်ထားသောကြိုးကို ဖြုတ်၍ သူ့ကိုလွှတ်လိုက်သည်။ အမယ်လေးလေး သူ့မှာဖြင့် ဝမ်းသာ၍မဆုံး။ တအားကုန်ပြေး၍ မိခင်၏နို့သီးခေါင်းကို ဟပ်ကာစို့လိုက်သည်။ နို့ရည်ကလည်း တော်တော်နှင့်ထွက်မလာသေး။ နို့ရည်တွေနှင့်တင်းနေသော နို့အုံကြီးအစုံကို ဦးခေါင်းနှင့်တိုက်ကာ တိုက်ကာ စို့လိုက်မှ နို့ရည်တွေ ဒလဟော ထွက်လာပါတော့သည်။ သူ့အဖို့ အရသာရှိလှသည့်ဖြစ်ခြင်း။ အာဟာရကင်းသဖြင့် ပူနေသောရင်သည် အခုမှအေးသွားပါတော့သည်။

ပြွတ် ... ပြွတ် ... ပြွတ် နို့စို့လို့ကောင်းနေတုန်းရှိသေးသည်။ အဘယ်မှာ သူလွှတ်ချင်အံ့နည်း။ မလွှတ်ချင်၍လည်းမဖြစ်။ လွှတ်ရရှာပေမည်။ သူ့လည်ပင်းတွင် ချည်ထားသောကြိုးကို ဦးဘိုးလူအတင်းဆွဲ၍ လည်ပင်းအစ်လှပါပြီ။ မျက်လုံးပင်ပြူးနေပါပြီ။ သူဆွဲရာသို့ မလိုက်လျှင် လည်ပင်းအစ်၍သေဖွယ်ရာသာ ရှိပါတော့သည်။ ထို့ကြောင့် ဦးဘိုးလူကြီးဆွဲရာသို့ ပါသွားရရှာလေသည်။

သူ့ကို အနီးရှိတိုင်တစ်တိုင်တွင် ချည်ထားကာ ဦးဘိုးလူသည် သူ့မိခင်၏နို့အုံကြီးများကို ဘယ်ပြန်ညာပြန် ညှစ်နေလေတော့သည်။

သူ့ရှေ့တွင် သူ့အာဟာရတွေကို သည်လိုအစမ္မနည်းနှင့် ယူနေသည်ကို သူမကြည့်လို။ အသည်းဆတ်ဆတ်ခါအောင် နာကြည်းလှသည်။

မိန်းမကြီးတစ်ယောက် အနီးသို့ ရောက်လာပြန်သည်။

"ကိုဘိုးလူ ... ဒီနေ့ ကျွန်မဖို့ ငါးဆယ်သားပေးပါနော်"

လက်ထဲတွင် ချိုင့်ကြီးနှင့် မိန်းမကြီးက ပြောလေသည်။

"ဟုတ်ကဲ့ ... ရပါတယ်"

"စစ်စစ်နော် ... ကျွန်မကလေးက အားမရှိလို့၊ ဆရာဝန်က နွားနို့စစ်စစ် တိုက်ရမယ်လို့ပြောထားတယ်"

"ဟုတ်ကဲ့ ... ကျုပ်နွားနို့က စစ်ပါတယ်"

ဘယ်လောက် အသည်းနာစရာကောင်းသလဲ၊ ပြောနေကြပုံတွေက ကိုယ်ချင်းစာတရား ကင်းလှချည့်ကလား။

တော်တော်ကြာလျှင် ဦးဘိုးလူသည် မိန်းမကြီး၏ချိုင့်ထဲသို့ နို့တွေကို ခြင်၍ ထည့်ပေးသည်။ နောက် ထပ်ညှစ်ပြန်သည်။ အတန်ကြာမှာ နွားနို့တွေနှင့် သံပုံး

mgyoe.com

mgyoe.com


ကြီးကိုဖယ်၍ သူ့ကို ကြိုးဖြုတ်လွှတ်လိုက်သည်။ သူလည်း အပြေးအလွှား မိခင်ဆီသို့သွားကာ နို့ကိုဟပ်လိုက်သည်။ တပြွတ်ပြွတ်မြည်အောင် စုပ်သည်။ ဦးခေါင်းနှင့် နို့အုံကိုတိုက်လိုက်သည်။ သို့သော် နူးညံ့ဖောင်းအိသော အတွေ့ကို မတွေ့ရ။ ပျော့ဖတ်ဖတ်အရေပြားကိုသာ ခေါင်းနှင့်တိုးမိတော့သည်။ နို့ရည်လည်း ထွက် မလာတော့ပါ။ ခန်းခြောက်နေပါပြီ။ အဘယ်မှာလျှင် သူ ကြေနိုင်အံ့နည်း။

(၃)

သူ့တွင် ဦးချိုကလေးများ ပေါက်လာပါပြီ။ သူ့ဦးချိုများသည် မတ်မတ်ကလေး ထောင်နေကြကုန်သည်။ ထို့ကြောင့် "ဂျိုထောင်" ဟု ခေါ်ကြလေသည်။

ဂျိုထောင်သည် အတော်ကလေးကြီးပြင်းလာပါပြီ။ သူ့အမေကြီးနောက်မှ ခုန်ပေါက်ပြေးလွှားရင်း မြက်နုများကို စားနေတတ်သည်။ ကောက်ရိုးပုံတွေ့လျှင်လည်း ဆွဲ၍စားတတ်သည်။ ခွန်အားဗလလည်း အတော်ပြည့်လာလေပြီ။ သူ့အဖို့ သည်လိုနေရလျှင် ပျော်မဆုံး။ ပြေးလိုက် လွှားလိုက်၊ ခုန်လိုက် ပေါက်လိုက်၊ စားလိုက် အိပ်လိုက်၊ နွားမနောက်လိုက်လိုက်။

နွားမနောက်များလိုက်ရလျှင် သူ့အဖို့ မောရမှန်းမသိ၊ ပန်းရမှန်းမသိ။ နွားမတွေကလည်း သူ့ကို တော်တော်သဘောကျကြသည်။ နွားသိုးကလေးပေကိုး။ နွားအိုကြီးတွေမှာ စိတ်သာရှိ၍ သူ့လောက်မစွမ်းနိုင်တော့ကြောင်းကို နွားထီး၊ နွားမ အားလုံး သိကြလေသည်။ အင်း သည်လိုသာတစ်သက်လုံးနေသွားရလျှင် ဘယ့်လောက်ကောင်းမလဲ ... နွားလောကကြီးသည် သာတောင့်သာယာရှိပေမပေါ့။

သို့သော် ...

သည်လိုကားမဟုတ်။ တစ်နေ့သော် သူသည် မောကြီးပန်းကြီးနှင့် ထင်းတိုက်ရာမှပြန်လာသော "ကြန်စုံ" နှင့် "စဥ" နွားကြီးနှစ်ကောင်ကို ရေဆိပ်တွင် တွေ့လေသည်။ သူသည် သူ့ထက်ကြီးသော နွားကြီးနှစ်ကောင်ကိုကြည့်၍ သနားမိသည်။

"ခင်ဗျားတို့ကို မြင်ရတာ သနားသဗျာ"

သူသည် ရေသောက်နေရာမှ စကားစ၍ ပြောလိုက်သည်။

"ဟေ ဘာပြုလို့လဲ" ကြန်စုံက သူ့ကိုပြန်မေးသည်။

"ဩော် ... ခင်ဗျားတို့ ဒီလိုပင်ပင်ပန်းပန်း အလုပ်လုပ်နေကြတာမြင်ရတော့ သနားတာပေါ့ဗျ"

mgyoe.com

mgyoe.com

နွားကြီးနှစ်ကောင်သည် သူ့ကိုကြည့်၍ ဟက်ဟက်ပက်ပက် ရယ်မောကြလေသည်။ ဂျိုထောင်သည် အူကြောင်ကြောင်ဖြစ်သွားလေသည်။

"ဘာဖြစ်လို့ရယ်တာလဲဗျ"

"ဩော် ... မင်းစကားပြောပုံကလေးကို သဘောကျလို့ပါ"စဉကဖြေ၏။

"ဟော့ .. မောင်ဂျိုထောင် နွားဆိုတာ လူခိုင်းဖို့ဖြစ်လာတာကွဲ့၊ ဒါအစဉ်အလာကြီးပဲ၊ မင်းက ကြီးကြီးကျယ်ကျယ်နဲ့ သနားသလေး ဘာလေးလုပ်နေ၊ မင်းကော တော်တော်ကြာ တို့လိုလုပ်ရမှာပဲ"

နွားကြီးနှစ်ကောင်သည် ရယ်မောရင်း ရွာဘက်သို့ပြန်သွားကြလေသည်။ သူလည်း လေးကန်သောခြေလှမ်းဖြင့် အိမ်ဘက်သို့လျှောက်ခဲ့လေသည်။

နွားဟာ လူခိုင်းဖို့ဖြစ်လာတာပဲ၊ ဒါအစဉ်အလာတဲ့ ... ဒီအစဉ်အလာကြီးကို ဘယ်သူမှမဖျက်နိုင်ဘူးလား ... မတော်လှန်နိုင်ဘူးလား။

သူသည် တစ်လမ်းလုံးတွေးလာလေသည်။ နွားမဒန်းမကလေး "ယုဝတီ" နောက်က နွားထီးတွေ တစ်ပြုံကြီးလိုက်နေကြသည်ကိုမှ သူမမြင်နိုင်။

ဦးဘိုးလူကြီး သူ့လည်ပင်းကို ဆီးကိုင်လိုက်မှပင် သူသတိရတော့သည်။ သူ့ကို စုတ်တသပ်သပ်နှင့်ချော့ခေါ်သွားသည်။ အိမ်နောက်ဘေးသို့ ရောက်သောအခါ အခြားလူနှစ်ယောက်ကို တွေ့ရသည်။ သူတို့လက်ထဲတွင် ကြိုးခွေများကို ကိုင်ထားကြသည်။ ဦးဘိုးလူနှင့် အခြားတစ်ယောက်သည် သူ့ကိုညှပ်၍ ကိုင်ထားကြသည်။ သူ ရိပ်မိပြီ ... သူ သိပြီ။ သူ့ကို နဖားကြိုးထိုးမလို့ပေါ့။ သူသည် ပြင်းထန်စွာ ခုန်ပေါက်လိုက်သည်။ ဦးဘိုးလူကြီးလန်လဲသွားသည်။ သူလည်း ထွက်ပြေးတော့သည်။ သို့သော် အဘယ်မှာလျှင် အဝေးသို့ရောက်အောင် ပြေးနိုင်အံ့နည်း။ ခြံတံခါးတွေကို ပိတ်ထားပြီးဖြစ်နေလေပြီ။ မကြာခင် ဦးဘိုးလူလက်ထဲ ပြန်ရောက်သွားလေသည်။

သူ့ကိုလှဲထားကြသည်။ ခြေရော၊ လက်ရော ကြိုးနှင့်တုပ်ထားသည်။ မလှုပ်သာတော့ပြီ။

"ဒီနွားကျမှ ခက်လိုက်တာဗျာ ... တခြားနွားတွေ ဒီလိုမဟုတ်ပါဘူး" ဦးဘိုးလူက ညည်းလိုက်သေးသည်။

သူသည် အသံကုန်ဟစ်အော်ပြီး ရုန်းလိုက်လေသည်။ နှားခေါင်းပေါက်ထဲသို့ တစ်စုံတစ်ခုကို ထိုးသွင်းလိုက်ရာ အသက်ပါထွက်သွားမတတ် နာကျင်လေ၏။ မျက်ရည်တွေ ကျလာလေသည်။ အနီးအနားတွင်လည်း ဘာကိုမှသူမမြင်၊ စူးစူးရှရှကြီးသာ အော်နေမိပါတော့သည်။

mgyoe.com

mgyoe.com

ကြိုးတွေကို ဖြေ၍ လွှတ်လိုက်သောအခါ သူ့နှာခေါင်းပေါက်ထဲတွင် လက်သန်းလုံးလောက်ကြိုးကြီး ဝင်နေပါပြီ။ ခိုးလိုးခုလုနှင့် အခံရခက်လှသည်။

သူသည် မျက်ရည်တွေရွဲနေသောမျက်လုံးနှင့် အနီးရှိ လူသုံးယောက်ကို ကြည့်မိသည်။ သူတို့နှာခေါင်းတွေမှာတော့ သူ့လိုကြိုးတပ်ထားတာမတွေ့။

"နွားဆိုတာ ဒီလိုခံရတာပဲကွဲ့ မောင်ဂျိုထောင်ရဲ့ ... ဒါအစဉ်အလာကြီးပဲ"

နွားတင်းကုပ်ထဲသို့ရောက်သောအခါ စဉက ဆီး၍နှစ်သိမ့်စေသည်။

(၄)

မကြာခင်ပင် ဂျိုထောင်သည် ထမ်းပိုးထမ်းရတော့သည်။ တစ်ခါတစ်ရံ ရေတိုက်၊ တစ်ခါတစ်ရံ ထင်းတိုက်သွားရသည်။ မိုးဦးကျတွင် လယ်ထွန်ရသည်။ ဆောင်းတွင်းတွင် စပါးနယ်ရသည်။ ခရီးသွားလျှင်လည်း မြန်သည်ဆိုကာ သူ့ကိုသာ ဦးဘိုးလူက အသုံးပြုသည်။

သို့သော်လည်း နွားမနောက်လိုက်နေရသောအခါများ၌ သူ ပင်ပန်းတာတွေကိုမေ့နေသည်။ သူသည် နွားမဆိုလျှင် ဘယ်နွားမမှမရှောင်တမ်း နောက်ကလိုက်သည်။ သူသည် ရွာထဲတွင် အကဲဆုံးဖြစ်သည်ဟုပြောကြသည်။ တစ်ခါတစ်ရံ သူ့အမေနောက်ကပင် သူလိုက်နေမိလေသည်။ သူတို့သည် တသွေးတမွေးဖြစ်နေပြီဖြစ်သဖြင့် တစ်ဦးကိုတစ်ဦး မသိကြတော့ပါ။ တစ်ခါက သည်အကြောင်းကို စပ်မိ၍ ကြန်စုံကိုပြောပြမိသည်။

"အဲဒီစည်းကမ်းကလေးတော့ ထားဖို့ကောင်းတယ်ဗျ"

"ဟ ... ဖိုးဂျိုထောင်ရ ဘယ်မှတ်မိနိုင်ပါ့မလဲကွ"

"ခက်တာပဲဗျာ"

"ခက်မနေပါနဲ့ကွာ ... ငါတို့ နွားလောကမှာ အစဉ်အလာလိုဖြစ်နေပါပြီ"

သူသည် သည်ပြဿနာကို နက်နက်နဲနဲ တွေးနေလေသည်။ သို့သော် ကြာကြာမတွေးနိုင်။ အိမ်ပေါ်မှ သူ့အကြောင်းကို ပြောနေသံကြားရပါသည်။

"ဂျိုထောင်ကို ဘယ်တော့လုပ်မလဲ" ဦးဘိုးလူ၏ မိန်းမအသံ။

"နက်ဖြန်ခါ တောင်ဘက်ရွာက ကိုဘိုးလှကို မှာထားတယ်" ဦးဘိုးလူ၏ ဖြေသံ။

"အင်း မြန်မြန်လုပ်ပစ်မှတော့ ... သိပ်ကဲနေပြီ၊ ဖမ်းလို့ကို မမိနိုင်ဘူး၊ နွားမနောက်ချည့်လိုက်နေတာပဲ"

"အေးပါကွာ ... ဒါနဲ့ မင့်သား မင်္ဂလာဆောင်ဖို့ ဘယ်တော့အဝယ်

mgyoe.com

mgyoe.com


အခြမ်းသွားမှာတုန်း"

"နောက် ဆယ်ရက်လောက်လိုပါသေးတယ်"

"မင့်သမီးအတွက်ကော ပစ္စည်းတွေ ဝယ်ပြီးပတဲ့လား"

"ဒါက ကျုပ်အပူမဟုတ်ပါဘူးတော် ... သတို့သားဘက်က ကြည့်လုပ်လိမ့်မပေါ့"

သည်လိုပြောပြီးလျှင် ငြိမ်သွားကြလေသည်။

ဂျိုထောင်သည် နားထောင်နေရာမှ ရင်တွေတုန်လာလေသည်။

"ကိုစဉ ... သူတို့ပြောနေသံ ကြားရဲ့လား"

ဂျိုထောင်က မေးလိုက်လေသည်။

"အေး"

"ဘာတဲ့လဲဗျ"

"မင်းကို သင်းပစ်မလို့တဲ့"

"သင်းတယ်ဆိုတာ ဘာလဲ"

"မင်း နောက် နွားမတွေနောက် သိပ်မလိုက်အောင် လုပ်ပစ်မှာပေါ့ကွ"

"ဘယ့်လိုလဲဗျ"

"ဟ ... ဒီကောင် တယ်နားဝေးတာပဲ၊ မင့် ဖွေးဖွေ့ကိုထုပြီး ထုတ်ပစ်မလို့ဟ"

"အမယ်လေးဗျာ ... သေရောပေါ့"

"မသေပါဘူးကွာ ... ဒါတို့နွားလောကမယ် အစဉ်အလာကြီးပဲ"

"သိပ်နာမှာပဲနော်"

"နာတော့ နာတာပေါ့ကွာ၊ အောင့်ခံရတာပေါ့ အစဉ်အလာကိုးကွ"

"အင်း"

ဂျိုထောင်သည် ကောက်ရိုးကိုဝါးရင်း သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

* * *

ဂျိုထောင်သည် အံကြိတ်ရင်း ကွတ ကွတနှင့် နွားတင်းကုပ်ထဲသို့ ဝင်လာလေသည်။

"ခိုင်းချင်တိုင်းလည်း ခိုင်းသေး၊ ဒီဟာကိုလည်း တူနဲ့ထုသေး"

သူသည် ညည်းညူရင်း မြက်စင်နားတွင် ရပ်နေလေသည်။

"အေး တို့တုန်းကလည်း ဒီလိုပါပဲကွာ"

mgyoe.com

mgyoe.com


ကြန်စုံက စမြုံ့ပြန်နေရာမှ လှမ်းပြောလေသည်။

"အမယ်လေး လေး နာလိုက်တာဗျာ ... လွန်ပါရော၊ ဒီလိုဆိုတော့ နွားမဖြစ်ရတာက ကောင်းပါသေးတယ်ဗျာ ... အလုပ်လည်းမလုပ်ရဘူး၊ ဝေးစေ့လည်း အထုမခံရဘူး၊ နွားထီးဖြစ်ရတဲ့ဘဝများ တယ်ဆိုးကိုးဗျ နော်"

"အေးကွာ ... အောင့်သာခံပေတော့ အစဉ်အလာကိုကွ"

"ခင်ဗျား အစဉ်အလာကြီး အသာထားစမ်းပါဗျာ"

ဂျိုထောင်သည် ဒေါသကြီးနှင့် အော်လိုက်လေသည်။

(၅)

သူနှင့် "မိုးနက်"သည် ဦးဘိုးလူ၏ သားနှင့် ချွေးမ စီးလာသော လှည်းယာဉ်ကလေးကိုဆွဲကာ မြို့မှပြန်လာကြသည်။ မိုးနက်သည် သူနှင့် 'ဖက်'ရန် မကြာသေးမီကမှ ဦးဘိုးလူဝယ်ယူလိုက်သော နွားကလေးဖြစ်သည်။ သူနှင့် သက်တူရွယ်တူဖြစ်သည်။ အရပ်အမောင်း၊ အလုံးအဖန်ချင်းလည်းတူသည်။

လှည်းပေါ်မှ ညားခါစ ဇနီးမောင်နှံကား စကားပြောလိုက်၊ ရယ်လိုက် နှင့် အတော်မြူးလာဟန်တူသည်။ ဂျိုထောင်သည် သူတို့ရယ်သံကိုကြားတိုင်း သူ့ဝေးစေ့အထုခံရသည်ကို သတိရ၍ အသည်းနာမိသည်။ သူတို့တော့ ပျော်နိုင်ကြပါပေသည်။ မြူးနိုင်ကြပါပေသည်။ သူသည် သူ့ဘဝကို သူ စိတ်နာမိသည်။ ဝမ်းတွင်းကလည်း အူတကြုတ်ကြုတ်ဖြစ်နေသောကြောင့် လမ်းဘေးမှ ရိုးပြတ်တွေကို ဆွဲစားလိုက်မိသည်။

"ဒီနွားနှယ် ငတ်လိုက်တာ" ပြောပြောဆိုဆို ဖင်ကို သံချွန်နှင့် အထိုးခံရသည်။

ခပ်လှမ်းလှမ်းတွင် နွားမဒန်းမကလေး "ယုဝတီ" နောက်မှ နွားထီးတွေ တစ်ပြုံတခေါင်းကြီး လိုက်နေကြသည်ကို သူမြင်သောအခါ ရင်တဖိုဖိုဖြစ်သွားလေသည်။ လှည်းရောလူပါ ဆွဲပြေးကာ သူ့နောက်သို့သာလိုက်ချင်တော့သည်။ သို့သော် သံချွန်ကိုကြောက်၍ အောင့်၍သာနေလိုက်ရသည်။ လိုက်ပြန်ဦးတော့ အရင်ကလောက် မစွမ်းတော့သည်ကိုလည်း တွေးမိသည်။

"ဝတ်ထရိန်း"

သူသည် သွေးသားသောင်းကျန်းမှုကို အတင်းအဓမ္မ ဖိနှိပ်ထားရာမှ မနိုင်မနင်းဖြစ်သွားကာ ကြုံမိကြုံရာ "ဖိုသံ"ပေးလိုက်လေသည်။ "ယုဝတီ" ကား သူ့ကိုလှည့်မကြည့်။

mgyoe.com

mgyoe.com

"အမယ် တယ်ထတဲ့နွားပဲ" ဟုဆိုကာ သံချွန်နှင့်သာ စအိုပေါက်နားတွင် အထိုးခံရသဖြင့် ဖင်ကိုရှုံ့ကာ ဒလကြမ်းပြေးလိုက်ရသည်။ သည်တော့မှပင် သွေးသားသောင်းကျန်းမှုများ ငြိမ်ကျသွားပါတော့သည်။

ရွာပေါက်မှဝင်လာကြစဉ် ကုက္ကိုပင်ရိပ်၌ မနုဿရွာသူရွာသားတွေ ဝိုင်း နေကြသည်ကို ခပ်လှမ်းလှမ်းမှမြင်ရလေသည်။ ဘာများပါလိမ့် ...ဂျိုထောင် တို့လှည်း အနားသို့ရောက်သောအခါ ရပ်စေလေသည်။

"ဟေ့ ငါမှာထားတာ မရဘူးလားကွ"

ဂျိုထောင်ဆွဲလာသော လှည်းပေါ်မှလူက မေးလိုက်လေသည်။

"ဟာ ...ရပါတယ်၊ ဖယ်ထားပါတယ်၊ အသားချည့် တစ်ပိဿာလေ၊ အသည်းနှလုံးလည်း ထည့်ထားတယ်"

ဝိုင်းအုံနေရာမှ လူတစ်ယောက်သည် ငှက်ပျောဖက်နှင့်ထုပ်ထားသော အထုပ်ကြီးတစ်ထုပ်ကို လှည်းပေါ်သို့ လှမ်းပေးလိုက်သည်။ သို့သော်လည်း မသွား ရသေး၊ ပိုက်ဆံပေးနေသဖြင့် ဂျိုထောင်တို့ ရပ်စောင့်နေရလေသည်။

ဂျိုထောင်သည် လူအုပ်ကြီးကိုသာ စိုက်ကြည့်နေသည်။ သူတို့ရပ်နေသော နေရာနှင့်ဆိုလျှင် သုံးလေးလံမျှသာ ဝေးကွာရာ ဘာလုပ်နေကြသည်ကို အထင် အရှားမြင်ရလေသည်။ လူအပေါင်းတို့သည် အလယ်၌ရှိသောဝတ္တုပစ္စည်းတစ်ခု ကိုသာ သဲသဲမဲမဲ လုယက်နေကြလေသည်။ အချို့သောသူများ၏ လက်ထဲတွင် ဓားကြီးများကိုင်ထားလေသည်။ အချို့လည်း လူအုပ်ထဲမှ အတင်းတိုးထွက်လာ ရာ သူတို့လက်ထဲတွင် သွေးသံရဲရဲနှင့် အသားခဲကြီးများ ပါလာလေသည်။

"ဘာလုပ်ကြတာတုန်းကွာ"

ဂျိုထောင်သည် သူ့အဖော် မိုးနက်ကို လှမ်းမေးလိုက်လေသည်။

"ဟင် မင်းမသိသေးဘူးလားကွ၊ တစ်နေ့က တို့နဲ့ စားကျက်ထဲမယ် တွေ့ တဲ့ ဂျိုကုပ်ကြီးကိုသတ်ပြီး ဝေနေကြတာလေ"

"ဟေ ... ဘာဖြစ်လို့သတ်တာလဲကွ၊ ဘာကို ဝေနေတာလဲ"

"အင်း ... ခက်တော့တာပဲ ဂျိုကုပ်ကြီးဟာ မင်းသိတဲ့အတိုင်းပဲ၊ တစ်နေ့ က ပြောင်းခင်းထဲမယ် ဓားခုတ်ခံရတယ်၊ ဘယ်သူခုတ်မှန်းလာည်းမသိဘူး၊ ဂျိုကုပ် ကိုယ်တိုင်တော့ သိတာပေါ့ကွာ၊ သူ့သခင်နားလည်အောင် ပြန်မပြောတတ်ရှာဘူး၊ အဲဒီဒဏ်ရာက တော်တော်ကြီးတော့ အသက်မသေပေမဲ့ ခြေခွင်ပြီး နောက်ခိုင်း ရတော့မှာမဟုတ်လို့ အခုသတ်ပြီး သူ့အသားတို့၊ အသည်းနှလုံးတို့ အူတို့ကို သူ့သခင်က ရောင်းနေတာပေါ့ကွ"

mgyoe.com

mgyoe.com

"လူတွေက ဒါတွေဝယ်ပြီး ဘာလုပ်မှာတုန်း"

"ဩော် ... အ လိုက်တဲ့ကောင်နှယ် ချက်ပြီးစားမှာပေါ့ကွ"

"ရက်စက်ပါပေ့ကွယ်"

"မရက်စက်နဲ့မောင်ရေ ... ဒါဟာ ထုံးစံပဲ၊ နွားဆိုတာ လူတွေခိုင်းချင်သလောက်ခိုင်းပြီး ခိုင်းလို့မရတဲ့ဘဝကျတော့ အမဲသားဖြစ်ကြရတာပဲ၊ အဲဒါ အစဉ်အလာကြီးပဲ"

ထိုအချိန်တွင် လူတွေအနည်းငယ်စဲသွားရာ ဂျိုထောင်သည် သွေးအိုင်ထဲ၌ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ဂျိုကုပ်ကြီးကိုမြင်ရလေသည်။ သို့သော် အနီးအနားတွင် သူ့အသားဆိုင်တို့မှာ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်နေကြလေ၏။ အချို့ကလည်း တောင်းနှင့်ထည့်၍ ရွက်သွားသည်။ အချို့ကလည်း တုတ်နှင့် လျှို၍ထမ်းသွားသည်။ အနီးရှိ ခေါင်းပြတ်ကြီးသာလျှင် ဂျိုထောင်အား ပြူးကြောင်သောမျက်လုံးကြီးအစုံဖြင့် စိုက်ကြည့်နေတော့သည်။

"ဟဲ့ ..." ဟူသော ငေါက်သံနှင့်အတူ "ဖြန်း"ခနဲ ချလိုက်သောတံပြာ၏ ဒဏ်ချက်ကြောင့် ဆောင့်၍ထွက်သွားရသော ဂျိုထောင်သည် ဂျိုကုပ်ကြီး၏ ပြူးကြောင်သောမျက်လုံးကြီးများကို သူ့မျက်စိထဲမှ ပျောက်ပစ်လို့မရပေ။

(၆)

ဂျိုထောင်သည် တစ်ညလုံးအိပ်လို့မရ။ ဂျိုကုပ်ကြီး မတရားသဖြင့် အသတ်ခံရပုံကို အသည်းနာနေမိလေသည်။ သည်ကိစ္စမှအစ သူ့ဘဝကို အဖန်ဖန်သုံးသပ်နေမိလေသည်။

မွေးလာကတည်းက သူစို့မည့်မိခင်၏နို့ရည်ကို သူတစ်ပါးတို့ညှစ်ယူကြသဖြင့် ဝဝလင်လင် မစို့ခဲ့ရ။ အတော်ကလေးကြီးပြင်းလာ၍ ခွန်အားဗလ နှင့်ပြည့်စုံလာသည်နှင့်တစ်ပြိုင်နက် အတင်းအဓမ္မ နဖားကြိုးအထိုးခံရသည်။ သည်ကတည်းက မလွတ်တမ်း အခိုင်းအစေခံရသည်။ အရိုက်ခံရသည်။ သံချွန်နှင့်အထိုးခံရသည်။ သို့သော် သူသည် များစွာစိတ်မနာမိသေးပါ။ အဘယ့်ကြောင့်နည်း။ သူသည် စားလည်းစားရသည်။ အိပ်လည်းအိပ်ရသည်။ နွားမနောက်သို့လည်း လိုက်နေရသေးသည်။ သူ့အဖို့ ဘာလုပ်ရလုပ်ရ အိပ်ခြင်း၊ စားခြင်း၊ နွားမနောက်လိုက်ခြင်းတည်းဟူသော ကိစ္စသုံးခုကို အချုပ်အချယ် မရှိပြုလုပ်ခွင့်ရလျှင် ကျေပ်နပ်မြဲတည်း။ သို့သော် နောက်တော့ သည်လိုမဟုတ်တော့ပါ။ သူတို့ထုံးစံအတိုင်း နွားမနောက်လိုက်ခြင်းကိုပင် အဓမ္မမနည်းဖြင့်

mgyoe.com

ချုပ်ချယ်လာပါတော့သည်။ သူ့ကို သင်းပစ်ခြင်းသည် သူတို့ဂေါဏလောကကြီး တစ်ခုလုံးကို စော်ကားခြင်းဖြစ်လေသည်။ အခုတစ်ဖန် သူတို့အသားကို မြိန်ရည်ယှက်ရည် စားသောက်ကြပုံကို တွေ့ရပြန်ပြီ။

သည်လို အစော်ကားခံနေရသည်ကို .ဂေါဏလောကကြီးတစ်ခုလုံးက ခေါင်းငုံ့ကာအမြီးတနှံ့နှံ့နှင့် ခံနေကြသည်။ မနာတတ်ကြဘူးလား၊ မရှက်တတ်ကြဘူးလား။ ဘာဖြစ်လို့ သည်လောက်တောင် သဘောကောင်းနေကြပါသလဲ။ သည်လို အေးစက်စက်ကြီးတွေနှင့်မထုံတက်တေးလုပ်နေကြလို့သာ ကဲသည်ထက်ကဲလာတာပေါ့။

ဂျိုထောင်သည် သူ့ဘဝကို သူ အဖန်ဖန်သုံးသပ်၏။ အနုပဋိလောမ နည်းအားဖြင့် ဆင်ခြင်၏။ သည်လိုအဖန်ဖန်ဆင်ခြင်သုံးသပ်ရင်း တော်လှန်ရေးစိတ်တွေ တဖွားဖွားပေါ်ပေါက်လာလေသည်။

အိမ်အပေါ်ထပ်မှ တစာစာစာ ဖတ်နေသော အသံကြောင့် သူ့အတွေးကို ရပ်၍ နားစိုက်ထောင်မိသည်။ စာထဲတွင်လည်း 'နွား .... နွား" ဟု ခဏခဏ ပါသည်။ သူ့အကြောင်းကိုများ ဘယ်သူကစာဖွဲ့ထားပါလိမ့်။

'နွားတစ်ကောင်အသုံးကို စာကုံးကာ ပြန်လိုက်မည်၊ ထွန်ရန်၊ တိုက်ရန့်၊ အတန်တန်ပင် အမြန်အနှေး ခရီးတိုရှည်၊ စီးသည်တသွယ်" ဂျိုထောင်သည် နားရွက်ပင်မခတ်၊ တင်ပါးတွင် မှက်ကြီးကိုက်နေသည်ကိုမှ အမြီးနှင့်ရမ်းမပစ်၊ စာသံကိုသာ အာရုံစောနေသည်။ စာဖတ်သူကလည်း မရပ်မနား ဖတ်သွားလေသည်။

'အသွေးအသား၊ ခြားနားအောင်ကင်၊ ကျပ်တင်ကျောချက်၊ သရက်ရွက် ဆောင်းထပ်၊ ကျောက်ကပ်နှလုံး၊ စားသုံးဖို့ရာ ..."

ဂျိုထောင်သည် နားထောင်ရင်း ဇောချွေးတွေပြန်လာလေသည်။ စာဖတ်သူလည်း ဆက်၍ဖတ်သွားပြန်သည်။

'မီးတွင်းမိန်းမ၊ နို့မရ၍၊ သားက တစာစာ၊ မာတာကြဲ့လို့၊ နို့ရည်မလိုက်၊ ရှိသည်ခိုက်တွင် ပြောလိုက်မည်အပြီး၊ သည်နွားမြီးကို၊ မီးဖုတ်ချက်ချင်း၊ တောက်တောက်စင်း၍ ဟင်းခါးလည်းချက်၊ ကြောင်ပန်းရွက်နှင့် နို့ပျက်မိန်းမ သောက်လိုက်ရလျှင်၊ နို့လုံးရွှင်သည်၊ သူ့လင်စို့တော့မကုန်တည်း'

"ဟား ဟား ဟား"

စာဆိုးသောအခါ စာနာသူအပေါင်းတို့သည် ဝမ်းသာအားရ ဟားတိုက်၍ရယ်ကြကုန်၏။

mgyoe.com

mgyoe.com

"ရက်စက်ပါပေ့ကွယ်..."

ဂျိုထောင်သည် ခြုံသံပါအောင် ညည်းလိုက်လေသည်။

"သည်စာကိုရေးတဲ့လူဟာ ဘယ်သူလဲ၊ ဂေါဏလောကကြီး၏ တိုးတက်မှုကို တားဆီးပိတ်ပင်သည့်စာဖြစ်သည်။ ခေတ်နောက်ပြန်ဆွဲသော စာရေးဆရာဖြစ်သည်။ တို့တစ်တွေကို သွေးစုပ်နေသော လူတွေရဲ့အကြိုက် ရေးသားထားသည့်စာမျိုးကည်း။ သည်လို 'အင်တီဂေါဏ' ဝါဒသဘောပေါက်ရောက်၍ 'ပရိမနုဿ' ဖြစ်နေသော စာရေးဆရာများသည် ခေတ်နောက်ပြန်ဆွဲသော စာရေးဆရာများတည်း။

သူသည် သည်လိုတွေးတောနေလေသည်။ နောက် အံကြိတ်နေမိသည်။

"ခေတ်ကြီးကို အတင်းပြောင်းရမည် ..." သူသည် ရုတ်တရက် အော်လိုက်လေသည်။

"ဟ မောင်ဂျိုထောင် ဘာဖြစ်နေတာလဲကွ"

အနီးတွင် မှိန်းနေသော စဥက ခေါင်းထောင်၍မေးလိုက်လေသည်။

"အင်း ... ခင်ဗျားတို့ဘာသိသလဲ၊ ခင်ဗျားတို့ရှေးနွားကြီးတွေဟာ သိပ်ခက်တာပဲ၊ ကိုယ့်ဘဝကိုယ် မသိကြဘူး၊ အိပ်နေကြတာပဲ"

သူသည် စိတ်အားထက်သန်စွာ ပြောလိုက်လေသည်။

"ဟေ ... အိပ်တာဟာ အဆန်းလားကွ၊ တို့ဟာ အိပ်ဖို့၊ စားဖို့နဲ့ နွားမနောက်လိုက်ဖို့ပဲရှိတာပေါ့၊ လောကနီတိဆရာကလည်း နွားဆိုတာ အိပ်ဖို့၊ စားဖို့နဲ့ နွားမနောက်လိုက်ဖို့ပဲ သိတယ်လို့ ဆိုထားတယ်မဟုတ်လားကွ၊ ဒါ အစဥ်အလာကြီးပဲဟာကွာ၊ မင်းကလည်း ဘာများအရှုးထနေပြန်တာလဲ"

"အင်း ... အဲဒီသုံးခုတည်း ကျုပ်တို့လုပ်နေရရင် ကောင်းတာပေါ့၊ ကျုပ်တို့ ဘာမှပြောစရာမရှိဘူး၊ အခုတော့ ခင်ဗျား စားချင်တိုင်းစားရသလား၊ ငယ်ငယ်တုန်းက နို့ကိုမှဝအောင် စို့ရသလား၊ အိပ်ချင်တိုင်းကော အိပ်ရသလား၊ အချိန်မတော်ကြီးလည်း လှည်းတိုက်လိုက်ချင်လိုက်ရတယ်မဟုတ်လား ... နွားမနောက်ကော လိုက်ချင်တိုင်းလိုက်ရသလား၊ ခင်ဗျားတို့ဇေးစေ့တွေကို ထုထားပြီ မဟုတ်လားဗျ"

"အင်း ..."

စဥသည် မြက်စင်မှမြက်တွေကို လှမ်းဆွဲယူ၍ ဝါးလိုက်ပြီးနောက် "ဒါလည်း အစဥ်အလာပဲကွ" တို့လက်ထက်မှ ဆန်းပြီးဖြစ်လာတာမှမဟုတ်ဘဲ"ဟု ပြောလိုက်လေသည်။

mgyoe.com

mgyoe.com


"အဲဒါခက်တာပဲ အဲဒီအစဉ်အလာဆိုတဲ့အစွဲအလမ်းကိုက ခက်နေတာ၊ ဒါတွေကို ကျုပ်တို့ တော်လှန်ပစ်ရမယ်၊ ကျုပ်တို့ဟာ အစဉ်အလာဆိုပြီး လုပ်သမျှငုံ့ခံနေလို့မဖြစ်တော့ဘူး၊ ရှင်းရှင်းပြောရရင် ကျုပ်တော့ သဘောကောင်းမနေနိုင်တော့ဘူး … သဘောကောင်းနေရင် အမြဲတမ်းခံဘက်ကချည့် နေရမှာပဲ၊ ဒီတော့ ကျုပ်တို့ဟာ ဆိုးရမယ်၊ ဆိုးတဲ့သူကို ဘာမှမလုပ်ရဲဘူး၊ ဥပမာဗျာ ခြေလေးချောင်းချင်းတူတူ ကျားကို ဘယ်သူစရဲသလဲ၊ ကျားကို ကျုပ်လုပ်သလို ဘယ်သူနဖားကြိုးထိုးရဲသလဲ၊ ဘယ်သူကလှည်းဆွဲခိုင်းရဲသလဲ၊ ဘယ်သူက ဇုံးစေ့ကို ထုရဲသလဲ၊ ဟင် … ဘယ်သူမှ ကျားကို မစရဲဘူး၊ ဒါဘာပြုလို့လဲ ခံမှမခံဘဲကိုး … ဒီတော့ ကျုပ်တို့လည်း နောက်ကို ကျားလိုကျင့်ရမယ်၊ အထိ မခံရဘူး၊ အိပ်ခြင်း၊ စားခြင်း၊ နွားမနောက်လိုက်ခြင်းကလွဲပြီး ဘာအလုပ်ကို မှ ကျုပ်တို့မလုပ်ဘူး၊ အဲဒီသုံးကိစ္စကလွဲပြီး ခိုင်းတဲ့မည်သည့်သတ္တဝါမဆို ကျုပ် တို့ ရက်ရက်စက်စက် တွန်းလှန်ရမယ်၊ ခပ်ကြမ်းကြမ်းကလေး လုပ်ပြရမယ်"

"ဟ … ဂျီထောင် ကျားနဲ့ တို့နဲ့ တူတာမဟုတ်ဘူးကွ၊ ကျားက အစက တည်းက လူသားစာလာတဲ့သတ္တဝါ၊ တို့က သူများအသက်ကိုမသတ်ရဘူး၊ သူများအသားကိုလည်း မစားရဘူး၊ ကောက်ရိုး၊ မြက်နဲ့ သစ်သီးသစ်ရွက်၊ နှမ်းဖတ် လောက်သာစားတာကွ၊ ရှင်းရှင်းပြောရရင် တို့ဟာ သက်သတ်လွတ်သမားတွေကွ … ဒီတော့ ဘယ်ကျားလို ကြမ်းတမ်းနိုင်ပါ့မလဲ"

အနီးတွင် နားထောင်နေသည့် ကြန်စုံက ဝင်ပြောပြန်လေသည်။

"ခင်ဗျားတို့ အဘိုးကြီးတွေဟာ အဲဒါကြောင့်ခက်တာပဲ၊ အခုခေတ်က အေးအေးနေလို့မရဘူး၊ နောက်ဆုံးကျတော့ ကျုပ်တို့ဟာ ကျားတို့ထုံးကို နှလုံးမူပြီး လူသားကိုတောင် စားကြရမယ်"

"မောင်ဂျီထောင် မင်းဘာတွေ ပြောနေတာလဲကွယ်"

"ကျုပ်ပြောနေတာ တကယ့်လက်တွေ့လုပ်ကြရမယ့် အချက်တွေပဲ၊ ကျုပ်တို့ ဒီကနေ့ကစပြီး ကြမ်းကြရမယ်၊ အသားစားရမယ် .. လူသားစားကြရမယ်"

"မင်း ရူးပြီ … ရူးပြီ … မောင်ဂျီထောင်တော့ ရူးပြီ"

"ကျုပ်မရူးဘူး၊ ကျုပ်မရူးဘူး … တကယ့်လုပ်ငန်းစဉ်ကို ကျုပ်ချပြနေတာ၊ ဘဝဟောင်းကို အတင်းတော်လှန်ပြီး ဘဝသစ်ကို အရောက်ချီတက်ရမယ်၊ ကျုပ်တို့ဟာ 'ဆုတ်နွား' ဘဝကနေပြီး 'တက်နွား'အဖြစ် ကူးပြောင်းရမယ် … ခေတ်နောက်ပြန်ဆွဲနေတာကို မလိုချင်ဘူး … နောက်ဆုတ်နေတာကို မကြည့်ချင်

mgyoe.com

mgyoe.com


ဘူး ... ရှေ့ကိုတိုးတက်နေတာကို တွေ့ချင်တယ် ... မြင်ချင်တယ်"

"မောင်ဂျိုထောင် မင်းတော့ ခက်ပြီ ... ခက်ပြီ"

"မခက်ဘူး ... မခက်ဘူး လွယ်လွယ်ကလေးရယ်၊ ကျုပ်တို့တစ်သဘော တည်း စည်းစည်းလုံးလုံးနဲ့ ဆောင်ရွက်ကြရင် လွယ်လွယ်ကလေးရယ် ... ကျုပ် တို့ဘဝလွတ်မြောက်ရေးကို အလွယ်ကလေးနဲ့ရနိုင်တယ် .. ကျုပ်တို့ဟာ ကျား တွေလိုကျင့်ပြီး ကျားတွေလို လွတ်လပ်အောင်လုပ်ရမယ် ... ကျုပ်တို့အချင်း ချင်းအသားကလွဲပြီး ဘယ်သူ့အသားဖြစ်ဖြစ် ကျုပ်တို့ စားကြမှဖြစ်မယ်၊ ခြေ လေးချောင်းချင်းတူပေမဲ့ ကျုပ်တို့ဂေါဏပါတီဝင်မဟုတ်ရင် အကုန်လုံးစားပစ်၊ သတ်ပစ်၊ မြင်းတို့၊ ကျွဲတို့၊ ဝက်တို့၊ သမင်၊ ဒရယ်၊ ချေငယ်၊ ဆိုင်၊ ဆတ် သူတို့ ကိုလည်း ချမ်းသာမပေးနဲ့ ... သတ်ပြီး သူတို့အသားကို ကျုပ်တို့စားနိုင်ရင် ဗိုက် ကားအောင်စားကြ၊ မစားနိုင်ရင် လင်းတတွေကိုကျွေးပစ်"

"ဂျိုထောင် မင်းဘာတွေပြောနေတာလဲ၊ မင်း သတိရရဲ့လား .. မူးရူးနေ ပြီထင်တယ်၊ မင်းပြောတဲ့စကားတွေဟာ နွားစကားမဟုတ်တော့ဘူး"

စဥက ကြောက်သံနှင့်ပြောလေသည်။ ကြန်စုံက ညည်းညည်းညူညူ ပြောလိုက်လေသည်။

"မဖြစ်ပါဘူး ခက်ကုန်တော့မယ်"

"ကျုပ်တို့တော့ သူနဲ့အတူမနေရဲဘူး"

"သူပြောတာတွေ နွားပြောရမယ့်စကားလားဗျာ"

"နွားလောကကြီးတစ်ခုလုံးပျက်စီးတော့မှာပဲ"

နွားတင်းကုပ်ထဲမှ သူ့အဖော်တို့က တစ်ကောင်တစ်မျိုး မှတ်ချက်ချကြ လေသည်။

"အင်း ပျက်စီးချင်လည်း ပျက်စီးပါစေ... အားလုံးကုန်ဖျက်ဆီးပြီးမှ အသစ်တည်ဆောက်နိုင်ရင် ပိုပြီးကောင်းပါတယ်"

ဂျိုထောင်က ဆက်၍ပြောနေပြန်လေသည်။ အနားမှနွားအပေါင်းတို့သည် ဘာမှမပြောကြတော့ဘဲ ငြိမ်နေကြလေတော့သည်။ သူတို့အားလုံး အထူးတုန်လှုပ် နေကြလေသည်။

(၇)

ထိုနေ့မှစ၍ ဂျိုထောင်သည် သူ၏ 'တက်နွားဝါဒ'ကို တဖြည်းဖြည်းဖြန့် လေသည်။ မြစ်သို့ရေသောက်ဆင်းရင်းလည်း တွေ့သမျှနွားတွေကို သည်တရား ဟောသည်။ စားကျက်တွင်လည်း အလွတ်မပေး။ လှည်းတိုက်ရင်းလည်း ကြိုးစား

mgyoe.com

mgyoe.com


၍ပြောသည်။ သည်လိုနှင့်စည်းရုံးလာရာ သူ့တက်နွားအဖွဲ့တွင် အတော်လေး အင်အားများလာလေသည်။ သူသည် သိမ်းသွင်းရေး၌ အထူးကျွမ်းကျင်သည် မဟုတ်ပါလော။

ဂျိုထောင် နွားစုသည် တစ်နေ့သ၌ ငှက်ပျောတုံးစားကျက်၌ တွေ့ဆုံ ဆွေးနွေးကြလေသည်။ အားလုံးပေါင်း အကောင်ငါးဆယ်ခန့်ရှိလေသည်။ နွား ညိုကြီးတစ်ကောင်ကိုလည်း သိမ်းသွင်းရန်ခေါ်ခဲ့ကြသည်။

"ကျုပ်တို့ မကြာခင် လုပ်ငန်းစကြရတော့မယ် ...။ ဒီတော့ အဖွဲ့ဝင်တိုင်း အဖွဲ့ဝင်တိုင်း ဖွဲ့သတ္တိရှိကြရမယ်၊ စည်းကမ်းသေဝပ်ကြရမယ်၊ ကျုပ်တို့တက် နွားတွေ တော်လှန်ရေးစလျှင် တစ်ဖက်က ဆုတ်နွားတွေကလည်း တန်ပြန်တော် လှန်ရေး လုပ်ချင်လုပ်လိမ့်မယ်၊ အဲဒီအခါမယ် ကျုပ်တို့ ဘယ်လိုလုပ်ကြရင်ကောင်း မလဲ"

ဂျိုထောင်သည် အများ၏ဆန္ဒကို တောင်းသည့်သဘောဖြင့် နွားပရိသတ် ကြီးကိုကြည့်၍ မေးလိုက်လေသည်။ မည်သူမျှမပြောကြ၊ ငြိမ်နေကြလေသည်။ အတန်ကြာမှ အလယ်မှ နွားညိုကြီးသည် တောင်ပို့ပေါ်တက်၍ ရပ်လိုက်လေ သည်။

"ကျုပ် တစ်ခုပြောပါရစေ"

နွားအားလုံးသည် သူ့ကို လှည့်ကြည့်ကြလေသည်။

"ပြောပါ ... ပြောပါ"

"လောကမယ် အရေးအကြီးဆုံးဟာ စည်းလုံးညီညာမှုပဲ၊ စည်းလုံးညီ ညာမှုမရှိရင် ဘာမှမလုပ်နိုင်ဘူး"

"ကျုပ်တို့အဖွဲ့ဟာ ညီညွတ်ခြင်းမရှိဘူးလို့ ဆိုချင်သလား"

နွားထီးကြီးတစ်ကောင်က အော်မေးလေသည်။

"ဒီလိုမဆိုလိုပါဘူး၊ ကျုပ်ဆန္ဒကတော့ နွားမှန်သမျှ အားလုံးညီညွတ် စေချင်တာပဲ"

"ဟာ ... မဖြစ်နိုင်တာဘဲ"

သည်အသံကြီးသည် နွားထုကြီးမှ ထွက်ပေါ်ကျလာလေသည်။

"မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး ... ကြိုးစားရင် ဖြစ်နိုင်ပါတယ်။ အခုဆို ရင် ကျုပ်တို့အမျိုးမျိုးကွဲကုန်ပြီ၊ တက်နွားအဖွဲ့ကတစ်ဖွဲ့၊ ဆုတ်နွားအဖွဲ့က တစ်ခု၊ ကြားနေတဲ့နွားတွေက တစ်သင်း၊ ဒီတော့ မကြာခင် ခက်ပါလိမ့်မယ်၊ ကျုပ်တို့မယ် ရန်သူတွေလည်း ဝိုင်းနေပါတယ်၊ ကိုဘိုးလူတို့လူစုကလည်း အခု အကြီးအကျယ်

mgyoe.com

mgyoe.com


ခြေထိုးပြီး ကျုပ်တို့ကိုနှိပ်စက်နေပြီ၊ အနောက်ဘက်တောတန်းက ကျားကြီးတွေက လည်း အလစ်ကို ဝင်ခဲဖို့အစွယ်သွေးနေကြပါတယ်၊ ဒီအထဲမယ် ကျုပ်တို့အားလုံး ကွဲပြဲနေကြရင် မခက်ပေဘူးလား၊ နောက်ဆုတ်ဆုတ် ရှေ့တက်တက် တညီ တညွတ်တည်း လုပ်ဖို့လိုပါတယ်"

"နောက်ဆုတ်ဖို့စကားမပြောပါနဲ့ စပိုင်လား"

ထောင့်တစ်ထောင့်မှ အသံတစ်သံ ထွက်ပေါ်လာလေသည်။

"မဟုတ်ပါဘူး ... ကျုပ်လည်း အဖွဲ့ဝင်တစ်ဦးပါပဲ၊ သို့ပေမဲ့ အခြေအနေ မှန်ကို တင်ပြဆွေးနွေးတာပါ၊ အားလုံးကုန် စဉ်းစားပြီး လမ်းစဉ်ပြောင်းတန်ရင် ပြောင်းဖို့ပါပဲ၊ ကျုပ် ဥပမာတစ်ခုမေးပါရစေ .. အနီးဆုံးဥပမာကလေးကတော့ ကျုပ်တို့လှည်းဆွဲသလိုပေါ့ဗျာ၊ အတိုင်က နွားရော၊ အလှည့်နွားရော ညီညီ ညာညာသွားနေရင် လိုတဲ့ခရီးကို မြန်မြန်ရောက်တာပဲ"

"ရှေ့တက်သွားမှရောက်တာ၊ နောက်ပြန်ဆုတ်နေရင် မရောက်ဘူး" အသံ တစ်သံ ထွက်ပေါ်လာပြန်လေသည်။

"ဒါကို ပြန်ရှင်းပြပါရစေ၊ ဥပမာ လှည်းတစ်စီးဟာ နွားနှစ်ကောင်ဆွဲပြီး ဟောဟိုခပ်လှမ်းလှမ်းကမြင်ရတဲ့ ကုက္ကိုပင်ကြီးဆီကိုသွားနေတယ်ဆိုပါတော့၊ နွားနှစ်ကောင်ဟာ ခြေလှမ်းညီညီနဲ့တက်သွားရင် မြန်မြန်ရောက်မယ်၊ ဒါကို မငြင်း ပါဘူး၊ အဲဒီကုက္ကိုပင်ဆီကိုပဲ လှည်းနောက်ပြန်ဆုတ်ပြီးတော့ မသွားနိုင်ဘူးလား ... သွားနိုင်ပါတယ်၊ ရောက်နိုင်ပါတယ်၊ သို့သော် နှေးမယ်၊ ရောက်တော့ ရောက် မှာပဲ ... တက်သွားသလောက်တော့ မမြန်ဘူး၊ သို့ပေမဲ့ နွားနှစ်ကောင်ဟာ တစ် ကောင်က ရှေ့တက်၊ တစ်ကောင်က နောက်ဆုတ်နဲ့ အချင်းချင်းရန်ဖြစ်နေရင်တော့ ဘယ်တော့မှလိုရာခရီးကို ရောက်တော့မှာမဟုတ်ဘူး၊ လမ်းတွင်ပဲ လှည်းထမ်းပိုး လည်း ကျိုးပါလိမ့်မယ်၊ လှည်းပေါ်ကလူကလည်း ရိုက်လိမ့်ဦးမယ် ... တောထဲက ကျားထွက် အကိုက်ခံချင်လည်း ခံရဦးမယ်၊ ဒီတော့ လိုတဲ့ခရီးတော့ မရောက်ဘူး၊ အားလုံး သေကုန်မှာပါပဲ"

"ဟော့ ... ဒီနွားဟာ ကျုပ်တို့ကို နောက်ဆုတ်ဖို့ ဆွယ်နေတာပဲ"

"မလိုချင်ဘူး ... မလိုချင်ဘူး"

"ဒီလိုဖောက်ပြန်ရေးသမားကို မလိုချင်ဘူး"

"သူဟာ သွေဖီရေးသမားပဲ"

တစ်ကောင်တစ်မျိုး ဆူညံနေလေရာ ဆွေးနွေးပွဲကြီးမှာ ထိန်းမရ သိမ်းမရ ဖြစ်နေလေတော့၏။

mgyoe.com

mgyoe.com

ထိုနောက် တစ်ဖက်သောတောတန်းဆီမှ ပွက်ပွက်ရိုက်ဆူညံသောအသံများကို ကြားရပြန်ရာ အားလုံးကုန်ငြိမ်ပြီး နားထောင်နေကြလေသည်။

"တက်နွား အလိုမရှိ"

"အစဉ်အလာကို မဖျက်နဲ့"

"ရိုးရာဖျက်တဲ့နွားတွေ ပျက်စီးပါစေ"

"ကျားကျင့်ကျင့်တဲ့နွားတွေ သေပါစေ"

တခဲနက်သော ကြွေးကြော်သံများသည် ဂျိုထောင်တို့ထံသို့ လေဟုန်စီး၍ ရောက်လာလေသည်။

"ဟော့ ဘာသံတွေလဲ ... ဆုတ်နွားတွေထင်တယ်၊ သူတို့ ဒီလာကြမှာပဲ တို့ကလည်း ပြန်အော်ကြရမယ်"

ဂျိုထောင်သည် ထိတ်ထိတ်ပြာပြာနှင့်ပြောပြီးလျှင် အားလုံးသောနွားပရိသတ်ကြီးအား သူတို့ကြွေးကြော်သံကို အသံကုန်အော်စေလေသည်။

"အစဉ်အလာသမားတွေ အလိုမရှိ"

"ကျားကျင့် ကျင့်မှ မြတ်တယ်"

"အသားမုန်းသမျှ စားကြ မျိုကြ"

နှစ်ဖက်စလုံး၏ကြွေးကြော်သံများသည် တစ်တောလုံးပွဲတင်ထပ်နေလေတော့သည်။

"ဟော့ ဟိုကောင်တွေကို ဆီးတိုက်မယ်"

ဂျိုထောင်က အမိန့်ပေးလေသည်။ "သူတို့သေမှအေးမယ်" အဖွဲ့ဝင်အပေါင်းတို့သည် ချိုသွေးရင်းစောင့်နေကြလေသည်။ အချို့လည်း တကယ်တွယ်ကြရတော့မည့်အချိန်သို့ရောက်သောအခါ ကြောက်ရွံ့ရွံ့ဖြစ်လာသဖြင့် ချုံကိုကွယ်၍ လစ်ကြကုန်၏။ အချို့လည်း နိုင်မည့်ထင်သည့်ဘက်သို့ ပြေး၍ကပ်ကြလေသည်။

မကြာမီ နှစ်ဖွဲ့ဆုံမိကြသည်။ တစ်ဖက်နှင့်တစ်ဖက် ဝှေ့ကြ၊ ဖက်သတ်ကြ၊ ကိုက်ကြ၊ ကန်ကြနှင့် ဝေါဏလောကကြီးတစ်ခုလုံး ရှုပ်ယှက်ခတ်နေလေတော့သည်။

"အဝှေ့ရပ်ပြီး ညီညွတ်ကြပါတော့" ခပ်စောစောက ညီညွတ်ရေးတရားဟောခဲ့သောနွားညိုသည် အမြင့်ဆုံးတောင်ကုန်းပေါ်သို့ တက်၍ အော်နေလေသည်။ မည်သူကမှ သူ့ကို ဂရုမစိုက်ကြ။ ဝှေ့မြဲဝှေ့၍ ကန်မြဲကန်နေကြလေသည်။ လဲသူလဲ၊ ကွဲသူကွဲ၊ သေသူသေ၊ ကြေသူကြေနှင့် သွေးရဲရဲ သံရဲရဲ ဖြစ်ကုန်ကြလေ၏။

mgyoe.com

mgyoe.com

"အို နွားအပေါင်းတို့ ရပ်ကြပါတော့၊ ညီညွတ်စမ်းပါ၊ ညီညွတ်ရေးဟာ ပထမ၊ ညီညွတ်ရေးဟာ ဒုတိယ၊ ညီညွတ်ရေးဟာ တတိယ၊ ညီညွတ်ရေးဟာ အရေးအကြီးဆုံး ညီညွတ်ရင် ဘာမဆိုလုပ်နိုင်ပါတယ်၊ တက်နေတဲ့ နွားတွေက နည်းနည်းဆုတ်ပေး၊ ဆုတ်နေတဲ့နွားတွေက နည်းနည်းတက်ပေး၊ ဒီလိုဆိုရင် ညီညွတ်ဖို့အလွယ်ကလေးပါ"

နွားညိုကြီးသည် အားကုန်ဟစ်၍အော်လေသည်။

"အမယ် အရေးထဲ ညီညွတ်ရေးတရားဟောနေပြန်ပါပြီ။ တယ်ရှုပ်တဲ့ နွားကြီး ဆော်ကွာ"

ပြောပြောဆိုဆို နွားပျိုတစ်ကောင်သည် နွားညိုကြီးဆီသို့ တစ်ရှိန်ထိုး ပြေးလာပြီးလျှင် ဝမ်းဗိုက်ကို ကလော်၍ဝှေ့လိုက်လေရာ တောင်ပို့ပေါ်မှ တလိမ့် ခေါက်ကွေး ကျသွားလေ၏။ နွားညိုကြီးသည် အတော်နာသွားလေသည်။

"ဆော်သာဆော်ပေးကွ ... တို့ဘက်က သေနတ်နဲ့ လူတွေ အကူရောက် လာပြီ" တစ်ဖက်ကအော်ဟစ်အားပေးသံကို ကြားရ၏။

"နွားထုကြီးတောင့်ထား၊ တို့ဘက်က ကျားတွေ အကူရောက်လာတော့ မယ်"

အခြားတစ်ဖက်က မြွာက်ပေးသံကိုလည်း ကြားရသည်။

"အင်း အချင်းချင်း ညီညွတ်ဖို့စိတ်မကူးဘဲ သူများကိုအားကိုးချင်တဲ့ ကောင်တွေ" နွားညိုကြီးသည် လဲနေရာမှထရင်း ညည်းညူလိုက်လေသည်။

"သူများကို အားမကိုးပါနဲ့ ... ကိုယ့်အချင်းချင်းညီညွတ်ကြပါ"

သူသည် ကြည့်မနေနိုင်တော့ဘဲ တောင်ပို့ပေါ်တက်၍ အော်ပြန်လေ သည်။

"တစ်ဖက်ဖက်က ပြုတ်မှ အေးမယ်ဆိုတာ မသိဘူးလား နွားကြီး" နွား ကြီးတစ်ကောင်သည် သူ့ကို လာ၍ဝှေ့သွားပြန်ရာ လဲကျသွားပြန်လေသည်။ လဲနေရာမှ ခေါင်းထောင်ကြည့်လိုက်သည်။

"အရှေ့ဘက်က ကျားနံ့ရတယ်" သူသည် မျက်လုံးပြူးသွားလေသည်။ သူသည် တောင်ပို့ပေါ်သို့ တက်လိုက်ပြန်သည်။ အနောက်ဘက်သို့ လှမ်းမျှော် လိုက်ရာ သေနတ်တွေထမ်းလာသော မုဆိုးတွေကို တွေ့ရလေသည်။ သူတို့ သည် ကျားကိုပစ်ရန်လာသလော၊ နွားတွေကိုပစ်ရန် လာသလော၊ သူတော့ ဉာဏ်မမီ၍ မစဉ်းစားတတ်ပါ။ စားကျက်ကြီးတစ်ခုလုံးတွင်လည်း ဝရုန်းသုံးကား ဖြစ်နေ တုန်းပင် ရှိသေးသည်။

သူသည် ကောင်းကင်သို့ မော့ကြည့်လိုက်ရာ လေဟုန်စီးကာ ဝဲနေကြ

mgyoe.com

mgyoe.com


သော လင်းတအမြောက်အမြားကို မြင်ရလေသည်။ သူသည် ကြက်သီးထမိလေသည်။

ကျားနံ့သည် တဖြည်းဖြည်း ပြင်းပြလာလေသည်။ မုဆိုးတို့လည်း နီးသည်ထက်နီးလာပါပြီ။

"ရန်သူတွေ နီးလာပြီ၊ ညီညွတ်ကြပါတော့" သူ့စကားကို မည်သူမျှ မကြား၊ ငှေ့မြဲငှေ့၍ ကန်မြဲကန်နေကြလေသည်။ စားကျက်ကြီးတစ်ခုလုံးတွင်လည်း အတုံးအရုံးလဲနေကြလေသည်။

"ညီညွတ်ကြပါ၊ အခုစည်းလုံးပြီး ခုခံရင်အချိန်ရှိပါသေးတယ်"

ပြောရင်းဆိုရင်း သူသည်လဲကျသွားစဉ် နက်ကြောသော ကြွေးကြော်သံကြီးကို ကြောက်ခမန်းလိလိ ကြားလိုက်ရလေသည်။

"အပြုတ်တိုက်မယ် ..."

မန်းတင်

အမှတ် ၂၈၊ ရွှေဝမဂ္ဂဇင်း၊

စက်တင်ဘာလ၊ ၁၉၄၉ ခုနှစ်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကြွယ်ဒါန

မောင်စည်သူ

(၁)

"မကြွယ်"

"လာပြီ"

ဒေါ်ကြွယ်သည် လာပြီဟု ရှေ့တော်ပြေးစကားနှစ်လုံးကို ထူးလိုက်ပြီးသည့်နောက် မျက်လုံးကို မနည်းအားယူ၍ဖွင့်လိုက်တာတောင်မှ မျက်ခွံနှစ်ဖက်သည် လေးလံပြီးပြန်မှိတ်သွားလေတော့သည်။

(၂)

ဂုံညင်းတန်းရွာကလေးသည် လရောင်အောက်တွင် မှေးမှေးကွေးကွေးကလေး အိပ်ပျော်လဲလျောင်းနေလေသည်။ ညဥ့်ဦးသည်လည်း အတော်ကလေးချဉ်းနင်း ဝင်ရောက်ခဲ့ပြီဖြစ်ရကား ရွာသူရွာသားတွေမှာအိပ်ရာသို့ ဝင်ခဲ့ကြပြန်တူလေသည်။ အဘယ်ကြောင့်ဆိုသော် တစ်ရွာလုံးမှာ အတော်တိတ်ဆိတ်လျက်ရှိနေပေသည်။ တကယ်ဆိုတော့လည်း ရှေးအခါတုန်းများကဆိုလျှင် ခုလိုနွေဦးညများတွင် ဂုံညင်းတန်းရွာကလေးသည် ကာလသားများတို့၏ ပုလွေသံ၊ မိန်းမငယ်များတို့၏ ထုတ်တိုးကြွေပစ်တမ်း စသည်တို့ဖြင့် ကစားသံများ ညံစာ၍နေတတ်ပေသည်။

ခုတစ်မူတော့လျှင် ညချိန်တိုင်များ၌ သေနတ်သံများကိုသာ နားတစွင့်စွင့်ရင်တမမဖြင့် နာခံနေရသည့်အခါသမယဖြစ်သည့်အတွက် နေဝင်သည်နှင့်တစ်ပြိုင်နက် မည်သူမျှမပျော်အား၊ အသံမထွက်အားတော့ဘဲ နေရရှာသည်။ လူကိုမဆိုထားပါနှင့်ဦး ခွေးများ၊ ကြောင်များ၊ ကြက်များ စသည့်တိရစ္ဆာန်တို့ပင်လျှင် အခါကာလကို ရိပ်စားမိသည့်အလား ညအခါများ၌ တုတ်တုတ်မျှ မလှုပ်ကြဘဲနေလေသည်။

mgyoe.com

mgyoe.com

အဲဒီလိုညတစ်ည။

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက် လာနေသောသမ္ဗာန်ကြီးတစ်စင်း၏ တက်သံကို ရွာသူရွာသားတို့သည် တုန်လှုပ်ထိတ်လန့်စွာ အိပ်ရာထဲမှ နားစွင့်နေကြလေသည်။ သူတို့သည် နီးရာမြို့များဖြစ်ကြသော ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး စသည့်မြို့များသို့ သွားရောက်မခိုလှုံကြခဲ့သည်မှာ မှားများမှားနေပြီလောဟု တွေးမိ၍ နောင်တဖြစ်နေကြရင်း ပါးစပ်များက ဘုရားကိုတနေကြလေသည်။ အမှန်မှာမူ ကျန်ရစ်ခဲ့သောသူအားလုံးတို့သည် တကယ့်ကျောမွဲများဖြစ်ကြသည်ကို တိုင်းပြည်က သိလောက်သင့်ပါသည်။ လူရေတတ်မှန်သမျှ ရွာမှာမရှိတော့ဘဲ ထိုမြို့များသို့ပြောင်းရွှေ့ကုန်ကြပြီမဟုတ်ပါလော... ဒါပေမဲ့။

'ဒိုင်း ... ဖြောင်း ... ရှိုး ... အုန်း'

ဤသို့ဖြင့် လက်နက်နိုင်ငံပြည့်ရှင်အစိုးရနှင့်တန်းတူ လက်နက်ကိုင်ဆောင်နိုင်သသူ လူတစ်စုတို့၏ ခဲယမ်းမီးကျောက်သံတို့သည် သမ္ဗာန်တက်သံပျောက်လာသည့်အခါတွင် တစ်ခဲနက် ပေါ်ထွက်လာပေတော့သည်။

"ရောင်နီကွ၊ ငြိမ်ကြနော် .... ရဲခေါင်တွေဟေ့ မင်းတို့အမေတွေ မုဆိုးမဖြစ်ကုန်မယ်"

ဘယ်လိုရန်ငြိုးကြောင့်ပေလောမသိ၊ ဂုံညင်းတန်းရွာသူရွာသားတို့မှာ လက်နက်ရှင်များရဲ့ရွှေမျက်နှာတော်များကို မဖူးရခင်ကပင် ကလော်၍အဆဲခံရရှာသည်။ သူတို့သည် အဘယ်ပုံခြေဆုပ်လက်ယှက်ပြုလုပ်ရမည်ကို မစဉ်းစားတတ်အောင် ထိတ်ထိတ်ပြာပြာ ဖြစ်နေစဉ်မှာပင် ...

"ဟေ့ ... အိမ်တွေ အကုန်ဖွင့်ကြလေ၊ ရှိတာတွေ အကုန်ထုတ်ထားကြနော်၊ အဝတ်တစ်ထည် ကိုယ်တစ်ခုကလွဲပြီး မချန်ရဘူး၊ ရှာကြည့်လို့ ဖွက်ထားတာတွေ့ရင် ဒါပဲ အသက်နဲ့ကိုယ် အိုးစားကွဲကုန်မယ်မှတ်"

ရွာသူရွာသားတို့သည် ထိုကဲ့သို့ လုပ်ငန်းစဉ်ညွှန်ကြားချက်ကို အတိအကျရတော့မှ အသက်ရှူနိုင်လာကြပြီး အိပ်နေကြရာမှထပြီး ကောင်းနိုးရာရာကလေးတွေကို ဆက်သဖို့ ရှာဖွေစုဆောင်းကြရလေတော့သည်။

"ခွေးမသား ဒါပဲရှိသလား"

"ဒါပါပဲခင်ဗျား ... ကျွန်တော့်မှာ ဒီချည်ကြမ်းလုံချည်တစ်ထည်၊ ရှပ်အင်္ကျီတစ်ထည်၊ မျက်နှာသုတ်ပဝါတစ်ထည်ကလွဲလို့ ဘာမှ မရှိပါဘူးခင်ဗျာ"

"ဒီလောက်မွဲဦးကွ"

"အမယ်လေး ... ဒါတော့မတတ်နိုင်"

mgyoe.com

mgyoe.com


"ခွပ် ... ခွပ် ... ဟင် တယ်မာတဲ့ခေါင်းပါလား၊ ငါ့ သေနတ်ဒင်တောင် ပဲ့သွားပြီ"

ထိုသို့သောအသံများသည် တဲများအတွင်းမှ ထွက်ပေါ်လာတတ်ပေသည်။

ရွာဦးရှိ တဲငယ်ကလေးအတွင်း၌မှာလည်း အသက်လေးဆယ်ကျော် အရွယ်ရှိ အမယ်ကြီးတစ်ဦးနှင့် ရောင်နီရဲခေါင်ဆိုသူ လက်နက်ကိုင်သုံးဦးတို့ စကားလက်ဆုံကျကာ အချီအချပြောဆိုနေကြလေသည်။ ကျပုံကား ...

"အမယ်ကြီး ရှိတာထုတ်လေ"

"မရှိပါဘူး သားရယ်"

"မညာပါနဲ့နော် ... အဝတ်အစားတောင် မရှိဘူးလား"

"မရှိပါဘူး .. ဟောဒီဝတ်ထားတာကလေး ရှိတာပါပဲ"

"ဒါဖြင့် ဘာနဲ့စားနေသလဲ"

"ဒီလိုပဲ ရွာထဲလည်ပြီး အနိုပ်ကလေးတတ်တော့ နှိပ်နယ်နင်းပြုပေးရင်း ဝမ်းဝအောင် ကျွေးဖန်စားရတာပဲ၊ တစ်ခါတလေ ဘုန်းကြီးကျောင်းမှာလည်း စားတာပဲ"

"အို ... ဒီလောက်ပဲ ဆင်းရဲရသလား"

"ဒီလောက်ပါပဲကွယ်"

"ဒါဖြင့် လောကကြီးမှာ ပိုနေတာပေါ့၊ ခင်ဗျားလိုချည်းသာဆိုရင် ကျုပ်တို့လိုအသက်စွန့်ပြီး သောင်းကျန်းရတဲ့လူတွေ ငတ်သေရောပေါ့၊ ဒီတော့ ခင်ဗျားလည်း ဝဋ်ကျွတ်သွားအောင်"

"မလုပ်ပါနဲ့မောင်ရယ် ... ကျုပ်ဝဋ်နဲ့ ကျုပ်ရှိပါစေ သေတော့ မသေပါရစေနဲ့"

"အိုဗျာ ... အမယ်ကြီးက တယ်လျှာရှည်တာပဲ၊ ဒီကျောမွဲဘဝက လွတ်အောင်လို့ ကယ်တင်မလို့ဆိုနေတာပဲ ဒီလောက်ပဲ ဒီဘဝကို တွယ်ကပ်နေချင် တုန်းပဲလား"

"ချမ်းသာပေးပါကွယ် ... မကယ်တင်ချင်ကြပါနဲ့"

"အို ... ကယ်တင်ရမှာပဲ၊ ခင်ဗျားကြီးကို ဆင်းရဲတွင်းက လွတ်အောင် လုပ်မလို့ဗျ ... ကဲ အာရုံပြု"

"ဂျောက် ဂျောက်"

သေနတ်မောင်းတင်သံဖြစ်ပါသည်။

နောက် သေနတ်ပြောင်းဝနှင့် အမယ်ကြီးနံရိုးသို့ ထောက်၍ ...

mgyoe.com

mgyoe.com


(၃)

ဒေါ်ကြွယ်သည် အိပ်ရာမှလန့်နိုးကာကြည့်လိုက်သည်တွင် သူမ နံဘေးကို ထောက်လျက်ရှိသော ငွေနားကွပ်တောင်ဝှေးကြီးကို မြင်လိုက်ရသည့်အတွက် ခုန်ထလိုက်လေတော့သည်။ တောင်ဝှေးရှင်မှာ ပက်လက်ကလေး အိပ်ရာပေါ်တွင် လဲနေသော လူမမာထောင်ကဲမကြီးတစ်ဦးဖြစ်လေသည်။ သူမဘေးတွင် လူနာစောင့်အဖြစ် ဒေါ်ကြွယ်က အိပ်ရလေသည်။ ဒါပေမဲ့ သူသည် အိပ်ရသည်ဟူ၍တော့ ဘယ်အခါမျှမရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိုထောင်ကဲမကြီးမှာ မအိပ်နိုင်သော ရောဂါစွဲကပ်နေသူ ဖြစ်သောကြောင့် ဖြစ်လေသည်။

ဒီတော့ သူမ အိပ်မည်လုပ်တိုင်း ထောင်ကဲမကြီးက တစ်ခုခုခိုင်းတတ်လေသည်။ တစ်ခါတစ်ခါ မေးခနဲ ဖြစ်သွားသဖြင့် ခေါ်မရသည့်အခါ သူမသည် ထိုငွေနားကွပ်တောင်ဝှေးကြီးဖြင့် ထိုကဲ့သို့ ထိုးပြီးနှိုးလေသည်။ ထို့ကြောင့် သူမသည် တောင်ဝှေးကို အမြဲဆောင်ထားခြင်းဖြစ်ပေသည်။

"အိပ်လိုက်တာ ငါဖို့ ဆေးတိုက်ချိန်မရောက်သေးဘူးလား"

"ဟင်...ဟုတ်လား...ဘယ်နှနာရီရှိ..."

ဒေါ်ကြွသည် အိပ်မှုံစုံမွှားဖြင့် မျက်လုံးများကို ပွတ်ရင်းပြောလေရာ...။

"အို...ဘာ ဘယ်နှနာရီလုပ်နေသလဲ... လေလာကိုသွားပြောချည်လေ..."

လေလာဆိုသည်မှာ တရုတ်နာမည်မဟုတ်ပါ။ ရန်ကုန်တရုတ်မတွေပီပီ အမေရိကန်ဆန်နေသော သူမ၏မြေးကလေးရဲ့ ခရစ်စတီယန်နာမည်ဖြစ်ပါသည်။

ဒေါ်ကြွယ်သည် အောက်ထပ်သို့ ခပ်သုတ်သုတ်ကလေးဆင်းပြီး လေလာဆိုသူကလေးထံသို့ သွားရတော့သည်။

ထောင်ကဲမကြီး၏နာမည်မှာ တန်ကျူကျင်ဖြစ်ပြီးလျှင် မြန်မာပြည်ပေါက်ထောင်ကဲမစစ်စစ်ကြီးဖြစ်လေသည်။ သူမတွင် လေနာ၊ ဗိုက်နာ၊ အားနည်းသည့်ရောဂါ၊ နှောက် အာလဆာ စသည့်ရောဂါတို့ဖြစ်ဖူးခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ထက် နည်းမည်မဟုတ်တော့ပေ။ ဒါပေမဲ့ ထိုရောဂါတို့သည် သူမအား တစ်ခါမှ ဇိဝိန်ချုပ်သည်အထိ မလွှမ်းမိုးခဲ့ဖူးပေ။ အဘယ်ကြောင့်ဆိုသော် သူမထောင်ကဲကြီးက အင်္ဂလိပ်၊ မြန်မာ၊ ဂန္ဓာလရာဇ်ဆေးစွမ်းကောင်းအမျိုးမျိုး၊ ဆရာဝန် အမျိုးမျိုးဖြင့် ငွေကို လက်ဖက်ရည်ကြမ်းလိုသုံးပြီး ကုနိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း သူမမှာ ထိုကဲ့သို့ဆေးစွမ်းကောင်း ဒင်ဆိုသည့်သမားတော်တို့၏ အကြံကောင်းတို့ကို ရယူမှီဝဲသည့်တိုင်အောင် ချမ်းသာခြင်းဆုလာဘ်ဖြင့် ပြည့်စုံသည့် ဇာတာသာပါ၍ ကျန်းမာခြင်းနှင့်ပြည့်စုံသည့်ဇာတာ မပါလေရော့ သလား။

mgyoe.com

mgyoe.com

မသိ၊ ပျောက်သည်ဟူ၍တော့ မရှိခဲ့ဖူးပေ။

ထို့ကြောင့် တန်ကျူ့ကျင်အဖို့မှာ ဆယ်ယောက်သောသားသမီးတို့ကို ဂန္ဓာလရာဇ်အနှယ်ပီသစွာ ထောင်ကဲကြီးအကြိုက် မွေးထုတ်ပေးပြီးသည့် နောက် အာရောဂျံသည် မပရမံတော့၍ လာဘံမဖြစ်တော့ဘဲ နေလေရှာခဲ့ပါသည်။

ဒါပေမဲ့ သူမသည် အိပ်ရာထဲက မထနိုင်သည်မှန်စေကာမူ လောကအရ သာတည်းဟူသော စားကောင်းသောက်ကောင်းတို့ကို အစဉ်မပြတ်ရင်း ခြေမွေး မီးမလောင်၊ လက်မွေးမီးမလောင်၊ ဘာမဆိုလိုသည့်အခါတွင်လည်း သူမရဲ့ လက်သုံးတော် ငွေနားကွပ်တောင်ဝှေးကြီးဖြင့် အခိုင်အစေများရဲ့ခါးကို ထိုးပြီး ခိုင်းကာ ခိုင်းကာနှင့် စတိုင်ကျကျက နေနိုင်ခဲ့ပေသည်။

သူမအဖို့ ဒါပဲလိုသည်။ သူမအနားတွင် ရှိဖို့ အခိုင်းအစေတစ်ယောက်၊ ထိုအခိုင်းအစေတစ်ယောက်ရှိပါလျှင် သူမသည် အိပ်ရာထဲလဲနေသော်လည်း ဘာ မဆို အဆင်သင့်ဖြစ်နိုင်လေသည်။ လောကကြီးသည် သူမအဖို့ သာယာနိုင်သေး လေသည်။

"ဒေါ်ကြွယ် ... ရန်ကုန်ဆိုတာ အင်မတန်မလွယ်တာနော်၊ စားရေး ဘယ် လောက်ခက်တယ်မှတ်လို့လဲ"

ဤသို့ ကျိုက်လတ်နှင့် ရန်ကုန် သင်္ဘောပေါ်တွင် ဒေါ်ကြွယ်အား အသိ မိန်းမကြီးတစ်ဦးက ကြည့်၍ ရန်ကုန်အကြောင်း အရိပ်အမြွက်ပြလေသည်။ ပညာနတ္ထိ၊ ဗဟုသုတ အလျဉ်းမရှိသောဒေါ်ကြွယ်သည် တစ်သက်နဲ့တစ်ကိုယ် အရိပ်အမြွက် စကားတစ်ခွန်းကိုကြားရုံနှင့် ချက်ခနဲမီးတောက်ဖူးပါသည်ဟု ဆိုပါလျှင် ထိုတစ်ကြိမ်ကလွဲ၍ ဘယ်အကြိမ်မှ မဖြစ်နိုင်တော့ပါ။

"ဟုတ်ပါတယ်ရှင် ... ဟုတ်ပါတယ်၊ လူကြားရင် ရယ်စရာကြီးပေါ့၊ ဒီလိုခေတ်ပျက်ကြီးမှာ သူဌေးတွေသာ တောမနေရဲလို့ မြို့ပြောင်းကြတယ်ရှိ ရမှာ၊ ကျွန်မတို့လို ငမွဲက လိုက်ပြောင်းတယ်ဆိုတော့ လူရယ်စရာကြီးပေါ့။ ဒါပေတဲ့လည်း ရှင် ကျွန်မက တောမှာတစ်ခါ၊ ကျိုက်လတ်ဝင်စီးတုန်းကတစ်ခါ ကြုံရတော့ တကယ့်ကို အသက်ဘယ်မှာထားရမှန်းမသိဘူး၊ ဒါကြောင့်မို့ ရန်ကုန်ရောက်ပြီး ရော တောင်းစားရ၊ တောင်းစားရဆိုပြီး လာခဲ့တာပါပဲရှင်"

သူမသည် မအပ်စပ်တာလုပ်လာမိသဖြင့် ထိုသို့လိပ်ပြာငယ်တိုင်း ရှင်း လင်းပြောပြလိုက်ရလေသည်။ ဒီတော့မှ သူမအားမျက်စိစူးသည့် အခြားဝါလား တို့မှာ ကျေနပ်သွားကာ ပြုံးကြ၊ စုတ်သတ်ကြလေသည်။ ဉစ္စာပေါ်သူတို့သဘော မှာ ခြေရာတိုင်းလျှင်သာ မျက်တတ်၍ အောက်ကြို့လာလျှင် အပျင်းပြေဝါသနာ

mgyoe.com

mgyoe.com

အလျောက် သနားတတ်လေရကား ...

"အို ... ဒါဖြင့် ရန်ကုန်မှာနေဖို့ အိမ်မရှိဘူးပေါ့နော်"

မိန်းမတစ်ဦးက ဤသို့မေးလေရာ

"ဘယ်ရှိပါ့မလဲရှင် ... ရွှေတိဂုံဘုရားရောက်အောင်တော့ ကြံဖန်သွားရမှာပဲ"

အချို့ ကျွတ် ကျွတ်ဟု စုတ်သတ်ကြလေသည်။ အချို့က သြော် သြော် ဟူသော ကရုဏာအာမေဋိတ်အသံများ ထုတ်ဖော်ကြလေသည်။

"အဒေါ်ကြီး လူနာတွေ ဘာတွေ စိတ်ရှည်လက်ရှည် ပြုစုတတ်ရဲ့လား"

နားထောင်နေသည့်အထဲမှ မိန်းမခပ်ရွယ်ရွယ်တစ်ဦးက မေးလေသည်။ သူမသည် အသားခပ်ဖြူဖြူ တရုတ်ကပြားဟု ထင်ရပေသည်။

"အို စိတ်ရှည်ပါတယ်တူမရယ်၊ ဒေါ်ဒေါ် အသက်ကြီးပေမဲ့ အဝတ်လည်းဖွပ်နိုင်ပါတယ်၊ အပြုအစုတော့ တောအသုံးအနှုန်းအတိုင်း အသင့်အတင့် ပြုစုတတ်ပါတယ်။ နို့ပြီး အနှိပ်လည်းတတ်ပါတယ်။ နင်းတဲ့နှိပ်တဲ့နေရာမှာ ဘယ်လောက်စိတ်ရှည်တယ်ဆိုတာ ဟိုပွဲကတော်ကြီးတို့အသိပဲ မေးကြည့်ပါ"

ဒေါ်ကြွယ်သည် သူမအား ပထမဦးဆုံးက စကားစပ်ပြောသူ မိန်းမကြီး တစ်ဦးဘက်သို့ညွှန်ပြရင်း ပြောလေသည်။ ထိုပွဲကတော်ဆိုသူကလည်း သူမ အား သိလေသည်။ သူမအနင်းအနှိပ်ကို ခဏခဏ ခံရဖူးလေသည်။ ထို့ကြောင့် ထိုပွဲကတော်ကြီးကပင်

"ဟုတ်ပါတယ် မကျင်မှီရယ်၊ ကျွန်မ ဒေါ်ကြွယ့်အနှိပ်ခံရဖူးပါတယ်၊ အားကြီးလည်း စိတ်ရှည်ပါတယ် .. နေရာရှိရင်လည်း ပြောပေးလိုက်ပါ။ သူ့ခမြာ အခုနေ စားဖို့ရော နေဖို့ရော အကျပ်ကျနေတာ ကုသိုလ်ရပါတယ်"

သူမက ဤသို့ ဒေါ်ကြွယ်အား ထောက်ခံစကားပြောကြားလေရာ မကျင် မှီဆိုသူက

"အို ဒါဖြင့် အတော်ပဲ၊ ကျွန်မအသိထောင်ကဲကြီးအိမ်မှာ ရှင့်ကိုထား ပေးမယ်လေ ... ကျွန်မဆီကိုလှမ်းမှာနေတာ အတော်ကလေးကြာသွားပြီ၊ သူ့မိန်းမ လူမမာသည်ကို စောင့်ရှုံပဲတဲ့၊ လခခြောက်ဆယ်တောင်ပေးမယ်ပြောတယ် ... တွေ့ရင် တစ်ခါတည်းတောင်ရရင်ခေါ်ခဲ့ပါတဲ့"

သူမက ဤသို့အားရှိစကားပြောလိုက်လေရာ ဒေါ်ကြွယ်မှာ သူမနားကို မယုံနိုင်အောင်ဖြစ်သွားလေသည်။ နောက် ...

"ခြောက်ဆယ် ... ခြောက်ဆယ်"

သူမ ပါးစပ်က လွှတ်ခနဲထွက်သွားမိလေသည်။

mgyoe.com

mgyoe.com


"ဟုတ်ပါတယ်၊ သူတို့က ပိုက်ဆံတွေသိပ်ပေါတာ အဒေါ်ကြီးရဲ့၊ ပေးနိုင်တာပေါ့ ... ဘယ့်နဲ့လဲ နေနိုင်ပါ့မလား"

"ဘယ်နဲ့မေးလိုက်တာလဲတူမကြီးရယ်၊ နေနိုင်တာပေါ့ ပို့သာပေးပါ"

"ကဲ ... ဒါဖြင့် စိတ်ချအဒေါ်၊ သင်္ဘောဆိပ်ကဆင်းရင် တစ်ခါတည်းသာ ကျွန်မနဲ့လိုက်ခဲ့ပေတော့"

ဤတွင် ရန်ကုန်၌ အလွန်အရေးကြီးသော လူပိုအစေအပါးထားရေး ပြဿနာတစ်ခု ပြီးစီးသွားလေရာ ဆားမှုကြားရသူ မိန်းမပရိသတ်သုံးလေးဦး တို့၏ ကောင်းချီးပေးခြင်းကို မကျင်မိုသည် ခံယူရရှိလိုက်ပေသေးသည်။

ထိုသို့ဖြင့် ဒေါ်ကြွယ်သည် ထောင်ကဲကြီးကတော် တန်ကျူကျင်၏ လူနာစောင့်အလုပ်ကို မကျင်မိုရဲ့ကျေးဇူးဖြင့် ရရှိလေတော့သတည်း။

သူမသည် လခခြောက်ဆယ်နှင့် အလုပ်ဝင်နေ၍ လေးငါးဆယ်ရက် ရသည်အထိ သူမကိုယ် မျက်စိ နားရွက် လက်တို့ကို တစ်နေ့တစ်နေ့လျှင် အခါပေါင်းများစွာ စမ်းသပ်ကြည့်ရင်း အိပ်မက်လား၊ တကယ်လားဟု အမြဲ ခွဲခြားကြည့်နေမိလေတော့သည်။ ဒါပေမဲ့ သူမသည် ဂုံညင်းတန်းရွာရှိ တဲကလေးမှာတုန်းကလို နေဝင်လျှင် အိပ်ပြီး မိုးလင်းမှတစ်ရေးနိုးကာ စိတ်ချလက်ချ အိပ်နိုင်ခွင့်ရခဲ့သည့် အရသာကလေးကိုတော့မူ သတိမထားမိအောင် မှိုင်းမိနေလေတော့သည်။ ခမ်းနားသောတိုက်ကြီး၊ လျှပ်စစ်ဓာတ်မီး၊ ပန်ကာ စသည်တို့က သူမအား ဘိန်းငွေ့သွင်းနေလေသောကြောင့် ဖြစ်ပေသည်။ ဒါတွင်မက သူမ မေ့ခနဲ ပျော်သလို ရှိသွားတိုင်း

"မကြွယ် ... မကြွယ်"

"ရှင် ... ဘာယူမလဲ"

"ငါ့ ... ထူစမ်း"

ထိုတာဝန်သည်လည်းကောင်း၊

တစ်ခါ တစ်ခါ ဒေါ်ကြွယ်သည် သုံးနာရီလောက် နှိပ်နယ်ပေးပြီးလတ်၍ တန်ကျူကျင်မှာ စည်းစိမ်ခံရင်း အိပ်ပျော်သွားသလိုရှိသည်တွင် ဖြည်းညင်းစွာ ခုတင်ပေါ်မှဆင်းကာ သူမ၏အိပ်ရာပေါ်သို့ လှဲချလိုက်သည့်ခဏမှာပင်

"မကြွယ် ..."

"ရှင် .. ဘာလိုလို့လဲ"

"အိုက်လွန်းလို့ ပန်ကာကိုဖွင့်ခိုင်းစမ်း"

ဤသို့သောဝတ္တရားတွေကိုလည်းကောင်း၊ ဒေါ်ကြွယ်သည် တောတွင်

mgyoe.com

mgyoe.com


ကောက်စိုက်၊ ပျိုးနှုတ်၊ စပါးရိတ် စသည့်အလုပ်တွေနှင့်စာလျှင် အပျော့လို့ အောက်မေ့နေလေသည်။

သို့ငြားလည်း ရက်များမှ သီတင်း၊ သီတင်းမှ လသို့ အချိန်များစားကာစားကာ လာခဲ့သောအခါ အိပ်ပျက်ခြင်းဒဏ်ကို မခံနိုင်တော့ရကား တစ်ခါ တစ်ခါ တန်ကျူကျောင် သံကုန်အော်သည်ကိုပင် မနိုးလေတော့သည့်အတွက် တစ်နေ့ တန်ကျူကျောင်က

"လေလာရေ ..."

သူမရဲ့ဗိုလ်ဆန်သောမြေးကလေးကိုခေါ်ပြီး

"မကြွယ် ညက ငါခေါ်တာမနိုးဘူးကွယ်၊ ဒီလိုဆိုရင် မခက်ပါလား၊ ဒီတော့ ငါ့တောင်ဝှေး ငါ့အနားမှာ ထားစမ်းကွယ်"

"ကောင်းပြီ ... ဂရင်း"

ဤသို့ဖြင့် တန်ကျူကျောင်သည် ငွေနားကွပ်တောင်ဝှေးကြီးကို လက်ဝယ်ထားရှိပြီးသည့်အခြားမဲ့၌ ညည သူမ အိပ်မပျော်သည့်အခါတိုင်း ဒေါ်ကြွယ်၏ခါးကို ထိုး၍ထိုး၍ နှိုးလေရာ ဒေါ်ကြွယ်သည် သူမကို ညလုံးပေါက် ညလုံးပေါက် အိပ်ဖန်စောင့်ရလေတော့သတည်း။

(၄)

အသက်လေးဆယ်ကျော်ဆိုပေတဲ့ အတော်ကျန်းမာသန်စွမ်းလျက်ရှိသေးသော ဒေါ်ကြွယ်သည် အိပ်ပျက်သည့်နေ့ရက်ပေါင်း အတော်များလာလေသည်တွင် အနည်းငယ် ကျန်းမာရေးယိုင်စပြုလာလေတော့သည်။ ဒါပေမဲ့ လစေ့၍ သူမလက်ထဲသို့ ငွေအသပြာခြောက်ဆယ် ထည့်လိုက်လေသောအခါ သူမသည် အားသစ်လောင်းလိုက်သလို ထင်မှတ်လိုက်မိပြန်လေသည်။

သို့သော်လည်း နောက် ရက်အနည်းငယ်ရင့်ညောင်းလာသောအခါ သူမသည် ငွေနားကွပ်တောင်ဝှေးကြီးကို ထိတ်လန့်စပြုလာလေတော့သည်။ အိပ်သည့်အခါများတွင် ပျော်ပျော်၊ မပျော်ပျော် ချောက်အိပ်မက်များဖြင့် ထထ လန့်တတ်လေသည်။

ထို့ကြောင့် အိပ်ပျက်တတ်လွန်းသောသူသည် စိတ်တိုတတ်သည့် သဘောတရားကို မလွန်ဆန်နိုင်သည့်အတိုင်း တစ်ခါတစ်ခါ သူမ၏နှင်းပြားဘဝကို စင်လျက် စိတ်တိုသွားမိလေသည်။

တစ်ညတွင် မှေးခနဲ ပျော်သလိုလိုရှိသွားခိုက် ငွေနားကွပ်တောင်ဝှေးကြီး

mgyoe.com

mgyoe.com

သည် သူမ၏ခါးကို လာ၍တို့လေသောကြောင့် ရုတ်တရက်ဒေါသထွက်ပြီး

"ဟင် ... ဘာလုပ်မလို့လဲ"

သူမသည် အိပ်ရာမှမထဘဲ ခပ်ဆောင့်ဆောင့်ကလေးပြောလေရာ

"မင်း ဒီလောက်ပဲ ဟောက်နေရသလား၊ ငါ မအိပ်နိုင်ရတဲ့အထဲမှာ"

ပေါက်ဖော်မကြီးကလည်း မာန်မဲသည့်လေသံဖြင့် ပြောလေသည်။

"ဒီလောက်ကလေးမှ မအိပ်ရရင် သေရောပေါ့"

ဒေါ်ကြွယ်သည် အာဂဒေါ်ကြွယ်ဖြစ်လာလေပြီ။ သူမသည် အဆုံးစွန်သောဆင်းရဲပင်ပန်းခြင်း၏ရုန်းကန်မှုကြောင့် ရဲတင်းလာပြီးလျှင် အကြောင်းအကျိုးသုံးသပ်တတ်လာကာ ဆင်ခြေစကားပြောတတ်လာလေသည်။ ထိုစကားမျိုးသည် သူမလိုပါးစပ်မှ ထွက်ရမည့်စကားမျိုးလော၊ အပ်စပ်လေသလော။

တန်ကျူကျင်သည် သူမကဲ့သို့သော စည်းစိမ်ရှင်တစ်ဦးအား ဆင်ခြေပေးရမည်လောဟု ဒေါသအမျက်ထောင်းထောင်းထွက်လာလေပြီးလျှင် အိပ်မပျော်သည့်ဝေဒနာ၊ နှလုံးရောဂါတို့ စွဲကပ်နေသူတို့တွင်ဖြစ်တတ်သည့် လက္ခဏာအတိုင်း အာရုံကြောများ တုန်ခတ်သွားကာ တအီအီနှင့် သံကုန်ဟစ်လိုက်ပြီး တကျီကျီငိုချလိုက်လေတော့သည်။

ဒေါ်ကြွယ်သည် ဒီတော့မှ ကြောင်ပြီး ထ၍ရပ်ကြည့်နေမိလေတော့သည်။

မကြာမီ အောက်ထပ်မှလည်းကောင်း၊ အပေါ်ထပ်အခန်းများမှလည်းကောင်း အိမ်သားများပြေးထွက်လာကြကာ ဝိုင်းဝန်း၍ မေးကြ မြန်းကြလေတော့သည်။

"လု ဘာဖြစ်တာလဲ ဟင်"

ထောင်ကဲကြီးက စိုးရိမ်စွာမေးလေသည်။ သူ့ရဲ့မယားအငယ်ကလေးကလည်း ဘေးမှကြင်နာသောမျက်လုံးကလေးများဖြင့် ရပ်ကြည့်နေလေသည်။ တန်ကျူကျင်ကမူ သူ့အားတစ်လှည့်၊ မယားငယ်ကလေးအားတစ်လှည့်ကြည့်ပြီး ရွံရှာသကဲ့သို့ တစ်ဖက်သို့ပြန်လှည့်သွားတော့သည်။ ဒီတော့မှ အငယ်ကလေးသည် သူမကိုယ်ကို သူမ ပြန်ငုံ့ကြည့်မိလေရာ ညဝတ်အင်္ကျီ နိုင်လွန်လက်ပြတ်ကလေးမှ ကြယ်သီးများပြုတ်နေသည်ကို သတိထားမိပြီး ခပ်မြန်မြန် ပြန်တပ်နေလေတော့သည်။

"လုတို့ သွားအိပ်ချည်ပါ၊ ဝ ဘာသာ သေနေ သေနေ"

သူမအသံမှာ တုန်ရီနေပေသည်။ ထိုအခြင်းအရာကိုရိပ်မိသော မြေးကလေးလေလာသည် သူမဘွားအေနားသို့ကပ်လာ၍ ...

mgyoe.com

mgyoe.com

"အမ်းမ ဘာဖြစ်သွားလဲဟင် ... ယောင်ပြီး လန့်အော်တာလား"

သူမသည် နှစ်သိမ့်သည့်လေသံကလေးဖြင့် မေးလေသည်။

ဒေါ်ကြွယ်မှာ ဘာမှ စိုးရိမ်ထိတ်လန့်စွာ စောင့်နေမိလေသည်။ သူမ အပြစ်များဖြစ်နေမလား၊ သူမကို အိမ်မှနှင်ချမည်လား၊ နှင်ချလျှင်လည်း သူမ သိပ်မကြောက်တော့၊ အလွန်ဆုံး ဘုရားပေါ်သွားအိပ်ရ အိပ်ရ ဒီထက်တော့ မဆိုးနိုင်တော့၊ နို့ပြီး သူမမှာ အခု ငွေစရှိပြီမဟုတ်ပေလော။

သူမ်သည် သူတို့၏အိမ်သားအချင်းချင်း တရုတ်လိုပြောနေသည့် စကားများကို နားစွင့်ရင်း ရင်တမမနှင့်ဖြစ်နေလေသည်။ သူမသည် လုနှင့် ဝဆိုသော စကားနှစ်လုံးမှလွဲ၍ ဘာမှ နားမလည်ပေ။ သို့သော်လည်း တန်ကျူကျင်တစ် ယောက်သာ ဒေါ်သသံပါသလောက် အခြားလူများ၏အသံများမှာ အေးအေး ဆေးဆေးနိုင်လှသဖြင့် နားမလည်အောင်ဖြစ်နေလေတော့သည်။ ဒါတင်မကသေး သူတို့စကားပြောပြီးသောအခါ လေလာက သူမအား မျက်ရိပ်ပြခေါ်သွားပြီးလျှင်

"ဒေါ်ဒေါ်ရယ် ... သူက နှလုံးရောဂါလည်းပါတော့ စိတ်ထိခိုက်အောင် မလုပ်ပါနဲ့ ဒေါ်ဒေါ်ရယ် ... သည်းညည်းခံပါ"

ဤသို့ လေပျော့ကလေးဖြင့် ပြောလေရကား ဒေါ်ကြွယ်သည် အတိုင်း မသိ အံ့သြသွားလေတော့သည်။

"သည်းညည်းခံပါတယ်ကွယ်၊ ဒါပေတဲ့ ရောက်ကတည်းက တစ်ခါမှ နှစ်နာရီကြာအောင် မအိပ်ရသေးဘူး၊ ခုတစ်လောဆို မှေးတောင်မမှေးရဘူး၊ ဒီလိုဆိုရင် ဒေါ်ဒေါ်လည်း ..."

"ဟုတ်ပါတယ်ဒေါ်ဒေါ် .. ခုတစ်လော သူ့ရောဂါထနေလို့ပါ၊ ခါတိုင်း ဆိုရင် ဒီလောက် မဟုတ်ပါဘူး။ နို့ပြီး ဒေါ်ဒေါ့်အတွက် သည်လကုန်ရင် လခ ခုနစ်ဆယ်ပေးဖို့ကြံထားပါတယ် ... သည်းညည်းခံပြီးစောင့်ပါဒေါ်ဒေါ်"

ဒေါ်ကြွယ်သည် တွေဝေသွားလေသည်။ လေလာကတော့မူ သူမလက် နက်ကို စိတ်ချယုံကြည်သွားသကဲ့သို့ ပြုံးပြုံးကလေးနှင့် ချစ်စရာကလေးရပ်၍ ဒေါ်ကြွယ့်အကဲကိုခတ်နေလေသည်။

ထိပါသည်။ တကယ်ပဲ ဒီလက်နက်သည် စွမ်းပါပေသည်။

အခု သူမတွင် ငွေခြောက်ဆယ်ရှိထားနှင့်ပြီ။ လကုန်ရင် ခုနစ်ဆယ်ရ ဦးမည်။ အို ... ဒီလောက်ငွေစကို တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမပိုင်ခဲ့ဖူးသော ဒေါ်ကြွယ်သည် ခေါင်းကို ညင်ညင်သာသာကလေးညိတ်လိုက်သည့် အခြားမဲ့၌

"ကဲ ... သည်းညည်းခံလိုက်ပါနော် ဟုတ်လား၊ နက်ဖြန်ဒေါ်ဒေါ့်ကို

mgyoe.com

mgyee.com

ဘုရားပို့ရမယ်၊ တိရစ္ဆာန်ရုံလည်း လိုက်ပြမယ်နော်"

ထိုကဲ့သို့ သဘောတူစာချုပ် ချုပ်ပြီးသည့်ညတွင် ဒေါ်ကြွယ်သည် သုံးခါလောက်သာ မှေးရုံမှေးရပြီး၊ ငွေနားကွပ်တောင်ဝှေးနှင့် ငါးခါတိတိ အထိုးခံရလေတော့သည်။

အကယ်၍သာ သူမသည် တောမှာတုန်းက အလံနီမယ်သင်တန်းသာ တက်ခဲ့ဖူးမည်ဆိုပါလျှင် လေလာနှင့် သဘောတူစာချုပ် ချုပ်တုန်းက တန်ကျူကျင်သည် ငွေနားကွပ်တောင်ဝှေးကို အသုံးမပြုရဟူသည့် သဘောတူညီချက်ကို အရယူထားမည်မှာ ယုံမှားဖွယ်ရာရှိမည်မဟုတ်ချေ။

(၅)

တစ်နေ့တွင် သူမအား ထိုလူနာစောင့်အလုပ်သွင်းပေးသည့် မကျင်မှီဆိုသူသည် လူမမာလာမေးပြီးအပြန်တွင် ဒေါ်ကြွယ်အား ခေါ်၍

"ဘယ့်နှဲ့လဲ ဒေါ်ဒေါ် ပိန်လှချေကလား ... အတော်ပင်ပန်းတယ်ထင်တယ်နော်"

သူမက ဒေါ်ကြွယ့်မျက်နှာပုံပန်းကို အကဲခတ်ရင်း မေးလေသည်။

"အလုပ်ကတော့ ဘာမှပင်ပင်ပန်းပန်း မလုပ်ရပါဘူး။ ဒါပေမဲ့ အိပ်တော့ဖြင့် တစ်မှေးမှ ကောင်းကောင်းမအိပ်ရဘူး။ သူ့တောင်ဝှေးနဲ့ တစ်ထိုးတည်း ထိုးနေတာပဲ"

သူမသည် အိပ်ပျက်လွန်းသဖြင့် အားနွဲ့သောအသံကလေးဖြင့် ပြောလေသည်။

"ဟုတ်တယ် ဒေါ်ဒေါ် ... အဲဒါသိလို့ တမင်မေးရအောင်လာခဲ့တာ။ ဒီမိန်းမကြီးက အားကြီးလူစားတယ်တဲ့ .. ကျွန်မ ကြားခဲ့တယ်"

"လူစားတယ် ဟုတ်လား"

ဒေါ်ကြွယ်သည် တုန်လှုပ်စွာဖြင့် မေးလေသည်။

"အို ... ဒေါ်ဒေါ်ကလည်း တိုးတိုးပြောပါ၊ နားဝေးလိုက်တာလည်း လွန်ပါရော ... လူစားတယ်ဆိုတာ ဘီလူးလိုစားတာမှတ်ဘူး ဒေါ်ဒေါ်ရဲ့၊ အဲဒီလို သူ့ကိုစောင့်ရတဲ့လူတွေ မအိပ်ရလွန်းလို့ ကြာတော့ ရောဂါရပြီး လူနာမသေဘဲ လူနာစောင့်တွေချည်း သေသေကုန်တာပဲတဲ့၊ ဒါကြောင့်မို့ ရန်ကုန်မှာ လူငှားလို့မရဘူးတဲ့၊ ထွက်ပြေးကြတာချည်းပဲတဲ့။ ဒါပဲနော် ... ကျွန်မ အခုလာသတိပေးတာပဲ၊ ကျွန်မ ပရောဂပါနေမှာစိုးလို့ လာပြောတာ"

ဒေါ်ကြွယ်သည် တစ်ချက် အားရပါးရ သမ်းဝေလိုက်ရင်း ကိုယ်ကို

mgyee.com

mgyoe.com

တွန့်သွားသည်အထိ ကျောထဲမှစိမ့်၍ ကြောက်သွားလေသည်။ ဒါပေမဲ့လည်း တစ်လ ခုနစ်ဆယ်ဆိုသည့် ရဲဆေးက သူမအား အမြဲတမ်းအားပေးလျက်ရှိရကား

"ရှာကို ခုနေအတိုင်းဆိုရင် မပြန်ရဲသေးဘူးကွယ် တူမကြီးရယ် ... နို့ပြီး တော့လည်း"

သူမသည် သူမရဲ့စွန့်စားရခြင်း၏အကြောင်းရင်းကို သိုဝှက်ထားလိုသေး သဖြင့် ခပ်ဆိုင်းဆိုင်းပြောနေလေရာ ...

"လခခြောက်ဆယ် မကျေနေလို့မဟုတ်လားဒေါ်ဒေါ်"

မကျင်မှိုက ရိပ်မိသဖြင့် ပြောလိုက်လေသည်။

"အခု တစ်ဆယ်တောင် တိုးပေးမယ်တဲ့"

"အင်းဒီလိုပဲ သူတိုက တိုးပေးတာပဲတဲ့ ... ကျွန်မ ကြားခဲ့ပြီ။ နောက် ဆုံး တစ်ရာထိတောင်ပေးသေးတယ်တဲ့ .. နေမယ်သာဆိုရင်လေ၊ ဒါပေတဲ့လဲ တကယ့်ဓာတ်သိတွေကတော့ လန့်ပြီးပြေးကြတာချည်းပဲတဲ့၊ ငွေလည်း သိပ်မကျ် မနေနဲ့ဦးဒေါ်ဒေါ်၊ နေစရာမရှိရင် တခြားမှာ ကျွန်မရှာပေးမယ်၊ ဒီလိုတော့ ပေး မထားနိုင်ဘူးပေါ့"

သူမသည် ထောင်ကဲများ၏ဝါဒကို သဘောကျပုံမပေါ်။ အလိုတူ အလို ပါဟုတ်ဟန်မတူ၊ ထိုကြောင့် သနားသဖြင့် ဒေါ်ကြွယ်အား သတိပေးလေသည်။

ဒါပေမဲ့ ဒေါ်ကြွယ်ကြီးခမြာမှာ နောက်တစ်လစေ့ရင် ပြေးဖို့စိတ်ကူး ထည့်ဖို့ရန်ထက် လခမည်မျှလောက်တိုးတောင်းရမည်ကို စိတ်ကူးထည့်လျက် ရှိနေလေသည်။ ထို့ကြောင့်မဟုတ်လော၊ သူမသည် မကျင်မှိုပြန်ခါနီး၌

"ဒီတစ်လလောက်တော့ နေကြည့်လိုက်ဦးမယ် တူမကြီးရယ်"

ဤသို့ စကားပြန်လိုက်လေရာ မကျင်မှိုသည် မည်သို့မျှမတတ်နိုင်တော့ ဘဲ "အင်းလေ ... အမယ်ကြီး ကိုယ့်အသက်ကိုလည်း ကြံဖန်မွေးဦး"

ထိုသို့သာသတိပေးပြီး ပြန်သွားရလေတော့သည်။

(၆)

မအိပ်ရဘဲနှင့် ကုန်လွန်ခဲ့သောညများသည် နောက်ထပ် အရေးအတွက် အားဖြင့် ခြောက်ဆယ်ကျော်မျှ ရှိသွားသောအခါ ဒေါ်ကြွယ်သည် ယခင်သုံးလ ကျော်လောက်တုန်းက ဒေါ်ကြွယ်နှင့် အကွာကြီးကွာနေလေတော့သည်။

လူနာစောင့်ကောင်းသော ဒေါ်ကြွယ်တွင်သာ ပြောင်းလဲခဲ့သော်လည်း တန်ကျကျင်မှာမူကား ထူးဆန်းဖွယ်ရာ အခြေအနေတန့်ရပ်ပြီး ရောဂါမှာ တိုး

mgyoe.com

mgyoe.com


လည်းမတိုး၊ သက်လည်းမသက်သာဘဲဖြစ်နေလေသည်။ သူမကို အချို့က ဖုတ်ဝင်နေသည်ဟုပြောကြသည်။ ဒါပေမဲ့ ဒီလိုပဲ အနှစ်နှစ်ဆယ်လောက်တုန်းကတည်းက ပြောနေခဲ့ကြရကား သူမအိမ်သားများသည် ထိုဖုတ်ဝင်ခြင်းကို အလျဉ်း အယုံအကြည်မရှိကြတော့ချေ။ ဒေါ်ကြွယ်ကိုယ်တိုင်ပင် တန်ကျူကျင်၏အလစ်မှာ အိပ်ရာအောက်တွင် သြဇာရွက်များ ထိုးထားကြည့်စမ်းဖူးပါသည်။ မည်သို့မျှ အကြောင်းမထူး၊

ခါတိုင်းကဲ့သို့ပင် တစ်နေ့ တစ်နေ့၌ မနက်ပေါင်မုန့်ထောပတ်သုတ်နှစ်ယှက်နှင့် နို့မှုန့်တစ်ခွက်၊ ထမင်းစားချိန်တွင် ထမင်းတစ်ပန်းကန်အမောက်အပြည့်၊ နေ့ခင်းသစ်သီးသစ်နှံ၊ ညနေထမင်း အိပ်ရာဝင် နို့တစ်ခွက်သောက်သေးသည်။ ထိုအတိုင်းမှန်မှန်စားလျက်ပင်ရှိလေသည်။ ထိုအထဲကပင် သူမ အားသူစိမ်းတရံဆန် လူမမာမေးလာသူများကမူ မကြာမီ ကိစ္စချောမှာပဲဟု အကဲခတ်၍ခတ်၍ သွားသေးသည်။

ဒေါ်ကြွယ်ကြီးကိုမူ မည်သူမျှအကဲခတ်မကြည့်ကြ။ အကယ်၍သာ သူမအား အရေးတယူအကဲခတ်ကြည့်တတ်ပါလျှင် ယခင်က ပြည့်ပြည့်ဝဝ အလုံးအထည်သည် ယခုအတော်ကြုံလှီလာသည်ကိုလည်းကောင်း၊ အစက တစ်ပြေးတည်းနေသော မျက်လုံးများမှာမူ ယခု အညိုရစ်ကြီးတွေထင်ပြီး ဟောက်ဝင်နေသည်ကိုလည်းကောင်း၊ လမ်းလျှောက်ရာတွင် ယခင်ကကဲ့သို့ မဖျတ်လတ်ဘဲယိုင်နာကျနေသည့်ခွေးကဲ့သို့လည်းကောင်း ဖြစ်နေသည်ကို သတိထားမိပေလိမ့်မည်။

အထူးဆန်းအပြောင်းလဲဆုံးတစ်ခုမှာ သူမသည် သူမစောင့်နေရသည့်ဝေဒနာရှင် တန်ကျူကျင်ကဲ့သို့ပင် အိပ်ပျက်ရလွန်းသည့်အတွက် အိပ်မပျော်သောရောဂါ စွဲကပ်လာခြင်းပင်ဖြစ်ပေသည်။ ယခုအခါမှာမူ သူမသည် အလျင်းပင်အိပ်လို့မရတော့ပေ။ တစ်ခါတစ်ခါ အလွန်ဆုံး အခွင့်ရ၍ ကြိုးစားအိပ်ပါမှသတိလစ်သလို ဖြစ်ရုံသာဖြစ်သည်။ ထိုသတိလစ်နေသည့် အတောအတွင်းမှာလည်း ထမင်းလုံးတစ္ဆေခြောက်သလိုချည်းသာ အရောက်ခံနေရလေသည်။

ထိုချောက်အိပ်မက်များထဲတွင် ငွေနားကွပ်တောင်ဝှေးကြီးကိုချည်း မြင်နေရပြီး လန့်၍ လန့်၍ အော်မိလေသည်။ တစ်ခါတစ်ခါမှာမူ အိပ်ရာမှ လန့်အနိုးတွင်တကယ် တန်ကျူကျင်က တောင်ဝှေးကြီးနှင့် အထိုးနှင့် ကြုံနေရတတ်လေသည်။ သို့သော အခါတိုင်းတော့ မဟုတ်ပေ။

"မကြွယ် ... မကြွယ်"

mgyoe.com

တန်ကျူကျောင်း၏အသံသည် သန်းခေါင်ယံအချိန်တွင် စာနေပေသည်။ ဒါပေမဲ့ ဒေါ်ကြွယ့်အသံမှာ လုံးလုံးထွက်ပေါ်မလာ။ နောက်ထပ် ခေါ်ပြန်သည်။ တုတ်တုတ်မျှမလှုပ်တော့ပေ။ နောက် သူမသည် ငွေနားကွပ်တောင်ဝှေးကြီးဖြင့် ခပ်ဖိဖိကလေး ထိုးကြည့်တော့မှ

"ဟင်း ကြောက်တယ် ... ကြောက်တယ် .. တောင်ဝှေးကြီးလာနေပြီ ကြောက်တယ်"

သူမအသံသည် မညီမညာတုန်တုန်ရီရီဖြင့် ထွက်ပေါ်လာလေသည်။ ဒါပေမဲ့ သူမသည် မထသေးရာ တန်ကျူကျောင်သည် ထပ်ကာထိုးရင်း

"မကြွယ် ... မကြွယ်"

ပါးစပ်ကလည်း တစ်ခေါ်တည်းခေါ်နေတော့မှ ဒေါ်ကြွယ်သည် မျက်လုံး ဖွင့်လာပြီး ခေါင်းငဲ့ကြည့်လိုက်ကာ

"အမယ်လေး ... နာလိုက်တာရှင်"

"ပက်လက်အိုးယူခဲ့စမ်း ... ငါ့ဗိုက်ထဲက နာနေလို့"

ဒေါ်ကြွယ်သည် ထရန်ကြိုးစားဟန်တူပါသည်။ ဒါပေမဲ့ သူမသည် မထ နိုင်ရှာတော့ဘဲ တဟင်းဟင်းနှင့် အတော်အနေဆိုးသည့်ဝေဒနာတစ်ခု ခံစား နေရစဉ်ဝယ် တန်ကျူကျောင်သည် တစ်ချက်မျှဘေးစောင်းလှည့်ကြည့်ပြီးနောက် သူမဘေးက လူခေါ်ခေါင်းလောင်းကလေးကိုနှိပ်လိုက်လေတော့သည်။

ဒေါ်ကြွယ်ကား ပက်လက်ကလေးပင် မျက်လုံးများအကြောင်သားနှင့် အထက်မျက်နှာကျက်ကို မော့ကြည့်နေလေသည်။ သူမတစ်ကိုယ်လုံးတွင် ချွေး များ ရွှဲရွှဲစိုနေလေသည်။ သတိများမှာလည်း မရတစ်ချက် ရတစ်ချက်ဖြင့် ခြေ ကုန်လက်ပန်းကျလျက်ရှိလေသည်။ ဒေါ်ကြွယ်သည် အတော်ထိတ်လန့်တုန် လှုပ်သွားလေသည်။

သူမဘေးတွင် အသံတွေဆူညံ ဆူညံကြား၍ အားယူပြီး သတိထား ကြည့်လိုက်မိရာ အိပ်သားတွေသည် သူမဘေးတွင် ဝိုင်းလျက် ရောက်နေကြ သည်ကို သတိထားမိလေသည်။

"ဒေါ်ဒေါ် သတိရပလား"

လေလာက သူမအား မေးနေသည်ကို သူမသည် မသဲမကွဲကြားလိုက် ရသဖြင့် 'အင်း' ဟု တစ်ချက်ထူးလိုက်လေသည်။

"ဘာဖြစ်သွားသလဲဒေါ်ဒေါ်"

"ဒေါ်ဒေါ် မထနိုင်တော့ဘူး တူမလေးရယ်"

mgyoe.com

m.gyoe.com


"ဩော် ... ဒါဖြင့် အိပ်နေဦးလေ အိပ်နေဦး"

"မအိပ်တော့ပါဘူးကွယ်၊ ငါဒီမှာ အလုပ်လုပ်နိုင်တော့မှာမဟုတ်ဘူးထင်တယ်၊ တောကိုမှ ပြန်မှပြန်နိုင်ပါဦးမလား ဘုရားမလို့ တောရောက်အောင် ..."

သူမသည် စကားဆုံးအောင် မပြောနိုင်ဘဲ ငိုချလိုက်မိလေရာ ရှိုက်သံများသည် တွန်းကန်၍ ထွက်လာလေတော့သည်။

"ဒေါ်ဒေါ် ငိုမနေပါနဲ့ အိပ်လိုက်ပါဦး၊ မနက်တော့ ပြန်ဖို့စီစဉ်ပေးပါ့မယ်"

လေလာသည် အသက်ငယ်သေးသူဖြစ်ရကား နုနယ်ပျော့ပျောင်းသည့် အတွင်းစိတ်ဓာတ်အခံကြောင့် သနားစိတ်များဖြစ်မိကာ နှစ်သိမ့်ရှာလေသည်။

"ကျေးဇူးပါပဲ ငါ့တူမရယ် ... ဒါပေမဲ့ ဘယ်လိုအိပ်ခိုင်း အိပ်ခိုင်း အိပ်နိုင်တော့မှာမဟုတ်တော့ပါဘူးကွယ်၊ ဟောဒီမျက်စိတွေကို အတင်းမှိတ်ထားပေတဲ့ စိတ်က အကုန်သိတာပါပဲကွယ်၊ ရွှေတိဂုံဘုရား ဂုဏ်ကျေးဇူးတော်ကြောင့် အရင်တုန်းကလို တစ်ခါလောက်များ အဝအိပ်လိုက်ချင်တယ်ကွယ် ... ဒီတစ်သက်မသေခင်ကလေး အိပ်မှ သွားရပါဦးမလား"

လေလာနှင့် အိပ်သားတွေသည် တရုတ်လို တိုင်ပင်ဆွေးနွေးကြသည့် စကားများကို တတွတ်တွတ်ပြော်နေကြလေသည်။ ဒေါ်ကြွယ်သည် သူမ အကြောင်းပြောနေလိမ့်မည်ဟု ထင်မှတ်လိုက်မိလေသည်။

"ဒီမယ်ကွယ် ... ငါ့တူမကြီးရယ်၊ ဒေါ်ဒေါ့်ကို ဒီညအတွက်တော့ ခွင့်ပေးပါကွယ် နော် ... တောင်ဝှေးကြီးနဲ့မထိုးဖို့ ပြောထားပေးပါနော် ... အိပ်တော့ ပျော်မှာမဟုတ်ဘူး၊ ဒါပေတဲ့ တောင်ဝှေးကြီးကို တောင်ဝှေးကြီးကို ..အီး"

သူမသည် ကယောင်ကတမ်းစကားတွေပြောနေရင်းက ဖြစ်လာလေသည်။ နောက် မြောသွားပြန်လေသည်။

"အမယ်လေးကွယ် ... လူ့တို့ ဝကို သတ်နေကြတာလားဟင်၊ ဝ အနားမှာ ဒီလိုဆူညံနေကြရင် ဝ ဘယ်မှာအိပ်နိုင်တော့မှာလဲ သေပါတော့ ... သေပါတော့"

ခက်ပြီ။ သူမ၏ဝေဒနာမှာလည်း ဒီလိုစိတ်ထိခိုက်စရာရှိရင် ထလေတော့မည်။ ထို့ကြောင့် ဒေါ်ကြွယ်အား သူတို့သည် ညတွင်းချင်း အခြားအခန်းတစ်ခုသို့ ပြောင်းရွှေ့ပေးကြရလေတော့သည်။

ထိုညအဖို့တော့ ဒေါ်ကြွယ်သည် ငွေနားကွပ်တောင်ဝှေးကြီးရဲ့ ဘေးရန်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှာပါပေသည်။ သို့သော်လည်း ရက်ပေါင်းကိုးဆယ်ကျော် အထိုးခံခဲ့ရသည့်ဒဏ်မှာမူကား သူမအား ထိုတစ်ညလုံး မအိပ်ရအောင် နှိပ်စက်နေတုန်းပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com

(၇)

ဂုံညင်းတန်းရွာသို့ ဝင်စပြုနေသော ဘောက်တူငယ်ကလေး၏ ပဲ့ကိုင်သမားသည် ရေပန်းများဖွာသွားသည့်တိုင်အောင် တက်တစ်ချက်ဆောင့်လိုက်ရင်းက

"အမေကြွယ် ... ရွာကိုတောင်ဝင်လာပြီ၊ ကြည့်လိုက်ပါဦး ဟိုရှေ့မှာရွာဦးက ကျောင်းတံတားပဲ"

သူသည် လှေပေါ်တွင် ပက်လက်လိုက်ပါလာသော ဒေါ်ကြွယ်အားလှမ်းပြောလေသည်။

"အေး ... ဟုတ်လား၊ ဘုရား ဘုရား ကိုယ့်ရွာကိုယ်ပြန်ရောက်နိုင်သေးတယ်နော် ... တော်ပါသေးရဲ့သာထွန်းရယ် သေချင်သေပါစေတော့"

သူမသည် အသံသဲ့သဲ့ယဲ့ယဲ့ကလေးဖြင့် ပြောလေသည်။

"အို ... အမေကြွယ်ကလည်း ဓာတ်ဆရာကိုအောင်သိန်းလည်း ရွာမှာပဲရှိတယ်၊ မြို့ကိုပြောင်းသွားပြီး အခု ရွာမှအေးကတည်းက ပြန်ပြောင်းလာပြီ၊ သူ့ဆီမှာ ဓာတ်စာစားလိုက်ရင် ပြန်အကောင်းဖြစ်မှာပေါ့"

သူသည် အားပေးစကားပြောလေသည်။ သူသည် ဒေါ်ကြွယ်နှင့် ဆွေမျိုးတော်စပ်သူမဟုတ်သော်လည်း အရင်းအချာတမျှခင်လေသည်။ သူ့မိန်းမမယ်လှမှာ အညောင်းရောဂါထတတ်သည့်အခါ ဒေါ်ကြွယ်ကြီးသည် စိတ်ရှည်လက်ရှည် နှိပ်ပေးလေသည်။ ထိုအခါ သူ့အိမ်တွင် ဒေါ်ကြွယ်သည် တစ်လကိုးသီတင်းဆိုသလို လာနေတတ်လေသည်။

"ဓာတ်စာနဲ့ မရနိုင်ပါဘူး သာထွန်းရယ်၊ ရောဂါက ယိုင်နာကွဲ့၊ အိပ်ပျက်လွန်းအားကြီးလို့ တဖြည်းဖြည်းတရိရိနဲ့ သွေးသားတွေ ခန်းခန်းလိုက်လာတာကွယ် ... မင်း မင်းကြားဖူးရဲ့လား၊ ငါ အခု မအိပ်ရတာ ရက်ပေါင်းကိုးဆယ်ကျော်ပြီကွဲ့"

သာထွန်းသည် မယုံနိုင်အောင်ဖြစ်သွားလေသည်။ နို့ပြီး သူသည် အဓိပ္ပာယ်ကိုလည်း ကောင်းစွာနားလည်သူမဟုတ်ရကား

"အို ... အမေကြွယ်ကလည်း အခု အိမ်ရောက်တော့မယ့်ဟာဘဲ၊ စိတ်အေးလက်အေး အိပ်လိုက်ပေါ့"

ဒေါ်ကြွယ်သည် ခပ်မြေ့မြေ့ကလေးပြုံးပြလေသည်။ ဒါပေမဲ့ သူမရဲ့ကြောက်စရာ ကောင်းလောက်အောင် ဟောက်နေသောမျက်လုံးနှင့် ပါးများသည် ချိုင့်ဝင်သွားကြလေသည်။

mgyoe.com

mgyoe.com


"အိပ်နိုင်မှာမဟုတ်ပါဘူးသာထွန်းရယ်"

တစ်လုံးချင်းပြောလေသည်။ သူမသည် အတော်မောဟိုက်လာလေသည်။ သူမရဲ့ရောဂါသည် တကယ်ဆိုတော့ ကျွမ်းလောက်သည့်အခြေသို့ တိုင်ခဲ့လေပြီ။ သူမရဲ့စိတ်က တင်းထားသဖြင့်သာ ရွာသို့ရောက်အောင် အသက်မှာ ပြင်းနေနိုင်ခြင်းဖြစ်လေသည်။ အခု သူ့ရွာရောက်ပြီကို သိပြီဖြစ်သည့်အခါတွင် သူမသည် အာကိုး လျှော့ချလိုက်လေသည်။ သူမ မျက်လုံးများမှာ ပြာ၍ လိုက်လာလေပြီ။ သာထွန်းကိုပင် သူမသည် မှုန်မွှားမွှားသာမြင်ရတော့သည်။

"သာထွန်း"

"ဗျာ ... ဘာလဲအမေကြွယ်"

"ငါ့အထုပ်ကလေးကို ဖြေလိုက်စမ်း"

သာထွန်းသည် ဒေါ်ကြွယ်၏အထုပ်ကလေးကို ဖြေကြည့်လိုက်ရာ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားလေတော့သည်။ သူသည် ငွေစက္ကူများကို တုန်တုန်ရီရီကိုင်ရင်း၊

"ငွေ ... ငွေတွေ"

"အေး ... အဲဒါ သုံးရာကျော်ရှိတယ်၊ ငါတကယ်လို့များ သေသွားရင် မင်း ဒီအထဲကငွေနဲ့ တောင်ဝှေးတစ်ချောင်းဝယ်ပြီး ဘုရားကိုလှူ ကျန်တာ မင်းသုံးတော့"

"ဗျာ .. တောင်ဝှေးတစ်ချောင်း ဟုတ်လား ... အို ကျွန်တော် နားမလည်ဘူး"

ဒေါ်ကြွယ်သည် ခေါင်းညိတ်ပြရှာလေရာ သာထွန်းသည် နားမလည်နိုင်အောင် ဖြစ်သွားလေတော့သည်။ ထို့ကြောင့် သူသည် လှေတက်ကိုချပြီး သဲကွဲအောင် ဒေါ်ကြွယ့်အနား သွားမေးမည်ပြုမည်ကြံစဉ် ...

"ဒိုင်း ဒိုင်း"

သေနတ်သံနှစ်ချက်ပေါ်လာသည်နှင့် သူသည် လန့်ပြီးဝပ်လိုက်လေသည်။ ဒေါ်ကြွယ်မှာမူ မျက်လုံးများ အထက်သို့လယ်သွားလေသည်။

"ဟေ့ ကမ်းကိုကပ်လိုက်၊ သေသွားချင်လား"

ဒီတော့မှ သာထွန်းသည် ခေါင်းထောင်ပြီးကြည့်မိလေရာ ဘုန်းကြီးကျောင်းတံတားတွင် ချထားသော ရွာကင်းမှ လက်နက်ကိုင်အစောင့်များဖြစ်သည်ကို သတိရလေတော့သည်။ ထို့ကြောင့် သူသည် တက်ကိုကိုင်လိုက်ရင်း

"အမေကြွယ် မကြောက်နဲ့ အရပ်ကင်းကပါ"

mgyoe.com

mgyoe.com


ဒေါ်ကြွယ်သည် မတုန်မလှုပ်။

သာထွန်းသည် ဒေါ်ကြွယ်အား ဆက်မပြောအားဘဲ ကမ်းနားသို့ရောက်အောင်သာ လျှော်သွားရလေသည်။ တံတားဦးသို့ကပ်မိသောအခါ ...

"ဟေ့ မင်းတို့ဘယ်လဲ၊ ဟင် ဒီအမယ်ကြီးက ဘာဖြစ်လာတာလဲ"

"ဟုတ်ကဲ့ ကျွန်တော့်ကြီးတော်ပါခင်ဗျာ၊ မမာလို့ မြို့ကခေါ်လာတာပါ"

ဗိုလ်လုပ်သူသည် ဒေါ်ကြွယ်အား သေသေချာချာကြည့်ပြီးနောက်

"ဟေ့ကောင် မင်းစကားကို တိတိကျကျပြောပါကွ၊ မင်းကြီးတော် အလောင်းကို မြို့ကယူလာတယ်လို့"

သာထွန်းသည် မျက်လုံးအပြူးသားနှင့် ဒေါ်ကြွယ့်အား ငုံ့ကြည့်လိုက်လေသည်။ ဟုတ်ပါသည်။ သူပြောတာမှန်နေလေသည်။ ဒါပေမဲ့ စောစောက အသက်နှင့်ကိုယ် ရှိသေးသည်ဆိုခြင်းကိုတော့ သူ့ဘက်က ခုနေအခါမှာ သက်သေပြဖို့မရှိ။ ထို့ကြောင့် သူ့အမှားပင်လုပ်လိုက်ကာ ...

"ဟုတ် ဟုတ်ပါတယ်၊ ကျွန် ... ကျွန်တော် အပြောမှားလို့ပါ"

ဗိုလ်လုပ်သူသည် သဘောကျသလို ရယ်လိုက်လေသည်။ နောက်

"အေး ... သွားတော့"

အမိန့်ပေးတော့မှ သူသည် ဆက်လှော်သွားရလေသည်။ ဒါပေမဲ့ ဒေါ်ကြွယ်ထံမှ တောင်ဝှေးအကြောင်းကိုတော့မူ သိလိုက်မည်မဟုတ်တော့ပေ။

မောင်စည်သူ

အမှတ် ၄၇၊ ရှုမဝမဂ္ဂဇင်း၊

ဧပြီလ၊ ၁၉၅၁ ခုနှစ်။

❐

mgyoe.com

mgyoe.com



# အလွယ်လမ်း

ခင်ဖြိုးချစ်

mgyoe.com

mgyoe.com

# အလွယ်လမ်း

ခင်မျိုးချစ်

ကိုကိုကြီးနှင့်ကျွန်တော် စကားပြောရမည့်အရေးမှာ ချောက်ကမ်းပါးကြီးကို အလယ်ခေါင်ကထား၍ လမ်းလျှောက်နေရသည်နှင့်တူတော့သည်။ ကျွန်တော်တို့သည် လက်တွဲ၍ နီးနီးကပ်ကပ်လျှောက်သွားချင်ပါ၏။ သို့သော် မဖြစ်နိုင်ခဲ့ပါ။ သွားရင်း လက်ချမ်းလှမ်း၍ထိမိသည့်နေရာများ ရှိခဲ့၏။ တစ်ခါတစ်ခါ လက်ချင်း မိမိရရဆုပ်ကိုင်တွဲနိုင်ခဲ့ပါ၏။ သို့သော် ချောက်ကမ်းပါးကြီးကား မြေပြင်ဖြစ်၍မသွားခဲ့သဖြင့် ကျွန်တော်တို့မှာ အတူလက်ချင်းချိတ်တွဲ ပခုံးချင်းယှဉ်ကာ သွားမဖြစ်ဘဲ ရှိခဲ့သည်။ ဤသို့သွားရင်း သွားရင်း လက်ချင်းထိမိတွဲမိနေရာမှနေ၍ ချောက်ကမ်းပါး ပိုကျယ်ကျယ်သွားပြန်လေရာ လက်ချင်းမမိတော့ဘဲ ကွာသည်ထက်ပင် ကွာသွားတတ်သေးသည်။ သို့သော် ...

ကိုကိုကြီးနှင့် ကျွန်တော်မှာ လုံးဝကွဲကွာမသွားဘဲ ပြန်၍ လက်ချင်းမိပြန်သည်။ သို့သော် ကျွန်တော်တို့နှစ်ယောက်၏ကြားထဲက ချောက်ကမ်းပါးကြီးမှာ အမြဲပင်ရှိနေသည်။

ကျွန်တော်တို့နှစ်ယောက် စကားပြောလာကြသည်မှာ မော်တော်ကားပေါ်မှာဖြစ်သည်။ ကိုကိုကြီးက စတီယာရင်ကိုကိုင်၍ စီးကရက်ဖွာရင်း ကားမောင်းလာသည်။ ကျွန်တော်ကား သူ့နံဘေးမှ ထိုင်၍လိုက်လာသည်။ လူချင်းကား နီးကပ်ပါ၏။ သို့သော် စိတ်ချင်းကား ချောက်ကမ်းပါးခြားနေသည်။ ဤအဖြစ်ကို ကျွန်တော် မကျေနပ်နိုင်ပါ။ ကိုကိုကြီးကား ကျွန်တော်နှင့်အချစ်ဆုံးသူငယ်ချင်းဖြစ်သည်။ ငါးနှစ်ခန့်ကွဲနေသဖြင့် ဤမျှလောက်စိမ်းသွားလေသလော၊ သူ၏အသွင်အပြင်မှာ ပြောင်းလဲသွားလေသလောဟု တွေးမိသည်။ ကျွန်တော်သည် ကိုကိုကြီးအား သူခိုးမျက်စိနှင့် တစေ့တစောင်း ကြည့်မိသည်။ "သူ့အရင်ကအတိုင်းပါပဲ၊ ရုပ်လည်းမကျပါဘူး၊ ဘိုကေလည်း အရှည်ပါပဲ၊

mgyoe.com

mgyoe.com

ဂျပန်ကတုံးဘိုကေမဟုတ်ပါဘူး၊ အဝတ်အစားလည်း အရင်ကလိုပါပဲ၊ အသား လည်း မမည်းပါဘူး။ ခါတိုင်းအသားပါပဲ။ ဘာကြောင့် ငါ့စိတ်ထဲက အရင်က ကိုကိုကြီးမဟုတ်သလို ဖြစ်နေတာလဲ" ဘယ်လိုပဲတွေးတွေး ကျွန်တော်တို့ ကြားထဲက ချောက်ကမ်းပါးကြီးကို ဆက်စပ်၍မဖြစ်နိုင်ပါ။

ကျွန်တော်တို့သည် ရန်ကုန်မှ ပဲခူးသို့ ကိုကိုကြီး၏ဂျစ်ကားလေးဖြင့် လာနေကြသည်။ ထိုနှစ်ကား ၁၉၄၅ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးစအချိန်

"ဖိုးချစ်ဖေ...စကားနည်းလှချည့်လားကွ၊ ဘာများတွေးနေသလဲ ... နိုင်ငံ ခြား ကျန်ခဲ့တဲ့သူကလေးများ လွမ်းနေသလား" ဟု သူက ရယ်၍မေးသည်။

"မဟုတ်ပါဘူးကွာ ... ငါးနှစ်လောက်မတွေ့ရတဲ့အတွင်း စုပုံနေတဲ့ ပြောစရာတွေကို ဘယ်ကစပြီး ပြောရပါ့မလဲလို့"

"မခက်ပါဘူးကွာ ... အစကစပေါ့၊ မင်းနဲ့ငါနဲ့ အင်္ဂလိပ်စစ်တပ်တွေ ပြန်ဆုတ်သွားတော့ မင်းက စစ်တပ်နဲ့ အင်ဒီးယားပါသွား၊ ငါက ကျန်ရစ်ခဲ့၊ မင်းက အဲဒတုန်းက မြို့အုပ်ပေါက်စ အူကြောင်ကြောင်နဲ့၊ အဘအင်္ဂလိပ်တွေနောက် ပါသွားတာ၊ ငါက မင်းကိုတားမလို့လာတော့ မင်းတို့ထွက်သွားလို့ မတွေ့လိုက် တော့ဘူး"

သူက အစဖော်ပေးသော်လည်း ကျွန်တော့်မှာ ဘာကိုဆက်ပြောရမည် မသိပါ ... လွန်ခဲ့သောငါးနှစ်လောက်က ကိုကိုကြီးကို မျက်စိထဲပြန်မြင်သည်။ ထိုအချိန်တွင် ကိုကိုကြီးသည် ဥပဒေတန်းတက်နေသည်။ အင်္ဂလိပ်တွေ ပြေးတော့ သူက ရန်ကုန်မှာ၊ ကျွန်တော်က နယ်ဆင်းနေပြီ ... ကျွန်တော် နယ်ကိုမသွားမီ ညတစ်ညက ပြည်ကျောင်းဆောင်ရှိ သူ့အခန်းထဲတွင် စကားပြောကြပုံကို ပြန် သတိရမိပြန်သည်။ ကျွန်တော့်မှာတော့ ဘိအေမြို့အုပ်ပေါက်စမို့ အူမြူးလို့ စစ် ဖြစ်မှာတွေ ဘာတွေ မတွေး၊ မျက်မျက်စားရမလားလို့ ဇာတ်ထဲလိုက်မိပါ၊ နဲ့ကြီး နင်းမိလို့ လျော်လိုက်ရဆိုသလို မြို့အုပ်ကလေးမှ လုပ်မယ်ကြံခါရှိသေး ကိုရွှေနစ် ပွန်တို့ ကြိတ်လိုက်ကြတာ အင်ဒီးယား ကန့်လန့်ကန့်လန့်နှင့် ပါသွားခဲ့ရသည်။

ကျွန်တော့်မှာ ကိုယ့်ဟာကိုယ်တွေး၍ ရယ်ချင်လာပါသည်။

"ဘာများသဘောကျပြီး ပြုံးတော်မူနေရပါလိမ့်၊ အကြောင်းလင်းစမ်းပါ ဦး ကိုယ်တော်လေး"

"မဟုတ်ပါဘူး ငါ့အဖြစ်က မင်းစိုးလေးလုပ်မယ်ကြံခါရှိသေး၊ စစ်ဖြစ်လို့ ဖန့်သင်နဲ့ငန့် ဖြစ်တာတွေးမိလို့ပါ"

"သေမယ့်အခါက်မှ စစ်ထဲလိုက်မိဆိုသလိုပေါ့ကွာ ... အင်္ဂလိပ်အစိုး

mgyoe.com

ရပျက်ခါနီး ဝင်အမှုထမ်းမိတာကိုး၊ ကံကောင်းတဲ့လူဆိုတော့ ဒီလိုပေါ့”

ယခုလို ရယ်ရွှန်းပတ်ရွှန်းပြောတတ်ပုံတွေကဖြင့် ရှေးကအတိုင်းပါပဲ၊ ရှေးက ကိုကိုကြီးပါပဲ၊ ဒါပေမဲ့ ဘယ်စကားစကိုပြောရပါ့မလဲ … လူချင်းလက် လှမ်းဆွဲမိတော့မလိုလိုနှင့် ဝေးသွားပြန်ပြီ”

ထိုစဉ်အခါက ကိုကိုကြီးအား ရှေ့ဘာအလုပ်လုပ်မည် ဘယ်လိုအကြံအစည်ရှိသည်ကို ကျွန်တော်က မေးခဲ့သည်။

“ငါ့တော့မမေးနဲ့ ဖြစ်သလိုပဲ … အခု ဥပဒေတန်းတက် အောင်ရင် ရှေ့နေလိုက် ဘီအေ–ဘီဘယ်လ်ဆိုရင်တော့ စားလောက်အောင်တော့ ရမှာပါပဲ။ မရလည်း ရတာနဲ့ ဖြစ်အောင်နေပေါ့၊ ငါဝါသနာပါတဲ့ ပန်းချီကားလေး အားတဲ့အခါ ရေးဆွဲနေရ ပြီးတာပဲ”

ကျွန်တော်သည် ထိုစကားကိုပြန်သတိရသဖြင့် “ကိုကိုကြီး … အခု ပန်းချီရေးဖို့ အချိန်ရသေးရဲ့လား” ဟု မေးလိုက်ပါသည်။

ကိုကိုကြီး ပြန်၍မဖြေပါ။ စတီယာရင်ကိုင်ထားသောလက်မှာ အနည်းငယ်ယိုင်သွားသည်ဟု ကျွန်တော် ထင်မိပါသည်။ စီးကရက်ကိုသာ ဖွာနေပါသည်။ ရှေးအခါကမူ ပန်းချီအကြောင်းပြောရလျှင် စားရသောက်ရမည်ကိုမေ့သည်။ ထမင်းစားလောက်ရုံ ပိုက်ဆံရသည့်အလုပ်တစ်ခုရှိလျှင် ပန်းချီပညာကိုသာ အချိန်ရှိသရွေ့လိုက်စားချင်သည်ဟု ပြောဖူးသည်။ ယခုအခါမူ ကိုကိုကြီး၏မျက်နှာမှာ တွေဝေ၍ နေပါသည်။ ကျွန်တော် စကား ဘယ်လိုပြန်ဆကရပါတော့မည်နည်း …ကျွန်တော်တို့၏ကြားက ချောက်ကမ်းပါးမှာ သာ၍ကျယ်သွားသည်ဟု ထင်မိသည်။

“မင်းဖို့ ငါးသားလောက်ပေါင်းချက်ခိုင်းထားတယ်ကွ၊ မင်းကြိုက်တတ်မှန်း ငါသိလို့ စပါယ်ရှယ်အော်ဒါပေးခဲ့တယ်” ဟု မဆီမဆိုင် သူက ပြောသည်။ သူလှမ်းပေးသော စကားစကို ကျွန်တော်က အားရဝမ်းသာ ဆွဲယူလိုက်ပါသည်။

“ကိုကိုကြီးမိန်းမက အချက်အပြုတ်ကောင်းနဲ့တူတယ်၊ ကြွားနိုင်တဲ့သူများတော့ ကြွားကြပါဗျာ”

“မင်းကော … အင်ဒီးယားက ပပဝတီတို့အမျိုးအနွယ်ထဲက ခေါ်မလာဘဲကိုး”

“မလုပ်နဲ့ကွာ … ငါက ဝက်သားကြိုက်သနဲ့၊ အခု မင်းချည့် စွန်မနေနဲ့ဦးကွ၊ ငါ့ဖို့လည်း ရှာပေးပါဦး၊ မင်းမိန်းမရဲ့ ညီမတွေ ဘာတွေ မရှိဘူးလား”

“မရှိဘူးကွ သူ့ဆွေမျိုးတွေဟာ သူကလွဲရင် အားလုံးယောကျ်ားချည်းပဲ”

“ဒါတော့ မဖြစ်နိုင်ပါဘူးကွာ … သူ့ကိုမွေးထားတဲ့အမေတော့ ရှိမှာပေါ့”

mgyoe.com

mgyee.com


"အေးအေး ... ရှိတယ် ရှိတယ်၊ သူ့အမေကြီး ယူမလား ဒါတော့ ရနိုင်တယ်"

ကျွန်တော်တို့နှစ်ယောက်သား အားရပါးရ ရယ်ကြပါသည်။ ကျွန်တော်တို့၏ရယ်သံမှာ ကျောင်းနေစဉ်က တစ်ယောက်ကိုတစ်ယောက် ပြောင်နောက်၍ ရယ်မောကြသောအသံကဲ့သို့ ရွှင်လှပါသည်။

"မင့်အိမ်မရောက်ခင် မင်းမိန်းမနဲ့ မင်းနဲ့ ဘယ်လိုတွေ့ကြပုံ ပြောစမ်းပါဦး ... အဲဒီတရားကို သိပ်နာချင်တာ"

ကိုကိုကြီးမျက်နှာ ညှိုသွားပြန်သည်။ နှုတ်ခမ်းချင်းစေ့သွားလုနီးသော ချောက်ကြီးမှာ ကျယ်သွားပြန်ချေပြီ ...

"မင်း ... ငါ့ဒေါ်ဒေါ်ရှင်ကြီးနဲ့ တွေ့ပြီးပြီပဲ၊ သူတို့က မပြောဘူးလား၊ သူတို့က လူလာသ၍ ဒီအကြောင်းကိုချည့် ထိုင်ပြောနေတာပဲ"

ကိုကိုကြီး၏အသံမှာ ဒေါသသံပါနေပါသည်။ ကိုကိုကြီး၏ ချစ်လှစွာသော ဒေါ်ဒေါ်ရှင်နှင့် ကျွန်တော်တွေ့ခဲ့၍ ကိုကိုကြီးမှာ ဂျပန်ခေတ်အတွင်းက ဗမာ့တပ်မတော်တွင် အမှုထမ်းရင်း မြို့ငယ်ကလေးတစ်မြို့မှ အမျိုးအမည် မထင်ရှားသော ဂုဏ်ငယ်သူမိန်းကလေးတစ်ဦးနှင့် ဘယ်သူဖျက်လို့မှမရ။ လက်ထပ်ခဲ့ကြောင်း အဖြစ်အပျက်ကို နတ်သံနှောပြောပြီး ဖြစ်ပါသည်။

*"မောင်ချစ်ဖေရဲ့သူငယ်ချင်းအဖြစ်များ သွားကြည့်စမ်းပါဦးတော်၊ သူက ဖြင့် အမရာလို မယားလေး ရသလောက်ထင်နေတာပဲ* ... စစ်အတွင်းက စစ်ဗိုလ်တွေ ဈေးကောင်းတုန်းက တွေ့ကြတာပေါ့။ ဈေးထဲမှာ အထည်ကလေးစ၊ ဘာစရောင်းတဲ့ဟာမလေးပါ။ အဲဒါကို ကိုယ်နဲ့အဆင့်အတန်းချင်းမတူပါဘူး၊ စဉ်းစားပါလို့ ပြောတာကို မရပါဘူးကွယ် ... ဒေါ်ဒေါ်တို့က အခုလို အဆင့်အတန်းချင်းမတူဘူးလို့ ပြောတာကိုပဲ ဒေါ်ဒေါ်တို့လိုလားတာက ခနရှင်အိမ်ထောင်ရေးစနစ်တဲ့ ... ဂုဏ်၊ အဆင့်အတန်းချင်းဖလှယ်ဆိုလား ဘာဆိုလား ... ပြောလိုက်တာ ရစရာမရှိပါဘူးကွယ် ... အချစ်ဆိုတာ အဆင့်အတန်းတွေ၊ ဂုဏ်တွေမရွေးဘူးတဲ့။ အဲဒါမှ အချစ်စစ်တဲ့။ ဒီတော့ ဒေါ်ဒေါ်က မင်းကတော့ အချစ်စစ်ဟုတ်ပါပြီ၊ အခြေအနေမရှိ အညတြ အတန်းအစားထဲက မိန်းကလေးက မင်းလိုပညာတတ်၊ မိကောင်းဖခင်သားသမီး စစ်ဗိုလ်ကိုကြိုက်တာကကော အချစ်စစ်တဲ့လားလို့ ဒေါ်ဒေါ်က မေးလိုက်တော့ စိတ်ဆိုးလိုက်တာ ဆတ်ဆတ်တုန်လို့ .. ဒေါ်ဒေါ်တို့က ခနရှင်တွေမို့ ကိုယ့်စိတ်နဲ့ ကိုယ်ချင်းစာပြောတာတဲ့ ... ပုတ်ခတ်သွားလိုက်သေးတယ်။ တစ်သက်လုံးက ချစ်လာတဲ့အဒေါ်ကို ဒီလိုပြောတာများ မောင်ချစ်ဖေရယ် အသည်းနာပါရဲ့ ...

mgyee.com

mgyoe.com


ဒါကြောင့် မို့ပြောလိုက်တယ် ... မင်းက စားချိတ်နိုင်တဲ့စစ်ဗိုလ်လုပ်နေတုန်းတော့ ကြည် ဖြူမှာပဲ၊ *ဒီစားတွေ၊ လိုင်းတွေ ပြုတ်တော့ သိလိမ့်မဟဲ့ ... မျက်စိဒေါက်ထောက် ရှဦးမှာပဲဟဲ့ လို့ ပြောလိုက်တယ်"*

ကိုကိုကြီးသည် မော်တော်ကားကို အရှိန်ပို မြန်မြန်မောင်းပါသည်။ တဝီးဝီး တိုက်နေသောလေထဲတွင် ဒေါ်ဒေါ်ရှင်၏စကားသံများ ကျွန်တော်၏ နားတွင်းသို့ ကျုံးဝင်နေပါသည်။

"ဒေါ်ဒေါ်ရှင်က ပြောပြီးသားမဟုတ်လား ... ငါ့ကို မေးနေရသေးလား"ဟု ကိုကိုကြီးက ကုလားမနိုင် ရခိုင်မဲ မာန်လိုက်ပြန်ပါသည်။ ကျွန်တော့်မှာ မျက်နှာ သေကလေးနှင့် ဘာပြောရမှန်းမသိပါ။ သူငယ်ချင်းပင်ဖြစ်သော်လည်း ကိုကိုကြီး မျက်နှာတင်းလျှင် ကျွန်တော် ကြောက်ပါသည်။ ဒါနှင့် စကားစ ပြတ်သွားပြန်ပါ သည်။ ခဏကြာမှ ကိုကိုကြီးက ခပ်အေးအေးပင် ပြန်၍ စကားဆက်ပါသည်။

"ဒေါ်ဒေါ်ရှင်တို့ကတော့ကွာ ဂုဏ်စကား အဆင့်အတန်းစကားမပါရင် ပြောလို့မဖြစ်ဘူးကွ၊ ငါမိန်းမယူတာက ငါပျော်ဖို့ယူတာ ....။ သူ ဂုဏ်ရှိဖို့ယူတာ မဟုတ်ဘူး။ ဒီတော့ ငါသဘောကျတာ ငါယူတာပဲ ...မင်းဆိုရင်လည်း ငါ့လို လုပ်မှာပဲ ... ဆွေမျိုးတွေဂုဏ်တက်အောင် ကိုယ်မကြိုက်တာကို မင်းဖြင့် ယူမလား"

"ဒါတော့ အရှင်းသားပဲကွာ၊ ဘာလို့ယူလိမ့်မလဲ ကိုယ်ကြိုက်တာ ကိုယ် ယူမှာပေါ့"

ဤသို့ဖြေလိုက်စဉ်မှာပင် ဒေါ်ဒေါ်ရှင်၏စကားများ နားထဲ လာ၍ ကြား လာမိပါသည်။

*"ဒေါ်ဒေါ်တို့က ဒါလောက် ဂုဏ်တွေမက်မောလို့မဟုတ်ပါဘူး၊* ခုပြော နေတာ ဒေါ်ဒေါ်တို့အတွက်ပြောနေတာမဟုတ်ဘူး၊ သူ့အတွက်ပြောရတာ၊ ဒေါ် ဒေါ်တို့နဲ့ နေရမှာမဟုတ်ဘူး၊ သူနဲ့နေရမှာ ... နောက်ကျတော့ သူပဲစိတ်ပျက်ရမှာ ... အဆင့်အတန်းချင်းမတူရင် *အိမ်ထောင်ရေးဟာ ဘယ်တော့မှ မပျော်နိုင်ဘူး"*

ကိုကိုကြီးက စကားပြန်ဆက်ပြန်သည်။

"တို့လူငယ်တွေနဲ့ သူတို့နဲ့တော့ တစ်ဖက်တစ်လမ်းပါပဲကွာ ... ခုတော့ သူတို့ ဘာပြောပြော တို့ဘာသာနေကြတာပဲ"

"ဒါနဲ့ မင်းတို့တွေ့ကြပုံပြောပါဦးကွ"

"တွေ့ပုံက မဆန်းပါဘူး၊ ငါ့တပ်ချတဲ့မြို့ကလေးက အလှူတစ်ခုမှာ တွေ့ တာပါပဲ ... သူကလည်း ရွာထဲမှာ အချောဆုံးကွမ်းတောင်ကိုင်ဆိုပါတော့၊ သူတို့ ကလည်း တပ်မတော်ဆိုရင် စေတနာထားပြီး အစစအကူအညီပေးရင်း ခင်သွား

mgyoe.com

mgyde.com

တာပါပဲ"

ကျွန်တော့်နားထဲတွင် ဒေါ်ဒေါ်ရှင်၏စကားရောက်လာပြန်ပါသည်။

"ပြောတော့ ကိုယ့်ဗမာ(မြန်မာ)အမျိုးသမီးတွေအကြောင်း မကောင်းဘူးမောင်ချစ်ဖေရဲ့ ... စစ်ဗိုလ်ဆိုရင် ငမ်းငမ်းတက်၊ ဟိုတုန်းက မျိုးချစ်စိတ်ဆိုတာ ချိုနဲ့လားမေးတဲ့လူတွေက စစ်ဗိုလ်တွေကို အရေးပေးလိုက်ရတာ အမောပါပဲ၊ ခမှာ စားချိတ်နိုင်ရင် နောက်က တစ်သီးကြီးလိုက်တာပဲ၊ မောင်ကိုကြီးကလည်း တပ်ရင်းမှူး ရာထူးအကြီးဆုံးဆိုတော့ ထိပ်သီးကွမ်းတောင်ကိုင်ကို ရတာပေါ့"

"အခု မင်းတို့အကြောင်းဆုံကြတာ ဘယ်လောက်ကြာပြီလဲ"ဟု ကျွန်တော်က မေးလိုက်ပါသည်။

"အင်္ဂလိပ်ပြေးပြီးလို့ ငါလည်း ဘီ–အိုင်–အေတပ်ထဲဝင် လေးငါးခြောက်လကြာတော့ သူနဲ့တွေ့တာပဲ၊ အခု သုံးနှစ်ကျော်သွားပြီ ... သမီးကလေး အခု ၂ နှစ်သမီးရှိပြီ"

"အခုအထိ မင်းတို့ပျော်လို့ပဲမဟုတ်လား ... မင်းမိန်းမကိုလည်း စိတ်တိုင်းကျနေလျက်ပဲ မဟုတ်လား"

"ပျော်တာပေါ့ကွ ...စိတ်တိုင်းလည်းကျတာပေါ့။ မင်းကလည်း ဒေါ်ဒေါ်ရှင်ရဲ့စကားတွေနားဝင်ပြီး ဘယ်လိုမျှားအောက်မေ့နေပြန်တာလဲ ... ဒါကြောင့် အခုလိုက်ကြည့်ဖို့ခေါ်တာပေါ့"

"ဒေါ်ဒေါ်ရှင်ရဲ့စကားယုံလို့မဟုတ်ပါဘူးကွာ၊ ငါက မင်းသဘောကျတာ ဒီလိုရိုးရိုးမိန်းကလေးမျိုးမှ ဟုတ်ရဲ့လားလို့၊ မင်း အရင်က သဘောကျဖူးဘူးတဲ့ မိန်းကလေးမျိုးနဲ့ အခု မိန်းမနဲ့ တူမယ်မထင်လို့ မေးကြည့်တာပါ"

ကိုကိုကြီး မျက်နှာပျက်သွားပါသည်။ ကျွန်တော့်မှာလည်း သူနှင့်တွေ့ကတည်းက ထိုအကြောင်းကို မေးချင်လှပါသည်။ စကားစကို ဖော်လို့မဖြစ်နိုင်။ လူချင်း ချောက်ကမ်းပါးခြားသလို ဝေးကွာ၍ တစ်ဦးနှင့်တစ်ဦး မဆက်မိနိုင်၍ ယခုအချိန်အထိ အခြားစကားများကိုသာ ဦးလှည့်နေခဲ့သည်။ ယခုတစ်ကြိမ်မူ ကျွန်တော်သည် လက်လှမ်းမီသည့်နေရာ ရောက်အလာတွင် ချောက်ကမ်းပါးတစ်ဖက်သို့ အရဲစွန့်၍ ခုန်လိုက်ခြင်းဖြစ်ပါသည်။ ကိုကိုကြီးက စကားဆက်မပြောလျှင် ကျွန်တော်မှာ ချောက်ကမ်းပါးတစ်ဖက်၌ လက်တွယ်မိရုံ တန်းလန်းကျန်နေခဲ့တော့မည်။ ကိုကိုကြီးဆက်ပြောမည့် စကားကိုသာ ရင်တထိတ်ထိတ်နှင့် နားထောင်နေမိပါသည်။

"ငါ့ဘဝရဲ့စာအုပ်ကြီးထဲမှာ အခန်းတစ်ခန်းနဲ့ တစ်ခန်း မတူပေဘူးပေါ့

mgyde.com

mgyoe.com

ကွာ၊ အဲဟိုအချိန်တုန်းကတော့ မင်းပြောသလို ထင်စရာပဲ၊ မင်းပြောတဲ့ကိစ္စဟာ ငါ့ဘဝစာအုပ်ကြီးထဲမှာ အရေးမကြီးတဲ့အခန်းတစ်ခုလောက်သာ ဖြစ်သွားတော့တာပဲ"

တော်ပါသေး၏။ ကျွန်တော့်မှာ ကမ်းပါးကတွယ်တက်နိုင်ပါပြီ။ ကိုကိုကြီးနှင့် စကားဆက်နိုင်ပါပြီ။

"ဒီလိုဆိုရင်လည်း ကောင်းတာပါပဲကွာ ... ဟော လှည်းကူးတောင်ရောက်ပြီ၊ တစ်ခုခုဆင်းစားကြဦးစို့"ကျွန်တော်တို့ ကားရပ်၍ ဆိုင်တစ်ဆိုင်ဝင်ကာ စားကြသောက်ကြပါသည်။

"အရေးမကြီးတဲ့အခန်းတစ်ခန်း ..." ဟု ကိုကိုကြီးက ပြောသည်ကို ကျွန်တော် အကြွင်းမဲ့မယုံကြည်နိုင်ပါ။ ထို့ကြောင့် ကျွန်တော်တို့မှာ ချောက်ကမ်းပါးခြားမြဲခြားနေသည်။ ကျွန်တော်၏မျက်စိထဲတွင် ကိုကိုကြီး၏ ပြည်ကျောင်းဆောင်အခန်းထဲတွင် မြင်တွေ့ခဲ့ရသော အဖြစ်အပျက်များကို ရုပ်ရှင်ပြခန်းသဖွယ် ပြန်၍ထင်မြင်ယောင်မိပါသည်။

* * *

၁၉၄၀ ခုနှစ်၊ တက္ကသိုလ်ပြည်ကျောင်းဆောင်

"ဒေါက် ... ဒေါက် ဟေး ကိုကိုကြီး ... အခန်းတံခါးပိတ် ဘာဆွေးနေတာလဲ"

"ဘယ်သူလဲ ... ဖိုးချစ်ဖေလားဟေ့၊ အေးအေး လာပြီ"

"ကြာလိုက်တာဗျာ .. မြန်မြန်ဖွင့်စမ်းပါ၊ ဘာတွေလုပ်နေတာလဲ"

"အံမာလေး .. ငါ့လူရ စိတ်ကလည်း မရှည်လိုက်တာ၊ ဘာကိစ္စများ အရေးကြီးလာလို့လဲ"

ကိုကိုကြီး အခန်းတံခါးဖွင့်ပေးပါသည်။

"အံမာ လက်စသပ်တော့ ကိုယ့်လူက ပန်းချီဆရာကြီးလုပ်နေတာကိုး၊ အခန်းထဲလည်း ပန်းချီစတူဒီယိုကျနေတာပဲ၊ ဒီနားမလဲ ထောင်ထားတဲ့ကားချပ်တွေက မနည်းပါလား ... အခုဆွဲနေတဲ့လက်စနဲ့တူတယ်"

"ဟ မလုပ်ပါနဲ့၊ ဒီဟာတော့ မင်းတို့ ကြည့်ခွင့်မပေးနိုင်ဘူး"

"မင်းကလည်း ဈေးတက်လိုက်တာကွာ ... ခါတိုင်းများဖြင့် မင်းဆွဲထားတဲ့ပုံတွေကို ငါတို့ကိုခေါ်ခေါ်ပြလိုက်ရတာ အမောပဲမဟုတ်လား၊ မင်းကတောင် လက်ဖက်ရည်တိုက်ပြီး ပြနေရတာများ ... အခုမှ မင်းကဖြစ်နေလိုက်တာ မပြချင်လည်းနေကွာ မကြည့်ချင်ပါဘူး"

mgyoe.com

mgyoe.com

ကိုကိုကြီးမှာ စားပွဲအစွန်းတွင် တင်ပလွဲထိုင်ကာ စီးကရက်တစ်လိပ်ကို မီးညှိရင်း အဝတ်ဖုံးထားသည့် ကားချပ်ကိုလှမ်းကြည့်ကာ ပြုံးနေပါသည်။

"ဒီတစ်ခါ ဆီဆေးနဲ့ လူပုံတူဆွဲကြည့်ထားလို့ပါကွာ၊ အရင်က ရှုမျှော်ခင်းတွေချည့်ဆွဲနေတာ၊ ဒီတစ်ခါဝဲ လူပုံတူဆွဲကြည့်တာကွ"

"လူပုံတူဆွဲတယ်ဆိုရင် မင်းအတော်ဟုတ်နေပြီကွ၊ နေစမ်းပါဦး ဘယ်သူ့ပုံများလဲ ... မင်းဟိုတစ်ခါက ပန်းချီပြပွဲမှာ ဦးဘဉာဏ်ဆွဲတဲ့ လက်ဖက်ရည်ကြမ်းသောက်နေတဲ့ ဗမာအဘိုးကြီးတစ်ယောက်ပုံကို အတော်သဘောကျတယ် မဟုတ်လား၊ ဒီလိုပုံမျိုးဆွဲပြီးရင် သေပျော်ပါပြီလို့တောင် ပြောသေးတာပဲ၊ ပြီးတော့ ကျောင်းဒရဝမ်အဘိုးကြီးကိုလည်း မင်းအတော်ဂရုစိုက်ကြည့်နေတာ ငါ မြင်တယ်၊ မင်း ဦးဘဉာဏ်ရဲ့ပုံမျိုးတော့ အထမြောက်ပြီနဲ့တူတယ်၊ ဝမ်းသာပါတယ်ကွာ ... ကွမ်းဂရက်ကျူးလေးရှင်း ...ပြီးတော့ မင်းစကားနဲ့မင်း သေပေတော့"

ကျွန်တော်သည် ပါးစပ်ကလည်း ဝါစေ့ ဆိတ်စားသလို စကားအမျှင်မပြတ်ပြော၊ ကိုကိုကြီး၏လက်နှစ်ဖက်စလုံးကို ဆွဲလှုပ်ရမ်းပြီးလျှင် ကားချပ်ကိုဖုံးထားသောအဝတ်ကို ဆွဲပစ်လိုက်ပါသည်။

"မင်း လုပ်ပြီ .. အရမ်းချည့်ပဲ၊ ငါ တယ် ပြောလိုက်ရ"

ကျွန်တော့်မှာ ကိုကိုကြီး ကြိမ်းမောင်းသံကိုမကြားနိုင်ဘဲ သုံးချောင်းထောက်ပေါ်တွင် တင်ထားသောပုံကိုသာ ငေးကြည့်နေပါသည်။

"ဟေ ... မခင်မြင့်ရဲ့ပုံပါလား"

"အေး ... ဟုတ်တယ်၊ မခင်မြင့်ရဲ့ပုံလေ ... အဲဒါဘာဖြစ်လဲ မင်းမြင်ချင်တာမြင်ရပြီမဟုတ်လား၊ မင်းနဲ့ဆိုရင် ဘာမှမသိစေချင်တာ မမြင်စေချင်တာ ဖုံးထားလို့မရဘူး၊ ငါတော့ ခက်ပါသေးတယ်ကွာ"

ကိုကိုကြီးပြောတာ မှန်ပါသည်။ သူ့ကိစ္စရှိသမျှကို ကျွန်တော်က ပေါက်ပေါက်ရှာရှာ မေးမြန်းတတ်သဖြင့် ဘာမဆို မပြောချင်သည်ဖြစ်စေ၊ ပြောချင်သည်ဖြစ်စေ ကိုကိုကြီးမှာ ကျွန်တော့်ကိုပြောခဲ့ရပါသည်။

* * *

ယခုလည်း လှည်းကူးမော်တော်ကားဆိပ် ခေါက်ဆွဲဆိုင်တွင် နှစ်ယောက်သား ခေါက်ဆွဲစားကြရင်း မခင်မြင့်အကြောင်းကို သိပ်မေးချင်လှပါသည်။ "အရေးမကြီးတဲ့အခန်းတစ်ခု" ဟု သူကဆိုသည်။ ဟုတ်နိုင်ပါ့မလား ... မခင်မြင့်မှာ ကိုကိုကြီးနှင့် တက္ကသိုလ်တွင် ဉပစာတန်းကစ၍ သိကျွမ်းခဲ့သည်။ ကိုကိုကြီး ဉပဒေတန်းတက်နေသောအခါ မခင်မြင့် ဘီအိုးဒီတက်နေသည်။ သူတို့ချင်း

mgyoe.com

mgyoe.com
ကြိုက်သလား မကြိုက်သလားကိုကား ဘယ်လိုမှ အစ်အောက်မေး၍ မရရာ ကျွန်တော် စစ်ဆေးရေးအရာရှိ မောင်ချစ်ဖေ လက်လျှော့ခဲ့ရသည်။ နှစ်ယောက် စလုံးစိတ်ထဲကတော့ ကြိုက်နေတာပဲ ...။ ဘယ်သူကမှ စမပြောရဲတာနဲ့တူ တယ်ဟူသော အဆုံးအဖြတ်နှင့်ပင် ကျေနပ်ခဲ့ရပါသည်။ မခင်မြင့်ကိုယ်တိုင် ပန်းချီမရေးတတ်သော်လည်း ပန်းချီအကြောင်း စာအုပ်စာတမ်းများဖတ်သည်။ ကိုကိုကြီးနှင့် ပန်းချီအကြောင်း ဆွေးနွေးကြသည်။ မခင်မြင့်သည် ခေတ်လည်း မဆန်လွန်း၊ ရှေးရိုးမကျလွန်း၊ ခေတ်မီအမျိုးသမီးတစ်ယောက်ဖြစ်သည်။ သူတို့ ချင်းခင်မင်သည်ကား ယုံမှားဖွယ်ရာမရှိချေ။ ကိုကိုကြီး၏ ပထမအကြိမ် ရေးဆွဲ သောပုံတူမှာ မခင်မြင့်၏ပုံတူဖြစ်သည်။

ကျွန်တော်သည် စားပွဲတစ်ဖက်ကထိုင်၍ ခေါက်ဆွဲစားနေသော ကိုကို ကြီးကို လှမ်းကြည့်ရင်း ဟိုစဉ်အခါက မခင်မြင့်၏ပုံကို သူက ဆေးခြယ်အချော ကိုင်ပုံ၊ ရုပ်ပုံကို ဝေဖန်ပုံများ ပြန်သတိရမိပြန်ပါသည်။

"မင်းကလည်းကွာ .. ဆံထုံးနဲ့ဘာနဲ့ ကျကျနနဝတ်စားတဲ့ပုံမျိုး ဆွဲတာ မဟုတ်ဘူး၊ ဘယ့်နှယ် နှစ်ပတ်ရှိနောက်တွဲဆံထုံးနဲ့၊ ပြီးတော့လည်း ဓာတ်ပုံများလို မျက်လုံးမျက်ဖန် ပွင့်ပွင့်လင်းလင်းမဟုတ်၊ အောက်စိုက်လို့"

"မင်း အနုပညာနဲ့ အတော်ဉာဏ်ဝေးသေးတာဘဲ၊ မင်းတို့က မခင်မြင့် ကို ကောလိပ်ကျောင်းသူဖက်ရှင်ကျကျ ဝတ်ဆင်ထားတဲ့ခေတ်မီအမျိုးသမီးလိုက လွဲပြီး မင်းတို့မမြင်တတ်ဘူး။ မခင်မြင့်ကို မိန်းမချော မိန်းမလှတစ်ယောက်အဖြစ် ထက်ပိုပြီး ငါက မြင်ထားတာ"

"ဘယ်လိုများ မျက်လုံးတော်စူးရောက်ထားသလဲ ဆိုစမ်းပါဦး၊ ဘာတွေ များ ဒိပြင်မြင်သေးသလဲ၊ ပုံထဲမှာလည်း ကျွန်တော်တို့မြင်ရတာအပြင် ဘာမှ ထူး မပါပါကလား"

"တယ်လေ ... မင့်အမေ ပြောလိုက်ရမကောင်းဘူး၊ သွား ... သွား မင်း ငါ့ဆီမလာနဲ့"

"စိတ်မဆိုးပါနဲ့ နောင်ကြီးရာ။ အလကားပြောတာပါ မသိလို့မေးတာပါ၊ ပြောပါဦး ဘယ်လိုလဲ"

"ဒီလိုနောက်တွဲနှစ်ပတ်ရှိဆံထုံးနဲ့ စာအုပ်ကလေးလက်ကကိုင်ပြီး မျက် လွှာချ စာအုပ်ကိုစူးစိုက်နေတဲ့ပုံကြည့်ခြင်းအားဖြင့် ဒီမိန်းမရဲ့ တည်ကြည်တဲ့ စိတ် သဘောကို တမင်ဖော်ထားတာကွ။ ငါက သူ့ရုပ်ဆင်းသဏ္ဌာန်မဟုတ်ဘူး၊ စိတ်ဓာတ်ကိုပါ ပေါ်လာအောင်ဆွဲတာ၊ ဟောဒီမှာကြည့်စမ်း .. သူ့ရဲ့နဖူးကျယ်
mgyoe.com

mgyoe.com


နှာရောင်ဖြောင့်စင်းတာကို ပေါ်အောင် တမင်မျက်နှာကို ခပ်စောင်းစောင်းဆွဲထားတယ်၊ မျက်နှာတစ်ဖက်က ပါးမို့ကလေး မျက်တောင်ကော့ကလေးပေါ်အောင် ဘေးစောင်းကြီးမဆွဲတာ ... တစ်ခါ သူ့ဆီသွားလည်တုန်းက သူတို့ ကျောင်းဆောင်ရှေ့နားမှာ ထိုင်ပြီး စာဖတ်နေတာ တစ်ခါမြင်လိုက်ရဖူးတယ်၊ ဒီတော့ ဘာသွားသတိရသလဲသိလား ... ဟိုရှေးခေတ်က အီတာလီယန်ပန်းချီကျော် ကောရီဂျီယိုဆွဲတဲ့ "ဆိန့်ကက်သရင်း"ဆိုတဲ့ သူတော်ရှင်မပုံကို ချက်ချင်း မျက်စိထဲသွားမြင်တာပဲ၊ ကြည့်စမ်း သူ့နှုတ်ကလေးက စာကို အသံမထွက်ဘဲ ခပ်တိုးတိုးဖတ်နေပုံမပေါ်ဘူးလား၊ စာအုပ်ကို စူးစိုက်မျက်လွှာချထားတဲ့အတွက် မျက်ခွံပါးကလေးက ပိုလှမသွားဘူးလား။ မင်းပြောသလို သူ့မျက်လုံးကိုမမြင်ရပေမဲ့ ဟောဒီမျက်ခွံပါးကလေးအောက်မှာရှိတဲ့မျက်လုံးဟာ ဘယ်လောက်လှမယ်ဆိုတာ မြင်ရတဲ့လူရဲ့စိတ်ထဲမှာ အလိုလိုသိသွားတယ်မဟုတ်လား၊ အနုပညာဆိုတာ မှတ်ထား ... ရှိသမျှဘုံးဘောလအော ထုတ်ပြတာမျိုး မဟုတ်ဘူး ... ခုလို ဣန္ဒြေရရ ကိုယ်ရှိန်သတ်ပြီး ပြရတာမျိုးကွဲ့"

ကိုကိုကြီးသည် ကျွန်တော့်ကို စကားတုံ့ပြန်ပြောနေရသည်ဆိုသော်လည်း သူ့ကိုယ်သူကြည်နူးပြီး ပြောနေသည်နှင့်သာတူတော့သည်။

အရေးမကြီးတဲ့အခန်းကဏ္ဍဆိုတာ ဖြစ်နိုင်ပါ့မလား။ မခင်မြင့်ရဲ့ရုပ်ပုံပန်းချီကား ဘယ်ရောက်သွားသလဲ။ ရန်ကုန်ကထွက်လာခါစက အခု ကိုကိုကြီး ပန်းချီဆွဲသေးလားမေးတော့ မျက်နှာညိုပြီး တခြားစကားတွေ ဆက်ပြောတယ် ... အဲဒါကို ဆက်မေးရင်ပေါ်မှာပဲ။

ကျွန်တော်တို့လည်း ခေါက်ဆွဲစားပြီး ကားဆက်၍မောင်းလာပါသည်။ လမ်းတွင် ကျွန်တော်မေးမည့်စကားကို မမေးရတော့ပါ။ ကိုကိုကြီးသည် သူ့မိန်းမ ဘယ်လောက်လိမ္မာကြောင်း၊ ချောကြောင်း၊ လှကြောင်း၊ မိန်းမချီးမွမ်းခန်းဖွင့်ပါသည်။ "မေက .. မေက" ဟု တစ်မေတည်းမေနေပါသည်။ "မေက သိပ်ပြီးခင်တတ်တာပဲ၊ ငါ့သူငယ်ချင်းတွေဆိုရင် အလွန်ပြုစုတာပဲ .. သိပ်တော်တာပဲ ... ဒေါ်ဒေါ်ရှင်တို့က ဒါနဲ့တောင် သိပ်ပြောချင်ကြတာ" အစရှိသဖြင့် ပြောပါသည်။

တစ်မေတည်းမေရင်းပင် ပဲခူးအဝင် ကျိုက်ပွန်ဘုရားသို့ ရောက်လာခဲ့ပါသည်။ ကိုကိုကြီး မေ ... မေနှင့် ပါးစပ်ဖျား ဝဲနေစဉ် ဒေါ်ဒေါ်ရှင်၏ စကားကို ပြန်ကြားယောင်ပြန်ပါသည်။

*"နာမည်က မအေးမေပါတဲ့ကွာ ... အဲဒါကို မေလို့နာမည်ပြောင်း၊ မောင်ကိုကြီးက တမေတည်း မေနေတာပါပဲ"*

mgyoe.com

mgyoe.com


ကိုကိုကြီးတို့အိမ်မှာ ပဲခူးလိပ်ပြာကန်အနီး သပ်ရပ်ခံ့ညားသောနှစ်ထပ်အိမ်ဖြစ်ပါသည်။

"ဟော့ ကိုကိုပြန်လာပြီ၊ သမီးရေ .. ဒယ်ဒီပြန်လာပြီ" ဟူသောအသံနှင့်အတူ စာဆိုအတိုင်း ညီပေသည့် မိန်းမငယ်တစ်ဦးက အလွန်ချစ်စရာကောင်း သောကလေးလေးကိုချီ၍ ဆီးကြိုပါသည်။ မေခေါ် မအေးမေမှာ သူ့မျက်နှာနှင့် လိုက်လျောသည့် ဆံပင်အမောက်ကလေးနှင့် ကြည့်လို့ကောင်းလှသည်။ ဒေါ်ဒေါ်ရှင်ပြောသလို မြို့ဟန်ဖမ်းသည့် တောသူခွကျကျမျိုးမဟုတ်ပါ။ ဤကဲ့သို့ ချောလှချစ်စရာကောင်းသော ဇနီးသည်ကလေးကို အဘယ်လင်သားသည် "မအေးမေ" ဟု တုံးတိတိ ခေါ်ရက်ပါမည်နည်း။

"ဟော့ ဖိုးချစ်ဖေ ... ကိုယ့်အိမ်လိုသဘောထားပြီးနေဟော့၊ ဘာမှ အားမနာနဲ့"

"ဘာမှ အားမနာပါနဲ့ရှင် ... ကိုကို့သူငယ်ချင်းဆိုရင် ကျွန်မတို့ ဆွေမျိုးအရင်းအချာလိုပဲ ခင်ပါတယ်၊ ကိုယ့်အိမ်လို သဘောထားပြီးနေပါ လိုတာရှိလည်းပြောပါ"

ကျွန်တော့်မှာ သူငယ်ချင်းဇနီးမောင်နှံ ဖော်ရွေမှုကြောင့် ဝမ်းသာသွားပါသည်။ ထမင်းစားပွဲတွင် ငါးသားလောက်ပေါင်းကို ကျွန်တော်ကြိုက်သည်ဆို၍ မရမက ဝယ်စီမံရကြောင်း မေက ပြောပါသည်။

ထမင်းစားသောက်ပြီးလျှင် မေသည် အခန်းထဲဝင်၍ ကလေးသိပ်နေရာ ကျွန်တော်နှင့် ကိုကိုကြီးတို့မှာ အိမ်ရှေ့ဝရံတာတွင် ဆေးလိပ်သောက်ရင်း စကားပြောကြပြန်ပါသည်။ ကျွန်တော်သည် အဲဟိုပန်းချီကားအကြောင်းကို မေးချင်ပါသည်။ လမ်းတုန်းက မမေးခဲ့မိရာ အိမ်ရောက်မှမေးရန် ခဲယဉ်းလှသည်။ ထိုအကြောင်း မေသိလေရဲ့လားမသိ၊ ပုံမတော်လျှင် အိမ်ပေါ်က ကျွန်တော်ဆင်းပြေးချင်ပြေးနေရဦးမည်။ ထို့ကြောင့် ဘေးကင်းရန်ကင်းစကားများကိုသာ ပြောဆိုဆွေးနွေးကြရပါတော့သည်။

"မင်း စစ်တပ်မှာပဲ ဆက်လုပ်မလား"

"မသိသေးဘူး ဖိုးချစ်ဖေ(ဘက်ပေး) လခတွေ ရတာတွေကို ရှင်းနိုးပြီး အလုပ်တစ်ခုခုလုပ် ... မေကလည်း အရောင်းအဝယ်ဘက်မှာ ဝါသနာရှိတယ်၊ ငါလည်း ငါဝါသနာပါတဲ့ ပန်းချီဆွဲ စိတ်အေးအေးပဲနေချင်တာပဲ"

ဤနေရာတွင် ကျွန်တော် မေးစရာအချက်ပေါ်ပြီးဖြစ်၍ မခင်မြင့်၏ ပန်းချီကားအကြောင်း မေးမည်ပြုနေစဉ် လက်ဖက်ရည်ကြမ်း၊ လက်ဖက်၊ ချင်းသုပ်

mgyoe.com

mgyoe.com


အမြည်းအစုံအလင် လာပို့သော အိမ်ရှင်မ မေ ဝင်လာသဖြင့် ကျွန်တော့်မှာ အသာ နေလိုက်ရသည်။

"မေရေ … ကိုကို ဟိုနေ့ကဆွဲထားတဲ့ ပန်းချီကား ယူခဲ့စမ်းပါကွယ်" ဟု ပြောလိုက်ရာ မေ ပြန်ဝင်သွား၍ တစ်တောင်ခန့်ရှိသော ပန်းချီကားတစ်ချပ်ယူလာပါသည်။

"ကြည့်ကွ … ဒီမှာ ငါ့ဇနီးချောရဲ့ပုံပဲ၊ ငါ့လက်ရာတွေ သိပ်တိုးမနေဘူးလား"

ကျွန်တော်သည် မေ၏ရုပ်ပုံကားကိုကြည့်ရှုရာ ယခင်က လက်ရာနှင့် မတူ၊ အလွန်ပင်ကွာခြားလှပါသည်။ ကောင်းသည်ဆိုးသည်ကိုကား မဝေဖန်တတ်ပါ။ မေ၏ရုပ်ပုံမှာအလွန်လှပါသည်။ မေ၏ နဂို ဆပ်သဝါအသားမှာ ဝင်းနေသည်။ ဆံပင်အမောက်ကလေး ကြွကြွတွင် သဇင်ခက်ကလေးတွေ ဝေနေသည်။ ထိုခေတ်က ဖက်ရှင်ဖြစ်သည့် ပါးလွှာသော လေထီးပိုးအင်္ကျီနှင့် ဇာဘော်လီပုံမှာ သဘာဝ ကျကျ ပေါ်လွင်နေသည်။ လည်ပင်းတွင်ဆွဲထားသော ရောင်စုံကျောက်ဘယက်မှာ အသားနှင့် ပနာရပါသည်။ ပျော့ပြောင်းသော လက်ကလေးများမှာ မေးစေ့နားဆီ ထောက်ထား၍ ခပ်ပြုံးပြုံးကလေးနေသည်။ ရယ်နေသော မျက်လုံးများမှာ ညို့ဓာတ်ပါလှပေသည်။

ကျွန်တော်သည် မေ၏ရုပ်ပုံကိုကြည့်ရင်း မခင်မြင့်ရုပ်ပုံကိုသာ သွား၍ သတိရနေသည်။

"အနုပညာဆိုတာ ဘုံးဘောလအော ထုတ်ပြရတာမျိုးမဟုတ်ဘူး၊ ကိုယ်ရှိန်သတ်ပြီး သိုသိုသိပ်သိပ် ဣန္ဒြေရရ ပြရတာ၊ ငါက သူ့ရုပ်ဆင်းသဏ္ဌာန် သာမဟုတ်ဘူး … စိတ်ဓာတ်ကိုပါ ပေါ်အောင်ဆွဲတာ …"

"မျက်လွှာချထားတော့ မျက်ခွံပါးကလေးက ပိုလှမသွားဘူးလား"

"သူတော်ရှင်မ ဆိန့်ကက်သရင်းပုံကို ချက်ချင်းသတိရတာပဲ"

ဟိုတုန်းက ကိုကိုကြီးပြောသည့် စကားများသည် ကျွန်တော့်နားထဲ လိုမ့်ဝင်လာပါသည်။ မေမှာ သူ့ရုပ်ပုံကို အတော်သဘောကျနေဟန်ရှိသည်။

"ကိုယ့်ချစ်ဇနီးပုံဆိုတော့ကွာ သိပ်စိတ်ပါပြီးဆွဲတော့ မကောင်းဘဲရှိပါ့ မလား" ဟု ကျွန်တော်က ချီးမွမ်းလိုက်ပါသည်။

"ဟုတ်တယ် ကိုကိုဆွဲတဲ့ပုံထဲမှာ မေ့ပုံအကောင်းဆုံးပဲ၊ ပန်းချီပြပွဲသွင်းနော်"

ကျွန်တော်က စိတ်ထဲမခံချင်သလိုဖြစ်သွားကာ "ဒါထက် ကိုကိုကြီး အရင်

mgyoe.com

mgyoe.com

တစ်ခါက ကျောင်းတုန်းက ဆွဲဖူးတဲ့ပုံနဲ့ ဒါနဲ့ ဘယ်လိုနေပါ့မလဲ" ဟု ပါးစပ်ဆော့လိုက်ပါသည်။ ကိုကိုကြီးမှာ ရုတ်တရက် ပြန်မဖြေဘဲ မျက်နှာပျက်နေပါသည်။ မေသည် ကိုကိုကြီး၏မျက်နှာနှင့် ကျွန်တော့်မျက်နှာကို တစ်လှည့်စီကြည့် အကဲခတ်နေပါသည်။ ဒီလူ သူ့မိန်းမကို ဒီအကြောင်းမပြောဖူးသည်မှာ သေချာသွားပါသည်။

"ဘယ်ပုံပြောတာလဲကိုကို၊ ကိုဆွဲတဲ့ပုံတွေထဲမှာ တစ်ခါမှ လူရုပ်ပုံမတွေ့ဖူးပါလား၊ တောကား တောင်ကားတွေချည်းပဲ"

မေ၏မျက်လုံးများမှာ မယုံကြည်သောအရိပ်အရောင်များပေါ်နေသည်။ ကိုကိုကြီးမှာ စဉ်းစားတွေဝေနေသည်။

"မင်းကလည်းကွာ ... မေ့နေပြီလား၊ ဦးဘဉာဏ်ဆွဲတဲ့အဘိုးကြီးပုံကို အားကျပြီး မင်းတစ်ခါဆွဲပါရောလား .. ကျောင်းက ဒရဝမ်အဘိုးကြီးပုံလေ"

ကျွန်တော်က ဝင်ကယ်လိုက်ပါသည်။

"ဪ ... အဲဒါလား၊ စစ်အတွင်းက ဘယ်ရောက်တယ်မသိပါဘူး၊ ပျောက်တဲ့ကားတွေလည်း အများကြီးပါပဲ"

ကိုကိုကြီးမှာ စိတ်သက်သာရာရသွားပါသည်။

မေသည် ကျွန်တော်တို့စကားတွင် စိတ်မဝင်စားတော့ဘဲ လက်ဖက်ပန်းကန်ထဲမှ ကြက်သွန်ဖြူများကို အမှေးနွှင်နေပါသည်။

"ဟော့ ကိုကိုကြီး၊ အဲဒီအဘိုးကြီးပုံက ပိုကောင်းတယ်ထင်တယ်ကွ၊ ဘာလို့လဲဆိုတော့ အဲဒီကားက ရုပ်ပုံသက်သက်မဟုတ်၊ စိတ်ဓာတ်ကိုပါ ပေါ်တယ်၊ ပြီးတော့လည်း မင်းဆွဲတဲ့နေရာမှာ ကိုယ်ရှိန်သတ်ပြီး သိုသိုသိပ်သိပ်ရှိတော့ အနုပညာ ပိုမြောက်တာပေါ့"

ကိုကိုကြီးသည် မချိသွားဖြဲပြုံးကာ "မင်း အတော်တိုးနေပြီ၊ တယ်ဟုတ်နေပါလား" ဟု ပြောပါသည်။ မေသည် သူ့ရုပ်ပုံထက် ပိုချီးမွမ်းသည်ကို နှစ်သက်ပုံမပေါ်ပါ။ "ဘယ့်နှယ်ကြောင့် အဘိုးကြီးပုံက ကျွန်မထက် ပိုလှတာလဲ ကိုချစ်ဖေရဲ့ ... အလကားနောက်နေပြန်ပါပြီ"

"တကယ်ပြောတာမေရဲ့ ... မယုံရင်မေ့ကိုကိုလည်း မေးကြည့်ဦး၊ ပြိုင်ပွဲများသွင်းရင် အဲဒီအဘိုးကြီးပုံက ဆုရမှာ"

"ဒီကောင်ဟာ သိပ်နောက်တာပဲ မေ ... မေ့ကို အရူးလုပ်နေတာ"

"ကိုကိုတို့နှစ်ယောက်က မယုံရပါဘူး၊ အဘိုးကြီးပုံဆိုတာ ဟုတ်ကဲ့လေလား မသိပါဘူး၊ ကိုကို့ရည်းစားပုံများဖြစ်ချင်ဖြစ်နေမှာ ... ဒါပဲနော် မေကဲ

mgyoe.com

mgyoe.com
ဒါမျိုးတော့ မရဘူးသိလား"

မေသည် ရယ်စရာပြောတာမျိုးမဟုတ်ဘဲ မျက်နှာပျက်နေပါသည်။

"မေကလည်း ဒီကောင် နောက်တာ တကယ်ယုံနေပြန်ပါပြီ။ ဒီကောင် အကြောင်း မသိသေးလို့၊ ဒီကောင်လောက် သောင်တင်ရေမရပြောတတ်တာ လူ့ပြည်မှာ မရှိဘူး"

ကျွန်တော့်မှာ တခြားစကားများကို လှီးလွှဲ၍ပြောရပါသည်။ ထိုအခိုက် စစ်တပ်မှ ကားတစ်စင်းလာ၍ ကိုကိုကြီးအား ကိစ္စရှိ၍လာခေါ်ရာ "မေရေ ... ညနေ ထမင်းစားမီပြန်ခဲ့မယ်၊ ဖိုးချစ်ဖေကို ဧည့်ခံရစ်ပေတော့"ဟု မှာသွားပါသည်။ ကျွန်တော့်မှာ အတော်ပျင်းသွားပါသည်။ ကျွန်တော်သည် စာအုပ်တစ်အုပ်ကို ဖတ်၍နေပါသည်။ သို့သော် ကြာကြာမဖတ်ရပါ။ မေအနားသို့ ရောက်လာပါ သည်။

"ကိုချစ်ဖေကြီး ပျင်းနေပြီလား၊ ကိုကိုနဲ့လိုက်သွားတာမဟုတ်ဘူး"

"မေက အိမ်မှာ မနေစေချင်လို့လား၊ သူက ကိစ္စနဲ့သွားတာ ကျွန်တော် လိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ"

"မဟုတ်ပါဘူး ကိုချစ်ဖေသာ လိုက်သွားရင် မေက ကျေးဇူးတင်မှာပေါ့၊ ကိစ္စရှိတာကနည်းနည်း ကိုကိုက တခြားလျှောက်လည်ချင်လည်နေမှာ ကိုချစ်ဖေ ပါသွားရင် ဘယ်လည်နိုင်မလဲ"

"ကျွန်တော်ပါလည်း သူလည်ချင်လည်မှာပေါ့ .. ကျွန်တော့်ကိုကော ယုံရမတဲ့လား"

"ကိုချစ်ဖေတော့ မေ ယုံပါတယ်၊ ကိုကိုကဆို ကိုချစ်ဖေရိုးကြောင်း၊ သဘောကောင်းကြောင်း သိပ်ပြောတာပဲ"

"ကောင်းပါလေဗျာ ... သူငယ်အချင်းချင်း အကောင်းပြောရှာတာ ကျေးဇူး ပါပဲ"

"မသိဘူးလေ .. သူငယ်ချင်းချင်းမို့ ဖုံးစရာရှိလည်း ဖုံးချင်ဖုံးမှာပေါ့၊ ကိုချစ်ဖေကကော ကိုကို့အကြောင်း မဖုံးဘူးလား"

"အို ဘာမှ ဖုံးစရာမရှိဘဲ ဘာလို့ဖုံးရမှာလဲ"

"တကယ်လား ... မေဖြင့်မယုံပေါင်၊ ဟိုအဘိုးကြီးရုပ်ပုံဆိုတာ ဟုတ်မထင် ပေါင်၊ ကောလိပ်ကျောင်းမှာ ဒါလောက်အပျိုချောတွေပေါနေတဲ့အထဲက ဒလဝမ် အဘိုးကြီးပုံကို ဘယ်သူက ဆွဲမှာတဲ့လဲ ... အဲဒါ တကယ်အဘိုးကြီးပုံတဲ့လား"

"ဟုတ်ပါတယ် မေရဲ့"
mgyoe.com

mgyoe.com

"ကိုချစ်ဖေကို ဘုရားစူး"

"မလုပ်ပါနဲ့ မေရာ ... ရွှေမော်ဓောကြီး တစ်ခြမ်းပဲ့နေပါပြီ"

"မိုးကြိုးပစ်"

"ကျွန်တော် တစ်သက်နဲ့ တစ်ကိုယ် မကျိန်တတ်ဘူး"

"ဒါဖြင့် မဟုတ်လို့ပဲ ... ကိုချစ်ဖေက ကိုကိုနဲ့ တစ်ကျိတ်တည်းပဲ၊ မေကဖြင့် ကိုချစ်ဖေအကြောင်းကို ကြားကတည်းက ခင်နေတာ၊ အမျိုးများ တော်ရမလားလို့ အောက်မေ့နေသေးတယ်"

"အဟုတ်လားမေရဲ့ ... မေ့မှာ ညီမတွေ ဘာတွေ ရှိသလား"

"အရင်းတော့ မဟုတ်ပါဘူး၊ ဝမ်းကွဲပါ၊ လယ်ဇေ တစ်ထောင်ကျော် လောက်ရှိတယ်၊ စိန်လက်ဝတ်လက်စားတစ်စုံပါမယ်၊ ရုပ်လည်းသိပ်ချောတယ်၊ မေ့ထက် အရပ်မြင့်တယ်၊ နွဲ့နွဲ့ကလေး မင်းသမီးလေးလိုပဲ ဆံပင်ကလည်း သူ့အရပ်ရှိပဲ ... မျက်ခုံးလေးများစိမ်းလို့"

ကျွန်တော့်မှာ နားထောင်ရင်း ပျင်းလာပါသည်။ မိန်းမအကြောင်းကို ယောကျ်ားချင်းပဲ ဆွေးနွေးရသည်က စိတ်ဝင်စားစရာကောင်းပါသည်။ လယ်ဇေ၊ စိန်ရွှေ၊ မျက်ခုံး၊ ဆံပင်တို့ကို စိတ်မဝင်စားပါ။ မေက သူ့ညီမဝမ်းကွဲအကြောင်း ကျွန်တော် စိတ်ဝင်စားလာအောင် မပြောနိုင်ပါ။ သို့သော် အလွန်ပင် သဘောကျနေ သလို ပြုံးနေရပါသည်။

"ကိုကို့မှာ ကျောင်းတုန်းက ရည်းစားတွေ ဘာတွေမရှိဘူးလား"

"ရှိချင်လည်း ရှိမှာပေါ့ ကျွန်တော်တော့ မသိဘူး၊ ရှိကော ဘာဖြစ်လဲ အခု မေနဲ့ ရပြီပဲ"

"အို မသိနိုင်ဘူး၊ မေက အင်္ဂလိပ်စာလည်းမတတ်ဘူး၊ သူတို့ကောလိပ် ကျောင်းက စာတတ်တဲ့လူတွေဆိုတော့ မေ့ကို ကြာရှည်ကြည်ဖြူပါ့မလားမသိဘူး"

ဒီလိုဆိုတော့လည်း မေ့ကို သနားသွားမိသည်။

"စာတတ်ရုံတော့ သိပ်မခဲယဉ်းပါဘူးမေရယ် ... လူထဲ သူထဲ ရောနှော နိုင်ရုံတော့ သင်ရင်ဖြစ်ပါတယ်။ ကိုကိုကြီးက သင်မပေးဘူးလား"

"ဟိုတုန်းက သူအားတဲ့အခါ သင်ပေးပါရဲ့၊ ဒါပေမဲ့ မေကလည်း သိပ် အချိန်မရဘူး၊ ဂျပန်ခေတ်တုန်းကဆို ဘယ်အားမလဲ၊ ပဒုမ္မာအုပ်ရမယ်၊ သတင်း ကြားရင် လိုက်မေးတာ ဆယ့်လေးငါးရက် မနားရဘူး၊ အဲဒီတုန်းက သတင်း ကြားရာ လိုက်မေးနိုင်မှ သူများနဲ့တူ ဝတ်ရတာ၊ စစ်ဗိုလ်ကတော်ဆိုပြီး ချည် ကြမ်းထည်ကြီးဝတ်ရတာ ကိုကို့မှာ ဂုဏ်ငယ်မှာစိုးလို့ မေးဖြင့် တစ်နေ့တစ်နေ့

mgyoe.com

mgyoe.com


ဒါပဲကြိုးစားနေရတာ ဘယ်မှာ စာသင်ချိန်ရှိပါ့မလဲ"

ကျွန်တော့်မှာ ဘာပြန်ပြောရမှန်း မသိတော့ပါ။ ဒါနှင့် ပြောမိပြောရာ ပြောလိုက်ပါသည်။

"ကိုကိုကြီး စစ်တပ်က ဘယ်တော့ထွက်မှာတဲ့လဲ"

"ကိုကို စစ်တပ်ကထွက်မယ်တဲ့လား၊ ဆက်နေလို့မဖြစ်ဘူးလား ... မထွက်မနေရဘူးတဲ့လား"

"မထွက်ရင်လည်းဖြစ်ပါတယ် ... ဗမာ့တပ်မတော်ပြန်ဖွဲ့တော့ သူတို့ပဲ ပြန်လုပ်ရမှာပဲ၊ ဒါပေမဲ့ ဖိုးကိုက ထွက်မယ်ပြောနေတယ်"

"ကြည့် ... ကြည့် ကိုကိုကလုပ်ပြီ၊ ဘာများစိတ်ကူးရတယ်မသိဘူး၊ တပ်က ထွက်ပြီး ဘာလုပ်မှာတဲ့လဲ၊ မေကဖြင့် ကိုကို ဗိုလ်မှူးကြီးဖြစ်မှ မေတို့မြို့ကို တစ်ခေါက်ပြန်ပြီး သူငယ်ချင်းတွေကြွားမလို့၊ ဒီလိုဆိုရင် မေတို့နဲ့အတူ လက်ထပ်ကြတဲ့ သူငယ်ချင်းတွေရဲ့ယောကျ်ားတွေက ပိုရာထူးကြီးနေမှာပေါ့၊ ကိုကို လုပ်ပုံက မေ့ကို အရှက်ခွဲတာနဲ့ သိပ်တူတာပဲ"

သူ့ယောကျ်ားမရှိတုန်း ကျွန်တော့်မှာ ကြားထဲက ရန်တွေ့ခံနေရပါသည်။

"ကိုချစ်ဖေရဲ့သူငယ်ချင်းလည်း ကြည့်ပြောပါဦးနော် ... မေတော့ သိပ်ညစ်တာပဲ၊ တပ်ကထွက်ပြီး ဘာလုပ်မယ်လို့ပြောသလဲ"

ကျွန်တော့်မှာ ကိုကိုကြီး၏အကြံအစည်ကို မေအား ပြောမပြရဲတော့သဖြင့် "မသိဘူး"ဟု ငြင်းရပါသည်။

"အခု စစ်တပ်က လခတွေစုပေါင်းထုတ်ရဦးမှာ ကိုချစ်ဖေရဲ့၊ တစ်နေ့ကပဲ စိန်ပွဲစားက စိန်လက်ကောက်လာပြသေးတယ်၊ အခုကတည်းက စုံစမ်းကြည့်ထားရတယ် ... ငွေရတဲ့နေ့မှာ ဝယ်ရအောင်လို့၊ တစ်နေ့က မေတို့အမေက ပြောသေးတယ် .. တခြားလူတွေမှာ စိန်နဲ့ ရွှေနဲ့ပြည့်လို့၊ ညည်းမှာ စိန်လက်ကောက်ကလေးမှ မရှိဘူး၊ မရှက်ဘူးလားတဲ့၊ အခုဆို သိပ်ခက်တာပဲ ... သွားစရာ လာစရာရှိရင် သိပ်ရှာရတာပဲ၊ ဒါပေမဲ့ တော်ပါသေးတယ် .. အခုဆိုရင် စစ်ဗိုလ်ကတော်ဆိုတဲ့ ဂုဏ်နဲ့ စိန်ပွဲစားတွေက အိမ်တိုင်ရာရောက် လာပို့ကြတော့သူများထက်သာအောင် ညွတ်နေအောင် ဝတ်သွားနိုင်တာပါပဲ။ မေကလည်း ဒါတွေ တစ်နေ့ကိုယ်ပိုင်ဖြစ်အောင် ဝယ်နိုင်အောင် ဝယ်ပြမယ်လို့ ကြိမ်းထားတာ"

ထိုအခါ ဒေါ်ဒေါ်ရှင်၏စကားများ ပြန်သတိရမိပြန်သည်။

*"ဒေါ်ဒေါ်ကပြောတယ် မောင်ချစ်ဖေရဲ့၊ မောင်ကိုကြီးမိန်းမအတန်းအစားမျိုးက ဝတ်ချင်စားချင်တဲ့နေရာမှာ သူများထက်ကဲတယ် ..လို့*။ ဒီတော့ သူ့ကို

mgyoe.com


ပြောတယ် .. ကျွန်တော့်ကို မေတ္တာစစ်နဲ့ချစ်လို့ယူတာ၊ ကျွန်တော်နဲ့ ဆင်းရဲအတူ ပူအမျှနေမှာပဲ၊ ဒီလိုဂုဏ်ပကာသနတွေထဲနေတဲ့ ဒေါ်ဒေါ်ရှင်တို့သာ ဒီလိုစိတ်မျိုး ရှိတာတဲ့ ... ပြန်ပြောသေးတာ၊ သူ့ကို တကယ်ချစ်လို့ သူထားရာကနေမှာတဲ့ ... *မျက်စိဒေါက်ထောက် ကြည့်ရဦးမှာပေါ့တော် "*

ကျွန်တော်သည် ကိုကိုကြီး မြန်မြန်ပြန်လာပါစေဟုသာ ဆုတောင်းနေပါသည်။ ကျွန်တော်မှာ အစက ညအိပ်မည်ကြံခဲ့သော်လည်း ချက်ချင်း ပြန်ပြေးချင်ပါတော့သည်။ ထိုခဏမှာပင် စစ်တပ်က ဂျစ်ကားလေးနှင့် ကိုကိုကြီး ပြန်လာပါသည်။ ကားပေါ်တွင် မျက်နှာဖြူစစ်ဗိုလ်တစ်ယောက် ပါလာပါသည်။ ကိုကိုကြီး အိမ်ထဲမဝင်သေးဘဲ ကျွန်တော့်ကို လက်ပြခေါ်လိုက်ပါသည်။ မေကား အိမ်ပေါ်က နေ၍ စိတ်ဝင်စားစွာ ကြည့်နေပါသည်။ ကိုကိုကြီးက ကျွန်တော့်ကို သတင်းထူး တစ်ရပ် ပြောပါသည်။ ယခင်က သူရေးဆွဲခဲ့သည့် မခင်မြင့်၏ရုပ်ပုံကို ထိုစစ်ဗိုလ်က ဝယ်မည်တဲ့ ...။

"ဟ ... ဘယ်တုန်းက တွေ့ဖူးလို့လဲ" ဟု အံ့အားသင့်စွာမေးမိပါသည်။

"မင်းကလည်း အရေးထဲ အမေးအမြန်းထူနေပြန်ပြီ။ တော်လှန်ရေးတုန်းက သူတို့စစ်တပ်နဲ့ ပထမဆက်သွယ်ကြကတည်းက ငါနဲ့သိတာ။ အခုမှ တစ်ခါပြန်ရောက်လာလို့ ပြန်တွေ့တာ။ ဟိုတုန်းက သူဝယ်တော့ ငါမရောင်းဘူး၊ ခုတော့ မထူးပါဘူး .. အိမ်မှာလည်း ဘေးများလှတာ မင်းအသိပဲ၊ ရောင်းလိုက်တာပဲ အေးပါတယ်၊ ငွေ ၃၀၀၀ိ တောင် ပေးတယ်ကွ"

"ဒါဖြင့် မင်းပုံက ဘယ်မှာလဲ ဘယ်မှာ ဖွက်ထားသလဲ"

"စစ်နဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေထဲမှာ၊ အပေါ်က စစ်မြေပုံစက္ကူတွေနဲ့ ကပ်ထားတယ်"

ထိုအခိုက် အိမ်ပေါ်ကကြည့်နေသော မေက "ကိုကိုတို့ လမ်းမကြီးမှာ ရပ်နေကြတော့မလား၊ ဧည့်သည်လည်း အိမ်ပေါ်ခေါ်ပါဦး" ဟု လှမ်းပြောပါသည်။ ကျွန်တော်က "ခုမှတော့ ကိစ္စမရှိပါဘူးကွာ၊ ငွေ ၃၀၀၀ိ တောင်ရမှာဆိုရင် မင့်မိန်းမ လည်း စိတ်ဆိုးမှာမဟုတ်ပါဘူး" ဟုပြော၍ ကျွန်တော်တို့ သုံးဦးစလုံး အိမ်ပေါ် တက်လာကြရပါသည်။

ကိုကိုကြီးမှာ အင်္ဂလိပ်စစ်ဗိုလ်နှင့် စကားပြောနေသဖြင့် မေက ဘာကိစ္စ လဲဟု ကျွန်တော့်အား လက်တို့၍ မေးပါသည်။ ကျွန်တော်က ရုပ်ပုံကို ၃၀၀၀ိ ပေး ဝယ်နေကြောင်းပြောရာ မေ၏မျက်နှာမှာ ဝင်းထိန်သွားပါသည်။ သူ၏ရုပ် ပုံကိုပြေးယူကာ စားပွဲပေါ်ချ၍ အင်္ဂလိပ်စစ်ဗိုလ်အား လက်ပြခြေပြပြောပါတော့

mgyoe.com

mgyoe.com

သည်။ စစ်ဗိုလ်မှာ ယဉ်ကျေးစွာပြုံး၍နေသည်။ ကျွန်တော်က မေ၏ပုံမှာ ဇနီးသည်ပုံဖြစ်၍ အမြတ်တနိုးထားသဖြင့် ကိုကိုကြီးကမရောင်းကြောင်း၊ အခြားပုံတစ်ခုကို ရောင်းမည့်အကြောင်း ပြောလိုက်ရပါသည်။ မေက သိပ်သဘောမကျပါ။ "တစ်ပုံ ၃၀၀၀ိ ဆိုရင် နှစ်ပုံရောင်းတော့ ၆၀၀၀ိ ရမှာ ...ရောင်းတာမဟုတ်ဘူး" ဟု ဆိုပါသည်။

ကိုကိုကြီးသည် အိမ်ပေါ်သို့တက်၍ စစ်မြေပုံစာရွက်များ ပတ်ထားသောပုံကိုယူလာပါသည်။ ထိုစာရွက်များကို မဖြေဘဲပေးလိုက်ရန် ရည်ရွယ်ပုံပေါ်ပါသည်။ သို့သော် အင်္ဂလိပ်စစ်ဗိုလ်က ကျွန်းသားပေါင်ကောင်းကောင်း သွင်းပေးပါဦးဟု ဆိုသဖြင့် ထိုကားချပ်မှာ ကိုကိုကြီးလက်မှမထွက် ကျန်နေခဲ့သည်။

အင်္ဂလိပ်စစ်ဗိုလ်သည် ချက်လက်မှတ်ရေးပြီး ပေးမည်ပြုရာ ကိုကိုကြီးက ကားပေါင်သွင်းပြီးမှပင် ယူမည်ဟုဆိုသဖြင့် စစ်ဗိုလ်မှာနှုတ်ဆက်၍ ပြန်သွားလေသည်။ ကိုကိုကြီးသည် သူ့လက်ထဲက ကားချပ်ကိုပေါင်သွင်းဖို့အပ်မည်ဟု အိမ်ကထွက်မည့်ဟန်ပြင်လေတော့သည်။

တစ်ချိန်လုံးပင် မသင်္ကာမျက်လုံးနှင့် ကြည့်နေသောမေသည် ကိုကိုကြီး၏အနီးသို့ ပြေးလာကာ "ဟင် .. ဒီအရုပ်ကားကို မေတစ်ခါမှ မမြင်ဖူးဘူး၊ ပြစမ်း"ဟု ပြောပြောဆိုဆိုနှင့်ဆွဲယူကာ စက္ကူများကို ဖယ်တော့သည်။

ကျွန်တော်သည် မေ၏မျက်နှာ ဘယ်လိုဖြစ်သွားသည်။ ကိုကိုကြီးမျက်နှာ ဘယ်လိုနေသည်ကို မကြည့်ဝံ့၍ မျက်နှာလွှဲနေလိုက်ပါတော့သည်။

"ကြည့်စမ်း မေထင်တဲ့အတိုင်းပဲ သူငယ်ချင်းတွေ တစ်ကျိတ်တည်း၊ တစ်ဉာဏ်တည်းပဲ၊ ဒီကောင်မ ဘယ်ကကောင်မလဲဟင် ... ပြောစမ်း၊ ဘယ်တုန်းက ညားခဲ့တဲ့မယားလဲ၊ ဒီဘိုက ဘာလို့ ဒီကောင်မပုံကို ၃၀၀၀ိ ပေးဝယ်တာလဲ၊ သူနဲ့များ ညားဖူးလို့လားမသိ၊ ရုပ်က ဖြစ်နေလိုက်တာ .. မျက်စိမှိတ်ကြီးနဲ့ ဆံထုံးနောက်တွဲ လင်သေထားတဲ့မျက်နှာမျိုးကိုမှ ဝယ်ချင်သတဲ့၊ သူ့မယားမို့ ဝယ်တာပေါ့၊ ကဲ ... ကဲ မှတ်ပလားဟဲ့" ဟု ပြောပြောဆိုဆိုနှင့် အနီးရှိ လက်ဖက်ရည်ကြမ်းအိုးထဲက ရေနွေးပူများနှင့် လောင်းချကာ ခြေရော လက်ရော နင်းဆုတ်ခြေမွှန်း၍ အနီးတွင်ရှိ ဓားနှင့် အပိုင်းပိုင်းခုတ်ဖြတ် ကိစ္စတုံးစီရင်လေတော့သည်။

ကိုကိုကြီးမှာ မျက်နှာသွေးတစ်စက်မှမရှိ၊ ကျောက်ရုပ်ပမာ ကြောင်နေသည်။ မေသည် အရုပ်ကားကို စိတ်ရှိလက်ရှိဖျက်ဆီးပြီးလျှင် ကိုကိုကြီးကို ပြေးဖက်ကာ "ကိုကို စိတ်ဆိုးသလားဟင် ... ဒီလိုဆို ငွေ ၃၀၀၀ိ မရတော့ဘူးနော်၊ မေ့ပုံကိုရောင်းလိုက်ပါကိုကိုရယ်၊ ပိုတောင် ရချင်ရဦးမှာ နော် ... နော် ဟုတ်လား"

mgyoe.com

mgyoe.com

ကိုကိုကြီးကား မလှုပ်မယှက်ရပ်နေသည်။ မေသည် ကိုကိုကြီး၏ ရင်ဘတ်တွင် မျက်နှာအပ်၍ တရှုံ့ရှုံ့ ငိုနေသည်။

ထိုညနေမှာပင် ကိုကိုကြီးသည် ကျွန်တော့်အား ရန်ကုန်သို့ စစ်ကားကြုံနှင့် ပြန်ထည့်ပေးပါသည်။ ကားမထွက်မီ ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငိုင်နေသည်။ ကျွန်တော်မှာ သူနှင့် ရန်ကုန်အတူထွက်လာစကပင် မေးချင်သောမေးခွန်းမှာ ပါးစပ်ဖျားမှမထွက်နိုင်၊ အောင့်ထား၍လည်းမရ အခံရခက်နေပါသည်။ ကျွန်တော်တို့စပ်ကြားတွင် ရှိခဲ့သော ချောက်ကမ်းပါးမှာ ကျယ်သည်ထက်ကျယ်လာပြန်သည်။ ကျွန်တော်တို့နှစ်ယောက်မှာ စီးကရက် တစ်လိပ်ပြီး တစ်လိပ် ညှိသောက်နေရသည်။ အနီးမှာလည်း စီးကရက်တိုတွေချည်း ပုံနေသည်။ ကားကလည်း ထွက်ခါလိုက်တာ

"မင်းနဲ့ မခင်မြင့် ဘာလို့လွဲကြတာလဲ" ဟူသော မေးခွန်းမှာ ကျွန်တော်၏ လည်ချောင်းတွင် နင်နေသည်။

"မင်းပြန်ချင်လည်းပြန်တော့လေ ငါ ကားပေါ်တက်ထိုင်နေချေတော့မယ်" ဟု သူ့ကို ပြန်စေချင်၍ ပြောလိုက်မိပါသည်။ ကိုကိုကြီးသည် ကျွန်တော့်စကားကို မကြားသကဲ့သို့ ကျွန်တော့်ကို စိုက်ကြည့်နေပါသည်။ ကျွန်တော်လည်း သူ့ကိုပြန်ကြည့်လိုက်ရာ ကျွန်တော်တို့ မျက်လုံးချင်းဆုံသွားကြသည်။

"ငါနဲ့ မခင်မြင့်လွဲခဲ့ရတာ ဘာမှမဟုတ်ဘူး၊ ငါ ရှော်လို့ကွ၊ ငါရှော်လို့"

ကိုကိုကြီးသည် ကျွန်တော် ပါးစပ်က မထွက်ရဲသောမေးခွန်းကို သူ့အလိုလို ဖြေနေပါသည်။

"အခု တွေးလေ တွေးလေ ငါရှော်တာ သိလေပဲ၊ ငါတို့ချင်းမိတ်ဆွေလို ခင်နေတာပဲ၊ သူကလည်း ပညာတတ်၊ မိကောင်းဖခင်သားသမီးပီပီ ဣန္ဒြေရှိတဲ့ မိန်းကလေးဆိုတော့ ငါတို့ချင်းနီးဖို့က သိပ်မလွယ်ဘူး၊ အနည်းဆုံး ငါကလည်း အလုပ်အကိုင် အတည်တကျရှိဦးမှ၊ အဲဒီတုန်းကလည်း ငါက ပန်းချီလေးဆွဲ ခပ်အေးအေးနေတာ ... သူကလည်း ငါ့ကို ခင်ရှာပါတယ်။ ငါပြောလျှင် မငြင်းဘူးဆိုတာ ငါသိတယ်။ ဒါပေမဲ့ သူ့ရဖို့က သူက ကြိုက်ရုံနဲ့မပြီးသေးဘူး ... ကိုယ့်ဘက်က တာဝန်တွေလုပ်ဖို့ အများကြီးရှိတယ်၊ မိသားဖသားပီပီ တောင်းရမ်းပြောဆိုရမယ်၊ သူ့မိဘကို သွားမျက်နှာပြရမယ်၊ အစရှိတဲ့ ကိစ္စတွေက အတော်ကလေးအများသားကွ၊ ဟင်းရွက်ကန်စွန်းလို ဆွဲယူလို့ကမဖြစ်ဘူး၊ ဒါနဲ့ ငါကလည်း အီးရော အီးရော နေတာပဲ၊ ပြီးတော့ ငါစဉ်းစားမိတာက မခင်မြင့်က ငါ့ကိုခင်နေတာပဲ၊ ငါ အတည်တကျရှိတဲ့နေ့မှာ ကိစ္စပြီး စိမ်ရုံပဲလို့ အေးနေလိုက်

mgyoe.com

mgyee.com


တာကွ၊ စစ်ဖြစ်တော့ တစ်ကွဲစီ ဖြစ်သွားကြတာပဲ"

"မင်း ဂျပန်ခေတ် စစ်ဗိုလ်ဖြစ်တော့ လိုက်ရှာပြီး ဘာလို့မယူတာလဲ"

"အဲဒါကြောင့် ငါရှော်ပါတယ်လို့ ပြောတာပေါ့ကွ ...။ စစ်အတွင်းက နေ့သေမလား၊ ညသေမလား။ အပြေးအလွှားခေတ်မှာ သူတို့နေတဲ့နေရာသွားဖို့ကလည်း မလွယ်ကူ၊ သွားပြန်လည်း တစ်ခေါက်နဲ့ မခင်မြင့်က ငါ့နောက်လိုက်လာမှာမဟုတ်ဘူး၊ ပိုပြီးခက်သထက်ခက်သွားတာပေါ့ကွာ ... အဲဒီအတွင်းမှာ မေနဲ့တွေ့သွားတာပဲ"

"မေကို မင်းချစ်လို့ ယူတယ်ဆိုရင် မခင်မြင့်နဲ့လွဲတာ ဘာကိစ္စရှိသလဲ"

"ဒါတော့ မေ့ကိုချစ်လို့ယူတယ်ဆိုတာလည်း မလွဲပါဘူး။ ဒါပေမဲ့ မေ့ကိုချစ်ရတာ မခင်မြင့်ထက် လွယ်လို့ယူဖြစ်တာပဲ ... တိုတိုပြောရရင် လွယ်တာနဲ့ ဖြစ်သွားတာပါပဲကွာ ..."

ထိုအခါ ကျွန်တော်သည် ဒေါ်ဒေါ်ရှင်၏ စကားများကို ပြန်သတိရပြန်ပါသည်။

"*ဒေါ်ဒေါ်က သူကျောင်းတုန်းက ခင်နေတဲ့ မခင်မြင့်ဆိုတဲ့မိန်းကလေးကို တောင်းရမ်းပေးမယ်၊ ဝါကျွတ်အထိ စောင့်ပါဦးလို့ပြောတာ နားမထောင်ဘူးကွဲ့၊* ဒေါ်ဒေါ်တို့ မခင်မြင့်တို့လောကမှာ ပကာသနအပိုတွေများတယ်တဲ့၊ မိန်းမတစ်ယောက်ယူဖို့အရေးမှာ ကြောင်းလမ်းရတာနဲ့၊ စကားအသွားအပြန်လုပ်အင်မတန်စာရင်းရှုပ်သတဲ့၊ ကြာသတဲ့။ မိန်းမယူတာပဲ ခုလိုလေယာဉ်ပျံခေတ်မှာ ဖြုန်းဒိုင်းဆို ပြီးရမတဲ့။ ဒီတော့ ဒေါ်ဒေါ်ကပြောလိုက်တယ်။ အဖိုးတန်တဲ့မိန်းမကိုလိုချင်ရင် ဒီလောက်တော့ ဒုက္ခခံရ၊ စောင့်ရမှာပဲ ... စစ်ဗိုလ်ဆိုတာနဲ့ ငမ်းငမ်းတက် တစ်ဆွေလုံး တစ်မျိုးလုံး ဗိုင်းဖမ်းအတင်းနောက်ကလိုက်တာမျိုးနဲ့တော့ မတူဘူးလို့ပြောတော့ သူက နာလိုက်တာ။ အနာပေါ်တုတ်ကျပဲ။ ဘုန်းကံရှိတဲ့ယောကျ်ားဆိုတာ ကြင်ယာမိန်းကလေးကို ကလပ်ပေါ် တင်ဆက်ခံရတာပဲတဲ့ ... မောင်ချစ်ဖေရဲ့သူငယ်ချင်းက စကားသိပ်တတ်တာကွဲ့၊ ဒေါ်ဒေါ်ကလည်း ဘာလျှော့ပေးမလဲ ... ဘုန်းကံရှိတဲ့ယောကျ်ားတွေက ဒီလို ကလပ်ပေါ် တင်ဆက်တာမျိုးကို အပျော်အပါးလောက်ထားတာ၊ ကိုယ်နဲ့တန်းတူ မြှောက်စားရမယ့်ဟာမျိုးတော့ ကိုယ်တိုင်ကြိုးစားယူရတာပဲ၊ ကုသမင်းတောင် ပပဝတီရအောင် ဘယ်လောက်ကြိုးစားရသလဲ .... သိဒ္ဓတ္ထမင်းသားတောင်မှ လေးတင်အစွမ်းပြပြီးမှ ယသော်ဓရာကိုရတာ၊ မင်းသားမှာ ကလပ်ပေါ်တင် ဆက်ထားတဲ့ဟာတွေ ဒုနဲ့ဒေးပြည့်လို့၊ ရိုက်သတ်လို့တောင် မကုန်ဘူးဟဲ့ ... သိရဲ့လားလို့၊ ကလပ်ပေါ်တင်

mgyee.com

mgyoe.com

ဆက်တဲ့ အမျိုးအစားမျိုး၊ ထောင်ဖမ်းတဲ့အမျိုးအစားမျိုးကို မင်းက အဟုတ်ကြီး ထင်ပြီး မြှောက်စားရင် "ကျွန်မယား၊ ကြေးမယား၊ အပျော်သိမ်းမယား" ကို တန်းတူထားပေါင်းတာနဲ့ အတူတူပဲပဲ့ သူတို့အဆင့်အတန်းကိုက အပျော်မယားလောက်နဲ့တန်တာမို့ ဒီလိုဟာမျိုးကို ဘယ်လိုပဲမြှောက်စားပေမဲ့ ဘယ်တော့မှ အပျော်သိမ်းမယားအဆင့်က မတက်ဘူးဟဲ့၊ နောက်တော့ သိလိမ့်မယ်ပေါ့ ... ပေါပေါလွယ်လွယ်ရတာဆိုရင် ဘယ်ဟာမှ မကောင်းဘူး .. ဒေါ်ဒေါ်လည်း စိတ်ဆိုးဆိုးနဲ့ ပြောလိုက်တာ စုံလို့ပါပဲကွယ်"

ကျွန်တော်သည် ကိုကိုကြီးက "လွယ်တာနဲ့ဖြစ်သွားတာပါကွာ" ဟူသော စကားကို ကောင်းစွာနားလည်လိုက်ပါသည်။ သူက ဆက်ပြောပါသည်။

"မင်းလည်း အခုထိ လူပျိုကြီးလုပ်နေတာ၊ အဲဒါမျိုးမဖြစ်စေနဲ့ကွာ ... တို့ယောကျ်ားတွေဟာ အလွယ်သိပ်လိုက်တာပဲ၊ ကျကျနန လူပျိုလှည့်ယူရမှာကို စိတ်မရှည်ဘူး၊ တို့ကိုလိုက်ဖမ်းတဲ့မိန်းမနဲ့ပဲ အမိခံလိုက်တာပဲ၊ ယောကျ်ားဆိုတာ ကိုယ်တိုင်ကြိုးစားလိုက်ရတာမျိုးကွဲ့၊ ကိုယ့်ကိုလိုက်ဖမ်းတာ ခံရတာမျိုးမဟုတ်ဘူးဆိုတာ ငါ အခုနားလည်တာပဲ၊ ငါတော့ ငါ့အဖြစ်နဲ့ငါ ရှိပေစေတော့၊ မင်းသာ ငါ့အဖြစ်ကိုကြည့်ပြီး သင်ခန်းစာယူပါကွယ်၊ မင်း ငါ့လို မဖြစ်ပါစေနဲ့"

ကျွန်တော်သည် ကိုကိုကြီး၏လက်ကို ဆုပ်ကိုင်ကာ သူ့မျက်နှာကို စိုက်ကြည့်နေမိသည်။ ကျွန်တော်တို့နှစ်ယောက်ကြားက ကမ်းပါးချောက်ကြီးမှာ ယခုမှပင် စေ့သွားလေတော့သည်။

မော်တော်ကား စက်နှိုးလေပြီ ...

"ကဲ ... မင်းသွားတော့ နောက် တွေ့ကြသေးတာပေါ့"

ကျွန်တော်တို့ ခွဲမည့်ဆဲဆဲ တစ်ခုမေးချင်လာပြန်သည်။ အချိန်မရှိ၍ အထစ်အ ထစ် လုပ်မနေအားတော့ပါ။ စွပ်ပြီးသာမေးလိုက်ပါသည်။

"မခင်မြင့်ကော အိမ်ထောင်ကျပြီလား၊ အခု သူဘယ်မှာလဲ"

"မကျသေးဘူး၊ ဖျာပုံမှာရှိတယ်"

ကိုကိုကြီးသည် ကျွန်တော့်ကိုကြည့်၍ နားလည်သဘောပေါက်သော မျက်နှာနှင့် ပြုံးပြီးပြောပါသည်။

"မင်းအားတဲ့အခါ သွားလည်လိုက်ပါကွာ၊ ငါလည်း သတိရပါတယ်လို့ ပြောလိုက်ပါဟေ့"

ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ် မလုံ၊ ရှက်ကိုးရှက်ကန်းဖြစ်သွားပါသည်။ ကျွန်တော်တို့ကားထွက်သောအခါ ကိုကိုကြီးသည် ခေါင်းငိုက်စိုက်နှင့် ကျွန်တော်

mgyoe.com

mgyoe.com


တို့ကို ကျောခိုင်းကာ ခပ်ဖြည်းဖြည်းလျှောက်သွားပါတော့သည်။

ရန်ကုန်ဘက်သို့ မောင်းသွားသော ကားပေါ်တွင် အစွင့်သားလိုက်ရသော ကျွန်တော်သည် "ဖျာပုံဘက် သင်္ဘောပြေးနေပြီလား၊ ရန်ကုန်ရောက်မှ စုံစမ်းရဦးမယ်၊ မခင်မြင့်နှင့်တွေ့မှ ကိုကိုကြီးဆွဲတဲ့ပန်းချီကားထဲက အနေအထားမျိုး စာအုပ်ကြည့်နေပုံ အနေခိုင်းပြီး ငါ့ကင်မရာနှင့် ဓာတ်ပုံရိုက်ဦးမယ်" ဟု စိတ်ကူးယဉ်နေပါသည်။ ကိုကိုကြီးအတွက် စိတ်မကောင်းဖြစ်မိသည်။ ကျွန်တော့်အတွက်ကား ပျော်သလိုလို ...။

ခင်မျိုးချစ်

အမှတ် ၆၈၊ ရှမဝမဂ္ဂဇင်း၊

ဇန်နဝါရီလ၊ ၁၉၅၃ ခုနှစ်။

❐

mgyoe.com



mgyoe.com

mgyoe.com

# ဝှစ်စကီ ၃ ခွက်

ထင်လင်း

အပြင်ဘက်တွင် မိုးမည်မျှထန်၍ မည်မျှအေးမည်ကိုလည်းကောင်း၊ ယခု အခြေအနေအတိုင်း မိမိတွင်ပါလာသော ထီးတစ်လက်တည်းဖြင့် ထွက်သွားပါက မည်မျှရွဲပြီး မိုးထဲမှာပင် မည်မျှကြာသွားရမည်ကိုလည်းကောင်း စိတ်တွက်ဖြင့် ချိန်ဆရင်း ဝှစ်စကီတစ်ခွက်ပြီးတစ်ခွက်မှာကာ အအေးအစိုဒဏ် ကာကွယ်ရေး လုပ်နေသော ရွှေမောင်သည် အတော်ကလေးပင် မူး၍နေချေပြီ။ သို့သော် သူ့ မိတ်ဆွေတစ်ယောက်နှင့် ချိန်းချက်ထားသည်ကိုတော့ မှတ်မိပါသေးသည်။ မှတ်မိသောကြောင့်ပင် လက်မှနာရီကိုလည်းကောင်း၊ အပြင်ဘက်မှ မိုးအခြေအနေ ကိုလည်းကောင်း မကြာမကြာ ကြည့်ရသည်မဟုတ်ပါလော။

ညနေစောင်းဖြစ်၍ အတော်ကလေးတော့ မှောင်စပြုလာပြီ။ မိုးရိပ်ကြောင့် ပို၍မှောင်၏။ မိုးကလေးအနည်းငယ် စဲစပြုသည်တွင် အရက်ဖိုးကျသင့်ငွေကို ရှင်း လင်းပြီး ဘားထဲမှထွက်လာခဲ့သည်။ ပါလာသောသတင်းစာကို ချိုင်းတွင်ညှပ် လိုက်ပြီး ထီးကိုဖွင့်ကာ တဖွဲဖွဲကျနေသော မိုးထဲသို့ ခပ်တည်တည် လျှောက်၍ ထွက်လာခဲ့သည်။ ဘိုင်စကုတ်ရုံများရှေ့သို့ရောက်လျှင် ခပ်ကုပ်ကုပ်ဆောင်း ထားသော ထီးကိုပင့်၍ ရုပ်ရှင်ကားကြော်ငြာများကိုကြည့်သည်။ ကြည့်ရင်းက တစ်ခါတစ်ခါ ရပ်၍ ခပ်ကြာကြာကြည့်ပြီး ဒီကား ကောင်းသားဟ၊ ဝင်ကြည့်ဦး မှပဲ”ဟုအောက်မေ့ကာ ရုပ်ရှင်ရုံအောက်သို့ဝင်ကာ ထီးကို ပိတ်လိုက်သည်။ လက် မှတ်ရုံရှေ့ရောက်မှ “ဟ .. ငါကြည့်လို့မဖြစ်သေးပါဘူး၊ ချိန်းထားတာ သွားရဦးမှာ” ဟု သတိရကာ ဘားထဲကထွက်လာခဲ့သည့်မူအတိုင်း ရုပ်ရှင်ရုံအောက်မှ ထွက် လာခဲ့ရပြန်သည်။ ဗိုက်ထဲတွင် ဆာသလိုလိုရှိ၍ တစ်ခုခုဝင်စားရန်လည်း စိတ်ကူး ဖြစ်မိ၏။ သို့သော် သူ့မိတ်ဆွေနှင့် ချိန်းချက်ထားသည်မှာ ထမင်းစားရန်ဖြစ်၍ ယခုစားထားဖို့မလိုကြောင်း သတိရကာ ဘတ်စ်ကားဂိတ်သို့လာခဲ့၏။ မိုးရွာလွန်း

mgyoe.com

mgyoe.com


သဖြင့် ဘတ်စ်ကားများ လူကျပ်ကြ၏။ တစ်စင်းနှင့် တစ်စင်းလည်း အတော်ဝေး၏။ လူချောင်မှပဲ တက်တော့မည်၊ ဣန္ဒြေအပျက်ခံပြီး တိုးခွေ့မစီးတော့ဟု သဘောထားကာ မိုးရွာထဲမှာပင် ထီးတစ်လက်နှင့် ရပ်၍စောင့်၏။ ကားတွေကလည်း ပြတ်ရုံမက လာပါတော့လည်း လူကျပ်၏။ ရွှေမောင်ကား ဣန္ဒြေမပျက်ပင် စောင့်လျက်ရှိ၏။ သော့က်လာသည့် ဇွစ်စကီကလည်း အတော်ကလေး အဖော်ရ၏။

အတန်ကြာလျှင် ပျင်းလာသည်နှင့် စီးကရက်တစ်လိပ်ကို မီးညှိ၍ဖွာလေသည်။ အလွန်ဇိမ်ရှိ၏။ သို့သော် တစ်ယောက်တည်း နေရသည်မှာတော့ ပျင်းစရာပဲဟု တွေးမိ၏။ သို့နှင့် သူ့ဘေးနားသို့ တစ်ချက်လှည့်ကြည့်သည်တွင် ပလတ်စတစ်မိုးကာကို ဝတ်လျက် ထီးပေါက်စလေးတစ်လက်ကို ဆောင်းကာ သူ့လိုပင် ကားစောင့်နေသောမိန်းကလေးတစ်ယောက်ကို မြင်ရ၏။ မိန်းကလေးကား သူ့ကို ဂရုစိုက်ပုံမရချေ။

ရွှေမောင်လည်း အမှတ်မဲ့ပင် ဆေးလိပ်တစ်လိပ်ကုန်သည်အထိ ဖွာနေလိုက်၏။ ကုန်လျှင် ဆေးလိပ်တိုကို ရေထဲသို့လွှင့်ပစ်လိုက်ပြီး ထိုမိန်းကလေးအနီးသို့ တိုးသွား၏။ သူ့အမူရာအမှာ ရဲတင်းလွန်းနေလေသလားတော့မသိ။ မိန်းကလေးက သူ့အား မနှစ်မြို့ဟန်ဖြင့်ကြည့်ပြီး ခြေတစ်လှမ်းခန့် တိမ်းပေးလိုက်သည်။ ပြီးတော့ အမှတ်မဲ့ပင် အခြားတစ်ဖက်သို့ ငေးနေ၏။

"ဒီလမ်းက အရင်က ဒါလောက်ဘတ်စ်ကားမပြတ်ပါဘူး၊ လူလည်း မကျပ်ပါဘူး၊ ကားတွေက ဘာဖြစ်နေလဲမသိဘူး"

ရွှေမောင်က သူ့ဟာသူပြောသလိုလို၊ မိန်းကလေးအား ပြောသလိုလိုနှင့် ပြောလိုက်သည်။ မိန်းကလေးက သူ့အားတစ်ချက်မျှပင်ကြည့်လိုက်ပြီး ဘာမျှမပြောဘဲ အမှတ်မထင်ပင် ပြန်ငေးနေလိုက်သည်။ သို့ရာတွင် ရွှေမောင်မှာ ကြောင်၍မသွား၊ သူ့စကားကို သူ့ဟာသူ ပြန်ပြီး ထင်မြင်ချက်ပေးလိုက်ပြန်၏။

"ဒီနေ့ မိုးကလည်း ထန်နေလို့နဲ့တူပါရဲ့"

မိန်းကလေးက သူ့အားဂရုမစိုက်ချေ။ အနားတွင် ရွှေမောင်ရှိနေသည်ကိုလည်း ကြိုက်ဟန်မတူချေ။ ရွှေမောင်သည် စီးကရက်ဘူးကိုထုတ်၍ မိန်းကလေးရှေ့တည့်တည့်သို့သွားကာ စီးရက်တည်ရင်း မိတ်ဖွဲ့လိုက်၏။

"သောက်ပါဦးဗျာ၊ ကားစောင့်ရတာ စိတ်ညစ်စရာပဲ၊ မိုးကလည်းရွာလိုက်တာ အလွန်ပါပဲ"

မိန်းကလေးက ခေါင်းရမ်းပြပြီး ခပ်တည်တည်ရပ်နေသည်။ ရွှေမောင်ကမူ

mgyoe.com

mgyoe.com

ဣန္ဒြေမပျက်ပင် တစ်လိပ်ကမ်းရင်း စီးကရက် မီးခြစ်ကို မငြိမ်းသေးဘဲ မိန်းကလေး ဘက်သို့ ထိုးပေးဟန်ပြုပြီးမှ 'အိုး ဆောရီး" ဟုဆိုကာ ငြိမ်းပစ်လိုက်သည်။

"ရှုံးအဆင်း မိုးမိနေတာလား"

ရွှေမောင်က ခပ်တည်တည်မေးသည်။ သူမေးပုံမှာ ရိသဲ့သဲ့မဟုတ်၊ တကယ်ပင် ဣန္ဒြေရလှသောကြောင့် မိန်းကလေးက မဖြေချင်လှသော်လည်း အားနာပါးနာ "ဟုတ်တယ်"ဟု ခပ်ပြတ်ပြတ်ဖြေလိုက်၏။

"ရှုံးဆင်းချိန်နဲ့ မိုးနဲ့တော့ ချိန်းထားသလိုနေတာပဲဗျ၊ ကိုယ်ပိုင်ကား မစီးနိုင်သမျှတော့ မိုးတွင်းတိုင်း ဒီလိုဒုက္ခခံရမှာပဲ"

ရွှေမောင်က သိယောင်း ကျွမ်းဟောင်းတစ်ယောက်နှင့် စကားပြောနေသလို ပြောလိုက်သော်လည်း မိန်းကလေးက ဘာမျှပြန်မပြောချေ။ မိန်းကလေးမှာလည်း ကားစောင့်နေရသည်ကို စိတ်မရှည်၍လား၊ ရွှေမောင်ကို ခပ်ချဉ်ချဉ် ဖြစ်လာလို့လား တော့မသိ၊ သူ့လက်ကနာရီကို မကြာမကြာ မြှောက်ကြည့်လျက် ရှိ၏။

"ဘယ်နှနာရီတောင်ရှိပလဲ၊ ကျွန်တော့်နာရီက ညနေ ၃ နာရီလောက်က ရပ်နေလို့ဗျာ"

"၅ နာရီခွဲပြီ"

မိန်းကလေးက ဤတစ်ကြိမ်တော့ ချိုချိုသာသာပင် ပြန်ပြောလိုက်သည်။ ရွှေမောင်ကတော့ ၅ နာရီခွဲသည်ကို အကြောင်းပြုပြီး ဘာမျှဆက်မပြောတော့ဘဲ သူ့နာရီပျက်ပုံကိုသာ ပြောပြန်၏။ စင်စစ် သူ့နာရီမှာပျက်နေသည် မဟုတ်ချေ။

"နာရီများ ပျက်ပြီဆိုတော့ စိတ်ညစ်စရာပဲဗျ၊ နာရီနဲ့အလုပ်လုပ်နေကျ လူများ နာရီပျက်ရင် အားလုံးအစီအစဉ်ပျက်တာပဲ၊ နာရီကောင်းကောင်းတစ်လုံးဝယ်ဖို့ဆိုလည်း ၂၀၀–၃၀၀ ပေးရမယ်၊ မဝယ်နိုင်တော့ အပျက်ကိုပဲ ပြင်ပြင်သုံးနေရတာပဲ၊ တစ်ခါပြင်ထား ၁၄–၅ ရက်တော့ အကောင်းပဲ"

မိန်းကလေးကား ယခုအချိန်ထိ ရွှေမောင်နှင့် မိတ်ဆွေဖြစ်သည့် အရိပ်လက္ခဏာ တစ်စုံတစ်ရာမပြသော်လည်း အစကလောက်တော့ မျက်နှာ မသုန်တော့ပေ။

"မိုးတွင်းများကျတော့ နာရီများ သာပြီးပျက်သေးဗျ။ မိုးနံ့ကလေးနဲ့ နာရီတွေလည်း သံချေးစားတယ်ထင်ပါရဲ့၊ နွေတုန်းကအကောင်းသား၊ မိုးအေးရင် စက်အလိုလို ရပ်ရပ်လာတယ်။ မိုးတွင်း နေလုံးပါမမြင်ရမှ ပျက်တတ်တာလည်း နာရီရဲ့ အကျင့်ဆိုးပဲ"

မိန်းမပျိုသည် ရွှေမောင်အား အကဲခတ်သလို ကြည့်စပြုလာ၏။ သူ့ကို

mgyoe.com

mgyoe.com

ကြည့်ရသည်မှာ ရိသဲ့သဲ့လုပ်လိုစိတ်ရှိဟန်မတူ။ ဝတ်စားထားသည်မှာလည်း ပြောင်ပြောင်လက်လက်မဟုတ်စေကာမူ စုတ်စုတ်နုပ်နုပ်တော့မဟုတ်။ ချိုင်းကြားမှာလည်း အင်္ဂလိပ်သတင်းစာတစ်စောင်၊ အိတ်ထဲမှာလည်း ပတ်ကားဖောင်တိန်နှစ်ချောင်းနှင့် စာအိတ်တစ်ခုတို့ကို မြင်ရသည်။ စာရေးပဲလား၊ စာရေးနှင့်တော့တူတာပဲဟု အကဲခတ်စပြုလာ၏။

"ဘယ်မှာ အလုပ်လုပ်ပါသလဲ"

သူတို့နှစ်ယောက် ရပ်စောင့်နေ၍ အတော်ကြာသွားသောအခါ ရွှေမောင်က စုံစမ်းလိုက်ပြန်သည်။ မိန်းမပျိုက ပြောရကောင်းမလား၊ မပြောဘဲနေရ ကောင်းမလား၊ လွှဲပြောလိုက်ရ ကောင်းမလားဟု စဉ်းစားရင်း "ရှင်" ဟု ထပ်မေးလိုက်၏။

"ဪ … ဘယ်ရုံးမှာ အလုပ်လုပ်ပါသလဲလို့ မေးတာပါ"

"ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး၊ သိချင်လို့မေးတာပေါ့"

မိန်းကလေးက ဘာမှပြန်မပြောဘဲ အတန်ကြာနေသောအခါ ရွှေမောင်က ဆက်လက်၍ "ကျုပ်နှမများလုပ်နေတဲ့ရုံးကလားလို့ပါ" ဟုပြော၏။

"ရှင့်နှမက ဘယ်ရုံးမှာလဲ"

"ကောမာ့စ်မှာ …"

"ဘယ်သူလဲ .. ရှင့်နှမ"

"မမြင့်ကြည်တဲ့ … ခင်ဗျားတို့လိုပဲ သွားတက်ကလေးနဲ့။ ကျုပ်နှမက သဘောအလွန်ကောင်းတယ်၊ အရုပ်အမောင်းရော၊ အသားအရေရော အသက်ရော အတူတူလောက်ပဲရှိမယ်၊ ကျုပ်နှမအရင်းပေါ့"

"ဪ … မမြင့်ကြည်တော့ အသိသား"

"ဒါဖြင့် ခင်ဗျားလည်း ကောမာ့စ်ကပဲလား"

မိန်းမပျိုက ခေါင်းညိတ်၏။ သူ့စိတ်တွင် သူ့နှမနှင့် ရုံးအတူတူဖြစ်၍ "ဟာ ဒါဖြင့်ဟန်ကျတာပဲ၊ မမြင့်ကြည်ဆီလာလည်ရင်း ခင်ဗျားတို့ဆီရောက်နိုင်တာပေါ့၊ တွေ့ရင် နှုတ်ဆက်ပါနော်" စသည်ဖြင့် အခွင့်အရေးယူလိုက်လိမ့်မည်လားဟုလည်း သံသယဖြစ်နေဟန်တူနေ၏။ သို့သော် ရွှေမောင်ကမူကား

"မိန်းကလေးတွေအလုပ်လုပ်တာ ကျွန်တော်ဖြင့် မကြိုက်ပေါင်ဗျာ၊ အခု ကျုပ်ရတဲ့လခနဲ့ အိမ်က အဖေအို အမေအိုအပြင် ညီကလေး၊ ညီမကလေးတွေ မစားလောက်လို့သာ။ မြင့်ကြည်အလုပ်လုပ်တာကို နည်းနည်းမှ သဘောမတူဘူး။

mgyoe.com

mgyoe.com


လခကလေးတော့ ရရှာပါရဲ့"

"မမြင့်ကြည်က ယူဒီပဲရှင့်"

"ကျုပ်လည်း ဒါလောက် ရတာပဲ။ ကျုပ်သာ အော်ဖစ်ဆာလောက် ဖြစ်ရင် မြင့်ကြည်ဘာအလုပ်လုပ်ရလိမ့်မလဲ၊ မကောင်းပါဘူးဗျာ၊ ခုခေတ်ထဲ မိန်းကလေးတွေ ရုံးတွေဝင်လုပ်၊ သွားလိုက်လာလိုက်နဲ့၊ မိုးရွာမရှောင် နေပူမရှောင်၊ ကဲ အခုခင်ဗျားဆိုကြည့် ... ဘယ်လောက်ဒုက္ခများသလဲ မိုးထဲမှာ၊ ပြီးတော့ မိန်းကလေးတွေဆိုတော့ ဘယ်နေရာမှာမှ စိတ်မချရပါဘူးဗျာ"

မိန်းမပျိုက ခပ်အေးအေးရယ်၍ ပြုံးနေ၏။ ရွှေမောင်ကို စောစောကလောက်မရွံ့တော့ပေ။

"မမြင့်ကြည်တို့ နေတာထိုင်တာ မှန်ပါတယ်ရှင်၊ စိတ်မချစရာမရှိပါဘူး"

"မသိဘူးလေ .. ကျုပ်တို့ကတော့ စိတ်ကိုမချတာ၊ ခုခေတ်အထက်အရာရှိတို့၊ ဘာတို့ဆိုတာ အချိုနဲ့ဆွဲလို့ပါရင်ပါ၊ မပါရင် ဇွတ်ကြဲတတ်ကြတာ ကြားဖူးလို့၊ စိတ်ထဲမှာ တထင့်ထင့်ပဲ၊ ဒါမျိုးများကြားရရင် ကျုပ်နဲ့အတွေ့ပဲ၊ ကျုပ်က မိန်းကလေးတွေ ဘာတွေကို စော်ကားတဲ့လူဆိုရင် သိပ်ရွံတာပဲ၊ ကိုယ့်နှမများ ခံရရင် အသေသတ်မယ့်အကောင်ဗျ"

မိန်းကလေးမှ သူ့ရုံးကဲ ဝန်ထောက်ကြီးကို သတိရမိဟန်တူသည်။ ရွှေမောင်ကိုလည်း တစ်ချက်တစ်ချက် လှမ်းကြည့်၏။

"ခုခေတ်က တော်တော့ တော်ပါသေးတယ်လေ။ မိန်းကလေးတွေက သတ္တိရှိလာကြလို့၊ ခပ်တည်တည်နေရင် နည်းနည်းတော့ ရွံ့ကြတာပါပဲ၊ တစ်နေ့က ကျုပ်သူငယ်ချင်းမတစ်ယောက် အထက်ကအရာရှိကို ပါးဆွဲရိုက်လို့ အလုပ်ပြုတ်သွားရှာတယ်။ အရာရှိတွေမကောင်းလို့ အဲဒီကလေးမ အလုပ်လက်မဲ့ဖြစ်နေရှာတယ်။ ဘယ်လောက်ဝမ်းနည်းစရာကောင်းလဲ၊ အစော်ကားလည်း ခံရသေး၊ အလုပ်လည်းပြုတ်ရသေးရဲ့"

"ရှင်ပြောနေတာ မခင်မေလား"

"အာ ဟုတ်တာပေါ့၊ သိသလား မခင်မေကို"

"သိတာပေါ့ရှင့် ... ကျွန်မနဲ့ ကျောင်းနေဖက်သူငယ်ချင်းပဲ၊ ကျောင်းတုန်းကတော့ တေဖော်တေဖက်တွေပေါ့၊ မဟုတ်မခံရှင့် ... အလွန်သတ္တိကောင်းတယ်၊ နေတော့ အေးအေးပဲ"

"ကျုပ်က စာရေးမတွေ မခင်မေလောက် သတ္တိကောင်းစေချင်တယ်၊ ဒါမှ စိတ်ချရတယ်။ ကျုပ်နှမက ဒီလောက်သတ္တိမရှိဘူး၊ တစ်ခုခုဖြစ်လာရင် ငိုပြီးအိမ်ပြန်

mgyoe.com

mgyoe.com


လာတတ်တာ၊ ငယ်ငယ်ကတည်းက ဒီလိုပဲ၊ ဒါကြောင့်ခက်တာ"

"ဖြစ်တော့မဖြစ်တဲ့ပါဘူးရှင်၊ ဣန္ဒြေရရနေတတ်တော့လည်း နည်းနည်းတော့ ရွံ့ကြပါတယ်"

"ရွံ့တော့ ရွံ့ပါရဲ့၊ ဟိုတစ်နေ့က သူ့အထက်ကဘိစိက သူ့ကို စာပေးဆိုလား .. ခင်ဗျား ကြားမိသလား"

"ဟင့်အင်း ... ဒါတော့ မကြားမိဘူး၊ ဒီလူကတော့ရှင် ကျွန်မတို့ အမြဲလန့်နေရတဲ့လူပဲ၊ ခပ်ငယ်ငယ် ခပ်ချောချောများ သူ့ဘာရန့်ချိရောက်လာရင် တဖြဲဖြဲနဲ့ အရောဝင်ပစ်လိုက်တာပဲ။ ပေါပေါအစားထဲကဆို သူနဲ့ဟန်ကျသွားတာပဲ၊ အလုပ်လည်း ဟုတ်အောင်မလုပ်၊ တဟီးဟီးနေကြတော့တာပဲ၊ ကျလာသမျှအလုပ်တွေ ကျွန်မတို့က တွန်းလုပ်ရတာပဲရှင့်၊ မမြင့်ကြည်ကတော့ ဒီလူကို နည်းနည်းမှ မျက်နှာကြောမတည့်ဘူး၊ တစ်ချိန်ချိန်ကျ ဒီလူကို မျဉ်းလုံးနဲ့ ရိုက်မိလိမ့်မယ်ချည်း ကြိမ်းနေတယ်။ ဒီလိုရန်ဖြစ်ရရင် အလုပ်ပြုတ်ဖို့များနေတော့ အတော်ချိန်ဆရဟန်တူပါရဲ့ရှင်၊ ထင်တိုင်းလည်းလုပ်ပစ်လိုက်လို့ မဖြစ်သေးလို့ပေါ့၊ မမြင့်ကြည်ကသာ စချလိုက်ရင် ကျွန်မတို့အားလုံး ဝိုင်းချကြမှာပဲ၊ ပြုတ်ခါမှပြုတ်ရော"

ရွှေမောင်သည် မိန်းကလေးက စိတ်ပါလက်ပါပြောနေသည်ကို နားထောင်ရင်း ပခုံးချိုလိုက်သည်။ ဘိစိဦးသန်းမြင့်ကို စာရေးမကလေးတွေ ဝိုင်းဘောသည်ကို မျက်စိထဲတွင် ထင်မြင်လာလေသည်။ ဝှစ်စကီကလည်း အရှိန်တဖြည်းဖြည်းလျော့လာပြီဖြစ်သဖြင့် စကားလည်း နည်းလာ၏။ သူ ဘာတွေ ပြောခဲ့ပါလိမ့်ဟူ၍လည်း ပြန်ကာလှန်ကာစဉ်းစားနေရ၏။

"မမြင့်ကြည်ကို ဒီအကြောင်းတွေ ပြောပြလိုက်စမ်းပါရှင်၊ ကျွန်မတို့ ရုံးမှာတော့ တွေ့ရပါရဲ့၊ ဒါပေမဲ့ အေးအေးဆေးဆေး ခုလို မဆွေးနွေးရဘူးရှင့်၊ ရုံးမှာ ကိုယ့်အထဲက သူတို့လူတွေကလည်း ရှိနေသေးတော့ တိုးတိုး တိုးတိုးလုပ်ရင် လာနားထောင်၊ စကားပြော ပြောပြန်ပြီ၊ အလုပ်ကြာ ကြာပြန်ပြီနဲ့ အဆူခံချည့်ထိနေတာရှင့်"

"အေးဗျာ ... ပြောလိုက်ပါ့မယ်"

"မမြင့်ကြည်ကလည်း မိန်းမအေးရှင့်၊ ရုံးရောက်အလုပ်သာ အတွင်ကုန်းလုပ်ပြီး၊ ဘယ်သူနဲ့မှ တယ်ပြီးစကားမပြောဘူး၊ ကျွန်မနဲ့တော့ နေရာချင်းသိပ်မနီးဘူး၊ လူချင်းကလည်း မတွဲမိလို့သာပေါ့"

"အေးဗျာ ပြောလိုက်ပါ့မယ်"

"ကျွန်မက အဲဒီဌာနမှာ တိုက်ပစ်စ်ပါ။ မတင်လှဆိုရင် မမြင့်ကြည်သိပါ

တယ်။ သူ့စားပွဲနဲ့ မျက်စောင်းထိုးကစက်မှာထိုင်ပါတယ်။ ကျွန်မက ရောက်တာ သိပ်မကြာသေးလို့ ကောင်းကောင်းမသိတာပါ"

"ဟုတ်ကဲ့ ကျွန်တော် ပြောလိုက်ပါ့မယ်"

ဘတ်စ်ကားများသည် တစ်စင်းပြီးတစ်စင်း ရောက်လာလိုက်၊ ထွက်သွားလိုက်နှင့် ဘယ်နှစင်းလွန်လေပြီမသိ။ ရွှေမောင်လည်း မိန်းကလေးအနား ရပ်နေရသည်ကိုပင် အူကြောင်ကြောင်ဖြစ်နေသည်။ အမှူးကလည်း တော်တော်ပြေပြီဖြစ်၏။ ချိန်းချက်ထားသည်ကလည်း သတိရလာသည်။

အတော်ကလေး မှောင်ရိပ်သန်းလာပြီဖြစ်၏။ မိန်းကလေးစောင့်နေသော ဆင်နက်တံဆိပ်ကားများ "ဗဟန်း၊ ကုက္ကိုင်းကောလိပ်" ဟုအော်နေသော နဂါးတံဆိပ်ကားများ ရပ်လိုက်၊ ထွက်လိုက်နှင့်ရှိ၏။

"မမြင့်ကြည်ကရှင် နည်းနည်းတော့ ရှင်ပြောသလို ပျော့တယ်ထင်ပါရဲ့၊ သူ့ဆီလာပြီး တမင်ရိသဲ့သဲ့လုပ်နေမှန်းသိပေမဲ့ ခပ်အေးအေးပဲရှင့်၊ ဘုပြောပြီး နှက်လွှတ်လိုက်ဖို့ကောင်းတာ။ တစ်နေ့ကများ အဲဒီကိုစိုးမြင့်ဆိုတဲ့လူက သူ့ကို အတင်းကပ်ခေါ်နေတာရှင့်၊ သူ့မှာ ကားကလေးကလည်း ရှိနေတော့ ရပ်ရှင်လိုက်ကြည့်ပါ၊ လန့်ချ်လိုက်စားပါနဲ့၊ မမြင့်ကြည်က "နေပါစေရှင် ... နေပါစေရှင်" နဲ့ ယဉ်ယဉ်ကျေးကျေး ငြင်းနေတာ၊ အားမရလိုက်တာ။ ဟိုလူကလည်း ပြောင်လိုက်တဲ့မျက်နှာရှင် အတင်းကိုခေါ်နေတာ၊ မမြင့်ကြည်က ကျွန်မ အလုပ်ရှိပါသေးတယ်၊ မလိုက်ပါဘူးဆိုတော့တောင် "ထားလိုက်စမ်းပါဗျာ၊ ဒီအလုပ်တွေမပြီးရင် ကျွန်တော် ဝိုင်းလုပ်ပါ့မယ်"လို့ ပြောသေးတာ၊ ခက်ဘူးလားရှင်။ နောက်တော့မှ မမြင့်ကြည်က ဇွတ်ပဲ သူ့ဟာသူ တခြားမိန်းကလေးတစ်ယောက် အဖော်ခေါ်ပြီး ဆင်းသွားမှ ရှက်ကိုးရှက်ကန်းနဲ့ ကျန်ရစ်တာရှင့်"

ရွှေမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိလိုက်ပြန်သည်။ မိန်းကလေးက ရွှေမောင်အား စူးစိုက်ကြည့်လျက်ရှိ၏။

"မမြင့်ကြည်ရဲ့အစ်ကိုအရင်းနော်"

"ခင်ဗျာ ... အ ... ဟုတ်ကဲ့"

"မမြင့်ကြည်ကတော့ ခပ်သေးသေးပဲ၊ ရှင်ကတော့ ထောင်ထောင်မောင်းမောင်း၊ ယောကျ်ားမို့လားတော့မသိဘူး၊ မျက်နှာပေါက်ချင်းတော့ ဆင်သလိုလိုပါပဲ"

ရွှေမောင်က ပြုံးရုံသာပြုံးနေလိုက်သည်။ လမ်းဘက်သို့လည်း မကြာမကြာ လှည့်ကြည့်လျက်ရှိ၏။

mgyoe.com

mgyoe.com

"အိမ်မှာ အလုပ်လုပ်တဲ့ လူနှစ်ယောက်ရှိတော့ တော်သေးတာပေါ့ရှင်၊ ဒီခေတ်မှာ ဒီလိုပဲ အလုပ်လုပ်ကြရတာပဲလေ၊ လင်ရော မယားရော နှမတွေရော အလုပ်ကိုယ်စီနဲ့ နေနိုင်မှ တော်ကာကျတယ်၊ နေစရိတ်တွေကလည်း သိပ်ကြီးတာရှင့်"

"ဟုတ်တယ်ဗျာ ... ဒီလိုပါပဲ"

"ကျွန်မတို့မှာတော့ အဒေါ်ကကျွေးထားလို့ တစ်ယောက်တည်း ခေါင်းတန်ရင် ကိုယ်ဆုံ့တာမို့ ကိစ္စမရှိဘူး၊ တချို့များ သားသမီးတွေနဲ့ရှင် .. အောက်တန်းစာရေးလခနဲ့ ဘယ်လိုများနေကြမလဲမသိဘူး"

"ဒီလိုပေါ့ဗျာ ... ကဲ ဒါနဲ့ အတော်တောင်မိုးချုပ်သွားပြီ၊ ခင်ဗျားလည်း ကျွန်တော်နှောင့်ယှက်နေတာနဲ့ နောက်ကျနေပြီထင်ရဲ့၊ အားနာစရာဗျာ ... ကဲ သွားလိုက်ဦးမယ်နော်"

ရွှေမောင်သည် ခပ်ကြောင်ကြောင်ပင်နှုတ်ဆက်ကာ အနီးသို့ ရပ်လာသော နဂါးတံဆိပ်ဘတ်စကားပေါ်သို့လှမ်း၍ တက်လိုက်လေသည်။ မိန်းကလေးလည်း ရွှေမောင်ကို အားမလို အားမရငေးကြည့်ရင်း မျက်နှာကလေးများ နီမြန်းလာကာ ဆင်နက်တံဆိပ်ကားများကို ဆက်လက်စောင့်ရင်း ကျန်ရစ်ခဲ့လေသည်။

ဤကား မမြင့်ကြည်အကြောင်း၊ မခင်မေအကြောင်း ကိုစိုးမြင့်ပြောသမျှ သာသိသော ရွှေမောင်၏ "ဝှစ်စကီ ၃ ခွက်" တည်း။

ထင်လင်း

အမှတ် ၁၀၁၊ ရှမဝမဂ္ဂဇင်း၊

အောက်တိုဘာလ၊ ၁၉၅၅ ခုနှစ်။

□

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ဆွမ်းဆန်ဆုံ

အောင်စိုး

(ကျွန်တော် ချစ်မဝနိုင်သော တောင်တွင်းကြီးနေ ညီလေးများသို့)

မောင်လူလှ စာမေးပွဲကျရှာသည်။

သည်တစ်သက်တွင် ပထမဦးဆုံး ကျရှုံးခြင်းဖြစ်သဖြင့် သူ့ခမျာခပ်မြက်မြက်ကလေးခံလိုက်ရလေသည်။

ငယ်စဉ်ကဆိုလျှင် အတန်းတိုင်း၌ ဗိုလ်ဆွဲခဲ့၏။ စာမေးပွဲဖြေမှုဖြင့် မောင်လူလှ၏ပြဿနာမှာ ကျရေး အောင်ရေးမဟုတ်။ နံပါတ်တစ်ချိတ်ရေး မချိတ်ရေးသာဖြစ်သည်။ သို့သော် သည်လို တစ်ထွာတစ်မိုက်လောက်ကလေးများ ရှင်လောင်းလှည့်စဉ်က ရွှေထီးရိပ်များအတွက် ဖိုးလူလှ ဂုဏ်မယူချင်ရှာပါ။

မောင်လူလှ၏ ကျရှုံးမှုကို စေတနာထားသူများက အမျိုးမျိုးဝေဖန်ကြ၏။ "ကျောင်းသားပဲကွာ၊ ဝတ္ထုတွေရေးရေးနေလို့ ဘယ်ဖြစ်မလဲ" ဟုဆိုသူက ဆို၏။ "လူလှမှာ အသည်းတစ်ခြမ်းပဲ့နာရှိတယ်၊ သူကြိုက်တဲ့ကလေးမက တခြားတစ်ယောက်ကို ကြိုက်သွားလို့ဆွေးနေတာပေါ့ကွ၊ ဘယ်မှာ စာကျက်လို့ရမလဲ" သည်လို စွပ်စွဲကြသူများလည်း မရှား။

မောင်လူလှကား မချေပလိုတော့ပြီ။ နားသာထောင်နေ၏။ ဖွန်လ နောက်ဆက်တွဲ စာမေးပွဲဖြေအပြီးတွင် အညာသားမောင်လူလှ လေယာဉ်စီးကာ ချက်မြုပ်ရွှေညာသို့ ပြန်ခဲ့လေသတည်း။

* * *

"လူလှပြန်လာပဟေ့"

မောင်လူလှ၏ 'ဘ'သည် မီးခိုးမစဲသေးသော ဖက်ဖြူလိပ်ကို ပါးစပ်မှ ခွါကာ အထက်ပါစကားလုံးဖြင့် ဆီးတဲ့ကြိုလေသည်။

mgyoe.com

mgyoe.com


'ဘ'အိုစကားသံကြောင့် မောင်လူလုဦးလေးများ၊ အဒေါ်များကလည်း ထွက်၍ ကြိုကြလေသည်။ မောင်လူလုလက်ထဲကလက်ဆွဲအိတ်ကို လှမ်း၍ယူသူက ယူလင့်၏။ 'မင်းတို့လေယာဉ်ပျံ ကနေ့နောက်ကျလှချည်ရဲ့' 'မင်း အတော်ပိန်သွားတယ်' 'ဘယ့်နှယ်တုန်း ဒီတစ်ခါဖြေနိုင်ခဲ့ရဲ့လား ... အောင်မယ်ကောထင်ရဲ့လား' စသည်ဖြင့် တစ်ယောက်တစ်မျိုးစီ မေးကြခြင်းကို မောင်လူလု အပြေးအလွှားဖြေရလေသည်။

ခရီးပန်းလာသောမောင်လူလုသည် ထမင်းကိုလည်း မစားနိုင်သေး၊ ရေချိုးရန်လည်း သတိမရ၊ အိပ်ရာကလေးတစ်ခုပေါ် ပစ်လှဲလိုက်ရင်း တစ်ခုခုဟာတာတာနေပါတယ်ဟု စဉ်းစားနေမိလေသည်။ ဘာများဟာပါလိမ့် ...။

* * *

"ကောလိပ်ကျောင်းကို စာသင်သွားသူရယ် ကျောင်းပိတ်ရက်တော့ ပြန်လာပါကွယ်"

ကစားနေသော မောင်လူလု၏စိတ်သည် အထက်ပါသီချင်းကို ပြေးတဲ့အမှတ်ရလိုက်လေသည်။ စိတ်ဆိုသည်မှာ အလွန်မြန်၏။ ချွန်းကိုင်၍လည်း သည်စိတ်ကိုမနိုင်၊ ဘရိတ်အုပ်လို့လည်းမရ၊ 'ကိုရီးယား'စစ်ပွဲကို တာ့ဝတီသာတက်ပြီး အပျင်းပြေစိတ်ကူးဖြင့် ကြည့်ချင်ကြည့်နိုင်သည်။

သည်စိတ်လွတ်လပ်လွန်း၍ ယောကျ်ားများ မယားငယ်ရှာ၊ မိန်းမများ မြောက်မွေးဖြစ်ကုန်ကြသည်မဟုတ်လော။ သတိတရားတစ်ခုသာလျှင်သည် အဖောက်ဖောက် အပြန်ပြန်စိတ်ကို နဖားဖောက်၍ ကြိုးကိုင်နိုင်သည်။

ခရီးရောက်မဆိုက် စိတ်ကစားမိသော မောင်လူလုသည် အထက်ပါသီချင်းကိုပြေးတဲ့အမှတ်ရမိသည်။ သည်လိုအမှတ်ရခြင်းကိုထောက်၍ ဖိုးလူလုတွင် လည်တမော့မော့ဖြင့်မျှော်ကာ ပြုံးတရွှင်ရွှင်ဖြင့် ဆီးကြိုမည့်ရည်းစားကလေးတစ်ယောက်တော့ ရှိပြီဟု ထင်ကြေးပေးကောင်းပေးကြပေမည်။

မဟုတ်ရေးချ မဟုတ်ပါ။

အမှန်အားဖြင့် ဒီသီချင်းကလေးနှင့် ရည်းစားသည်ကလေးက မှာလိုက်ထားလိုက်ပြီး အပြန်ခရီး၌ ထွက်၍ကြိုဆိုသည်ထက်မပိုတောင် ရော့တော့ရော့မည်မဟုတ်သော "အမောပြေဆေး"ကိုသာ ဟာတာတာဖြစ်မိခြင်းမှန်ပေတော့သည်။ ထိုအမောပြေဆေးကာ မောင်လူလု၏ညီလေးနှင့် ညီမလေးများဖြစ်ကြသတည်း။

* * *

mgyoe.com

mgyoe.com

ခေတ်အခါကမကောင်း၊ ပြည်တွင်းပြည်ပ အရေးတွေကလည်း တကယ် မအေးလှသေး။ ထို့ကြောင့် မောင်လူလှ၏ 'ဘ'အိုမှာ ဇာတိဘက်မရွာတွင် မနေ ရဲဘဲ ဘီအိုစီရိပ်သာ ချောက်မြို့ကလေး၌ပင် သီတင်းသုံးရလေသည်။ မောင်လူ လှဦးလေးတော်သည်လည်း ဇနီးချောခေါ်ရော 'မြို့တောင်တွင်း' သို့ ချဉ်းကပ်လေ သောကြောင့် ကျောင်းပြန်တိုင်းတွေ့နေကျ ညီလေး၊ ညီမလေးများနှင့် မတွေ့ရ တော့ပြီ။

သဟာကို မောင်လူလှ ရင်ဆာခြင်းဖြစ်သည်။

ခါတိုင်း မောင်လူလှကျောင်းပြန်လာပါက 'ကိုကြက်တော' 'ကိုဂျာ'နှင့် 'မစံ'တို့ တစ်တွေသည် သူတို့'အစ်ကို'ဘေးဝယ် ဝိုင်းနေကြပြီး "ကဲ ရှေးစကား ပြောဗျာ" ဟု သူတို့အမျှော်လင့်ဆုံး 'ရှေးစကား'မုန့်ကို တောင်းကြသည်။

သူတို့အား 'ရှေးစကား' ပြောရခြင်းမှာ မောင်လူလှ၏ ကျောင်းပိတ်ရက် နိစ္စပတ်တာဝန်ကြီးဖြစ်သည်။ သည်ဟာကိုပဲ သူပျော်ပိုက်၏။

အကြီးဆုံး ကိုကြက်တောမှာ ယခု အသက်ဆယ်နှစ်အရွယ်ကပင် စကားကြွယ်လှ၏။ တီတီတာတာနှင့် ပလီတတ်သည်။ သူ့မျက်လုံးပြူးကလေး များနှင့် ကျူးလွန်မိသည့်အပြစ်ကို သနားစဖွယ် ကွယ်ကာတတ်သောကြောင့် မောင်လူလှချစ်ရ၏။

အငယ်လူ 'ကိုဂျာ'ကား လူရိုးလူတိုဖြစ်သည်။ ဟောဟောဒိုင်းဒိုင်းဖြစ်၏။ လိမ်မပြောတတ်။ မပလီတတ်။ မတာတတ်။ မချွဲတတ်ချေ။ ယခုခေတ်၏ အပေါ်ယံ 'ရွှေမှုန့်ကြဲ'ပေါင်းသင်းဆက်ဆံရေးလူ့စနစ်ကို တော်လှန်မည့်သူဟု သူ့အစ်ကို မောင်လူလှကထင်၏။ အကြီးလူက တစ်ဦးဦးနှင့်ရန်ဖြစ်လာလျှင် အငယ်လူအား စစ်ကူခေါ်ရလေ့ရှိသည်။ အကြီးလူက လူကြီးများအပေါ် အပြစ်တစ်ခုခု ဖုံးသွား လျှင် 'ကိုဂျာ'က ဖော်လေ့ရှိ၏။ လူကြီးများကပင် ဝန်ခံနိုင်ခဲသော မှန်ရာဖွင့်ပြော မှုကို မောင်လူလှညီက ပြောပြလေ့ ဝန်ခံလေ့ရှိသည်။ ဘွင်းဘွင်းသမားမို့ သူ့ကို လည်း မောင်လူလှ မုန်းစရာ၍မရ။

'မစံ'ဟူ၍လည်းကောင်း 'မြင့်မြင့်ဌေး' ဟူ၍လည်းကောင်း 'မားဂရက်' ဟူ၍လည်းကောင်း သူ့မိခင်က နာမည်အမျိုးမျိုးဖြင့် ချစ်စနိုးခေါ်လေ့ရှိသော မောင်လူလှညီမလေးကား ငါးနှစ်ကျော် ခြောက်နှစ်ခန့်ဖြစ်၏။ အရွယ်နှင့် မလိုက် အောင် တတ်လွန်း သိလွန်း၏။ ပညာကို အားကျမခံ သင်ရမှန်းသူသိသည်။ တစ်ဖက်သားက တင်စီးလာသောစကားကို သူချေတတ်၏။ မာနကြီးရမှန်း သိ သဖြင့် မောင်လူလှ ရင် မ,ရ၏။ သူ့အခေါ်က 'ညည်းတော့ ပြောဆိုမရရင် ရိုက်ရမှာ

mgyoe.com

mgyee.com

ပဲ'ဟု ဟိန်းလာဟောက်လာပါက 'အမယ် ဖေဖေတို့ မေမေတို့က သူတို့ရိုက်ဖို့ မွေးထားတာတဲ့၊ သူတို့သမီးကို သူများရိုက်ဖို့မဟုတ်ဘူးတဲ့' ဟု ဘောဆီးရန်ကာ ပြောတတ်ပေသည်။ ပါးလွှန်းနပ်လွှန်း၍ပင် သူ့ကို မောင်လူလု အချစ်မလျော့။

ညစဉ် ညတိုင်း စာသင်ပြီး၍ မောင်လူလုက 'ရှေးရှေးတုန်းက' ဟု စလိုက်လျှင် 'မစံ'တို့လူသိုက်သည် မောင်လူလုကိုပတ်ချာလည်ဝိုင်းကြတော့၏။ တစ်အိမ်လုံး၏ ကြွက်ကြွက်ညံဆူပူသံ စကျက်သံတို့လည်း 'မီး ရေ လောင်း' တိတ်ဆိတ်သွားသည်။ လက်ကလေးထောက်ကာ သူတို့အစ်ကို့မျက်နှာကို မျှော်လင့်စောဖြင့် ကြည့်သူကကြည့်၏။ ဝပ်၍နားထောင်သူက ထောင်၏။ သူတို့၏ထွက်သက်ဝင်သက် ရှူသံ ရှိုက်သံကိုပင် မောင်လူလုကြားရလေသည်။

သည်တော့မှာ ယုန်မင်းဝတ္ထု၊ ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ ဖျိုင်းထက်ပုစွန် ပညာလွန်သောဝတ္ထု၊ အေဗရာဟင်လင်ကွန်း၊ ဗန္ဓုလ စသည့်သောင်းပြောင်းရော ရာတို့ကို စီကာ စဉ်ကာ မောင်လူလုပြောပြလေသည်။ ထိုအခိုက်၌ ခေါင်းရင်းဘက်မှ 'ဘ'အို၏ဖက်ဖြူလိပ်ကြီးသည် မျက်နှာကျက်တစ်ခုလုံး ပြည့်သွားအောင် မီးခိုးထောင်းထောင်းထွက်နေတတ်လေသည်။ မောင်လူလု၏ 'ရှေးစကား'လုံး စေ့ပတ်စေ့ပြောပြီးသောခဏ၌ ကလေးတွေလည်း အိပ်ပျော်ခြင်းအဆုံးသို့ ရောက်ကြလေသည်။

* * *

အိပ်ရာပေါ်မှ အိပ်မပျော့်တပျော် ကျောင်းပြန်မောင်လူလုသည် ညီလေးများကို မတွေ့ရသဖြင့် အမှတ်တရရနှင့် စိတ်ကစားနေမိလေသည်။ သည်ကမှ ဆက်စပ်ပြီး သူ့ ကလေးဘဝ၊ တောမှာနေစဉ်က တောအလျောက် အပျော်ကြီး ပျော်ရသည်ကို အမှတ်ရမိပြန်သည်။

လူ့စိတ်၏စည်းကမ်းမဲ့ပုံကို အထက်၌ဆိုခဲ့ပြီ။ သို့ကြောင့် မောင်လူလု၏ စိတ်သည်လည်း ငယ်စဉ်တောင်ကျေးကို တွေးမိရင်း စိတ်ကူးနာဝါပြင်ကျယ်ဝယ် မျောချင်ရာမျောနေစဉ်

"ဧာတိကသို့ပုံနှယ်၊ ချမ်းသာပါလိမ့်မယ်၊ ထမင်းရေ ချောင်းစီးအောင် အမြဲပဲလျှုဒါန်းကာ ပေးကမ်းချင်တယ်"

စိန်ပါတီ၏သီချင်းသံ ချိုလွင်လွင်ကလေးသည် ရေဒီယိုမှ ပျံ့လွင့်လျက် ရှိပြန်သည်။ ဒီသီချင်းသံနောက်သို့ ဖိုးလူလု ကောက်ကောက်ပါအောင် စိတ်ကူးဖြင့် လိုက်သွားသည်။ လမ်းခုလတ်၍ သူငယ်စဉ်က 'ထမင်းရေချောင်းစီး' အလှူပွဲ

mgyee.com

mgyoe.com


လေး တစ်ပွဲဖြစ်သော 'ဘဘုရားပွဲ'ကို တွေ့လေသည်။ ဟုတ်ကပြီ။ သည်ဘုရားပွဲတွင် မောင်လူလုတို့ကလေးတစ်သိုက် အလွန်ပျော်ရ၏။ အဝ တုတ်ကြရသည်။ ယခုလည်း စိတ်ကူးဖြင့် 'ဘ ဘုရားပွဲ'ကိုရောက်ပြန်ပြီ။ အဝ တုတ်ဦးအံ့။

* * *

'ဘ ဘုရားပွဲ'သည် သီတင်းကျွတ်လဆန်း ရှစ်ရက် ဥပုသ်နေ့၌ ကျင်းပမြဲဖြစ်၏။

လ,တော်သလင်း၏ ပင်,ရင်းမှာမှ အကြွင်းအကျန် ဝင်းဖန့်ဖန့်ပွင့်ဝတ်လွှာကလေးများ ယောင်ချာယောင်ချာနှင့် မြေဝသုန်ထက်သို့ ဆင်းသက်ကြသော အချိန်ဖြစ်ပေသည်။

'ဘ ဘုရားပွဲ'ရက်မှာ အဲသည် ဥတုသပ္ပါယမျှတသောအချိန်ဆီတွင်ပင် ဖြစ်လေသည်။

ထိုစဉ်က မောင်လူလုမှာ ခုနစ်နှစ်သား ရှစ်နှစ်သားမျှရှိသေးသတည်း။ လုံချည်ကို ကွင်းလည်းမသိုင်းချင်၊ ဝတ်ထားပါက ကစားလို့မကောင်းဟု အကြောင်းပြသဖြင့် သူ့စိတ်ကြိုက် ဒူးဆစ်ထိဖုံးသော ကာကီအင်္ကျီရှည်ကို မိဘများက ချုပ်ပေးရသည်။

သေးရှည်ရှည် မောင်လူလုလေးနှင့် သူ့ကစားဖက် ဘိုးခွေး၊ ဘိုးကျွဲတို့လူသိုက်မှာ လူကြီးတွေ တရုံးရုံးလုပ်ကိုင်နေသည်ကိုကြည့်ပြီး အပျော်ကြီးပျော်မိသည်။ ရန်မတည့်သော ဘိုးသန်းတို့နှင့် ဆုံမိပါက

"ဟေ ... ဟေ့ မခေါ်ဘဲနဲ့ ဇတော်ပဲ၊ ပဲကြီးလှော်နဲ့လဲ၊ ပဲကြီးလှော် ငါမကြိုက်၊ ဖိနပ်စုတ်နဲ့ ရိုက်"

စသည်ဖြင့် သံချပ်နှင့်ရန်စရသည်မှာ မောပဲမမောနိုင်။ ဘိုးသန်းတို့ကလည်း မျက်စောင်းတခဲခဲနှင့် 'ခွေးလေးဘုရားကျရင် မင်းတို့ကောင်တွေ သိရောပေါ့ကွာ' ဟူသော ရှူကြီးကိုသာ ပြနေကြတော့သည်။ သည်ထဲက တည့်ချင်လာလျှင် ထန်းလျက်ဖြူတစ်လုံးနှင့်လည်း ရန်ပြန်ခေါ်ကြ၏။

* * *

'ဘဘုရား'ဟူ၍ခေါ်တွင်ခြင်းကား မောင်လူလု၏ 'ဘ'တည်ထောင်ထားသောကြောင့်မဟုတ်။ မောင်လူလုအမေကြီး မယ်ချို၏မိဘဖြစ်သူ ညောင်ပင်တက်မသူကြီး 'ဖိုးပေတိုး မယ်မေ' တို့ကောင်းမှု ပုထိုးတော်ဖြစ်သောကြောင့်

mgyoe.com

mgyoe.com

အစဉ်အလာခေါ်စကားကို 'ဘဘုရား' ဟု ဘွဲ့တွင်နေခြင်းဖြစ်ပေသည်။

သို့သော် သည်ဘုရားဆွမ်းချပွဲအတွက် တာဝန်မှာ မောင်လူလှ အမေကြီးနှင့် သူ၏မွေးချင်းတစ်သိုက်တို့ သက်ဆိုင်လေသည်။

ထိုမွေးချင်းတစ်သိုက်ထဲက သေဆုံးသူရှိလျှင် ကျန်ရစ်သောသားသမီးများ တာဝန်ဖြစ်၏။ မည်သို့ဖြစ်စေ ဆွေမျိုးတစ်သိုက် စေတနာတတ်စွမ်းသမျှ ကြေးဆုံကာ ထည်ထည်ဝါဝါဖြစ်အောင် ဆွမ်းချစမြဲပင်တည်း။

မောင်လူလှတို့တစ်တွေမှာ လဆန်းတစ်ရက်ရောက်လျှင်ပင် ထောင်ထားသောလက်ကလေးရှစ်ချောင်းတည်းမှ တစ်ချောင်းကိုချိုးလိုက်ကြရ၏။ 'ခြောက်ရက်လိုတော့သဟေ့' 'သုံးရက်လိုတော့သကွ' 'သန်ဘက်ခါဆို မဗျန့်ကြီးတို့အိမ်က စိန်ရောင်ခြည်ဝယ်ဖောက်မယ်ကွာ' စသည်ဖြင့် ဘဘုရားပွဲကို လည်ပင်းဆန့်ကြရှာသည်။ တစ်ရက်ပြီးတစ်ရက် နီးနီးလာလေလေ သူတို့မှာ ရင်တထိတ်ထိတ်နှင့် ဝမ်းသာလေလေဖြစ်၏။

လူကြီးတွေအဖို့ရာလည်း သုံးလေးရက်လောက်ကပင် ဝက်သား၊ ငါး၊ ကြက်က ဘယ်နှပိဿာစီ၊ ဆန်က ဘယ်နှစ်အိတ် စသည့်အသေးစိတ်များကိုလည်း စီစဉ်ရ၏။

"စဉ့်ငူ(စင့်ကူမြို့) ကို ဈေးဝယ်သွားဖို့ရာ ကိုချမ်းသာ လှည်းနှင့်နွားကို ထွန်းခင်နဲ့ ကိုဘကျော်ဆို တော်လောက်ထင်ပါရဲ့။ သန့်ဇင်လိုက်ဖို့ လိုဦးမလား။ ဘုန်းကြီးပင့်ဖို့တော့ လွှတ်နေကျကိုငြိမ်းလွှတ်ရမှာပဲ။ မိုးပြတွေလည်း မငှားရသေးပါဘူး။ ကိုဘရှိန်က အလွန်အေးတာပဲ" စသည်ဖြင့် စီစဉ်ရာထား ဗျာပါများရသည်မှာ မောင်လူလှ၏ ဘအိုတွင် သက်ရှုမှားမှုဖြစ်သတည်း။

သို့သော် စုငွေနှင့် ကုန်ငွေ မလောက်လျှင် မောင်လူလှ ဘကပင် စိုက်ထုတ်လေ့ရှိသည်။

* * *

ဟော ပြောရင်းဆိုရင်း မောင်လူလှနှင့် ဘအိုတို့ ရင်တထိတ်ထိတ် ဝမ်းသာစိတ်ဖြင့် မျှော်ရသောအဘိတ်နေ့သို့ရောက်ကပြီ။

နံနက်စော လေးနာရီခန့်အရုဏ်နီရောင်ခြည် မဖြန့်တဖြန့်၌ တက်မရွာဦးရှိ ဦးဝါယမကျောင်းမှ တုံးခေါက်သံသည် လောကတစ်ခွင်ကို ဟိန်းခြိုသွားလေသည်။ အိပ်မောကျနေသော တက်မရွာကိုလည်း လွှမ်းသွား၏။ တောင်ကိုလားသော် အရာတော်ရွာနှင့် ဖားပြုပ်တောင်၊ ရွှေတောင်ညိုတို့သို့သွားပြီး ပဲ့တင်ထပ်သည်။

mgyoe.com


အနောက်ကိုလားသော် သပွတ်စုရွာ မုံဒိုင်ရွာ၊ မြောက်သို့လားသော် ပန်းကုန်းပင်။ ပဒိုင်းချောင်း၀ ငလင်းပုပ်တို့သို့တိုင်လျက် အရှေ့လားသော် ငမင်းမေးစုတည်ရွာတို့ရောက်အောင် ငါးတိုင်ပတ်လည်ခန့် တုံးခေါက်သံလွှမ်းသတည်း။

မောင်လူလှတို့အိမ် အနောက်ဘက်ဝိုင်းထဲရှိ ဘဖုံး၏ 'ညောင်ကန်ကြီး' ကလည်း ပြောင်းရိုးတဲခေါင်မိုးထက်မှ 'အောက် အီးအီး အွတ်' လေသတည်း။

ထိုအခါ ဂျိုကုပ်နှင့် နပြာ တစ်ရှဉ်းတို့ထည့်ထားသော ကိုချမ်းသာကို လှည်းဖြင့် ကိုထွန်းခင်နှင့် ကိုဘကျော်တို့သည် အနောက်တံခါးမှ စဉ့်ကူဘက်သို့ ဈေးဝယ်ခရီးထွက်ကြလေသည်။ စကား'ဗလစ်ဗလစ်'ကို သန့်ဇင်ပုံကလေးကလည်း ဖက်ဖြူလိပ်တရဲရဲနှင့် ရှေ့မှခြေထောင်ပြေး လိုက်ပါလာ၏။

မန်ကျည်းပင်ကြို မန်ကျည်းပင်ကြား၊ ထန်းပင်ကြို ထန်းပင်ကြားတို့သို့ နေရောင်ခြည် လွန့်လွန်ဖြာပေပြီ။ မောင်လူလှတို့ အိမ်ဝင်းအတွင်း၌လည်း လူပရိသတ်ဖြင့် စည်းကားစပြုလာချေသည်။ မီးလင်းဖို(မြေမီးဖို) တူးသူကတူး၊ ထင်းဖြတ်သူကဖြတ် မိုးဗြဲဒယ်ဆေးသူကဆေး၊ ကျင်သီ(ဒယ်အငယ်)ကလေးတွေကို လှည်းဖြင့်တိုက်သူကတိုက်နှင့် စကားပြောသံ လုပ်သံကိုင်သံ၊ အသံဗလံတွေ ဆူညံနေ၏။

မိန်းမဝိုင်းကိုကြည့်လိုက်ပါဦး။

မောင်လူလှ၏မိခင်သည် ဆန်ကောတစ်ချပ်ဖြင့် ဆွမ်းဆန်ထဲမှ ကြွက်ချေးနှင့် စပါးလုံးကိုရွေးနေ၏။ ဆန်ပြာကျင်လည်လှသော အစ်မဆုသည် ဆန်ကောတစ်ချပ်စာပြီး၊ တစ်ချပ်စာ ပြာနေပေသည်။ မကြီးပန်းကား နောက်နေ့ တရားနာရာ၌ ဝေရန် ဆန်ပန်းကို စီမံနေသည်။

"လာမယ့်ပရိသတ်နဲ့ဆိုရင် တစ်ပြည်ဆို နည်းများနေမလား၊ ကဲလေ ပိုပိုကြိုကြို သုံးခွက်တော့လုပ်လိုက်မှပါဘဲ" ဟု မိမိဘာသာဆုံးဖြတ်လိုက်၏။ အနီးရှိ ဆန်ပြာနေသော အစ်မဆုဘက်လှမ်းတဲ့၍ "ဟဲ့ မဆုရဲ့ လုံးပု ဆန်ပန်းလုပ်လို့ မလှပါဘူးဟဲ့၊ လုံးသွယ်သုံးလေးခွက်လောက် ပြာပေးစမ်းပါဦး" ဟု တောင်းလိုက်သည်။

သည့်နောက် သူ၏သီသီမှုန်သော မျက်စိအစုံဖြင့် မကြီးပန်းသည် ဆန်များကို ဆေးဆိုးလေသည်။ အပြာရင့်ချင်လျှင် မဲနယ်များများထည့်၏။ မဗျန့်ကြီးတို့ ကုန်စုံဆိုင်က အစိမ်း၊ အဝါ၊ အနီ ဆိုးဆေးဘူးလေးတွေလည်း သူ့ အနား၌ ဖောက်ပြီးသားရှိကြ၏။ ကြံဖန်ပြီး ခရမ်းရောင်ရအောင်စပ်ယူသည်။ လေးငါးခြောက်မျိုး ဆိုးပြီးသောအခါ စကောနှစ်ချပ်၊ သုံးချပ်လောက်ထဲ၌ အနီတစ်ကန့်၊

mgyoe.com

mgyee.com

အဝါတစ်ကန့်၊ အပြာတစ်ကန့် ကန့်၍ ဖြန့်ထား၏။ ခြောက်သွေ့စေရန် နေရောင်မှာသွားလှန်းသည်။ နေရောင်အောက်က မကြီးပန်း 'ဆန်ပန်း' ကား မောင်လူလှတို့ကလေးသိုက်မျက်စိတွင် တကယ့် 'အညာဆင်'ပင်တည်း။

* * *

သည်အချိန်မျိုးတွင် မောင်လူလှတို့အိမ်အောက်ခြောက်ချောင်းခုတင်ကြီးပေါ်ဝယ် မောင်လူလှ၏ 'ဘ'သည် လက်ဖက်ရည်ကြမ်းတစ်ဝိုင်းနှင့် ရှိလေသည်။ သူ့ဖက်ဖြူလိပ်သည် မီးခိုးလူနေ၏။ သူ့အနီးတွင်ကား ဖိုးစိန်ဘူးသည်ဟင်း အမယ်ဘယ်လောက်ဟုတိုင်ပင်နေသည်။ ဖိုးရဲကျော်က "ဟင် ကိုစံရှုံ ကျုပ်တို့ နှစ်မကြည့် ဘုရားကိုယ်တော်ကြီး ဦးချိုကြီး မေ့မပစ်ခဲ့ပါနဲ့ဗျာ" ဟု အရေးမကြီးသင့်ရာကို သတိပေးလျက်ရှိသည်။

ဆရာဦးစိန်ခကား ကျောက်ဖရုံသီးနှင့် ဝက်သားရောလျက်တစ်ခွက်၊ ဝက်သားချဉ်းသက်သက်တစ်ခွက်လုပ်သင့်ကြောင်းကိုဆို၏။ ဖိုးအင်္ဂါအိုမှာငေးရင်း တွေးရင်း နားထောင်နေသည်။ ဘာစကားမှမဆို။ ကိုငြိမ်းမှာ လက်ဖက်ခွက်ကိုနှိုက်လိုက်၊ အမဲခြောက်အမြည်းကိုစားလိုက်၊ လက်ဖက်ရည်ကို တစ်ကျိုက်ပြီး တစ်ကျိုက် ကျိုက်လိုက်နှင့် မအားအောင်ဖြစ်နေလေသည်။ မောင်လူလှ 'ဘ'က 'ဟင် ကိုငြိမ်း၊ ခင်ဗျာ့ နေမြင့်နေပြီလေ၊ မသွားသေးဘူလား" ဟု ဘုန်းကြီးပင့်သွားဖို့ သတိပေးမှ ဖင်နှင့်ကြမ်းနှင့်ခွာလေသည်။ ပြီးလျှင် နေစားထားသောပန်းရောင်ခြောက်သွေ့သွေ့ပဝါကို နှစ်ပတ်သုံးပတ်လောက် ရစ်ထဲ့ပြီး တမာပင်ရိပ်မှ မြင်းနီမကို 'ကုန်း'မတင်ဘဲ စီးသွားလေသတည်း။

* * *

တတိ တတိနှင့် နေလည်းအတော်မြင့်ခဲ့ပြီ။ ဆွမ်းခံပြန်ချိန်ရောက်ရုံမကနောက်ကျတတ်သော ဦးဘန်းကြီးကျောင်းသားများပင် ပြန်စပြုချေပြီ။

မောင်လူလှတို့အိမ်ဝိုင်းကား လူစုမကွဲသေး။ လုပ်သံကိုင်သံ ရယ်မောသံတွေ မဆိတ်သေး။

ထမင်းစားပြန်ကြသူများလည်း ပြန်၏။ တချို့က လုပ်လက်စ တောက်တိုမယ်ရကို လုပ်မြဲလုပ်နေ၏။ လူလဲနှင့် ထမင်းစားကြရသည်။ မောင်လူလှအမေကြီးက မဘွင့်တို့လူစုဘက်လှည့်၍ "ဟဲ့ ညည်းတို့ ဒီမှာစားနေကြပါအေရဲ့၊ ငါ ပိုချက်ထားပါတယ်၊ ထမင်းရော ဟင်းရော အများကြီးပါ" ဟု စိတ်ရင်းခံကို

mgyee.com

mgyoe.com

ပြောပြလေသည်။

အိမ်ရှေ့ တမာပင်ရိပ်ထဲက မြေသင်ဖြူးနီဖန့်ဖန့်ပေါ်တွင်ကြည့်စမ်းပ၊ စားပွဲခုံ စီအရီနှင့် ကိုဘထွန်းတို့၊ ကိုမင်းမောင်တို့၊ ကိုလုံးတို့၊ ကိုလှိုင်ကြီးတို့ လူသိုက်ကို တွေ့ရမည်။ ကြက်သွန်တတောက်တောက်လှီးသူလှီး၏။ အခွံသင်သူသင်သည်။ နောက်ပြီး အင်တုံတွေထဲက ငါးခြောက်ပြားရေစိမ်ကိုယူတဲ့၍ နုတ်နုတ်စင်းသူက စင်းနေကြသည်။

အရင်အရင် ဘယ်သူ့အလှူတုန်းက ဘယ်ဝါ့ကို ဘယ်ပုံနောက်လိုက်လို့ ဘယ်နည်းကျောက်ကျသွားကြောင်းနှင့် စားမြုံ့ပြန်ရင်း ဝါးခနဲ ဝါးခနဲ ပွဲကျနေကြ၏။ စင်းပြီးသားငါးခြောက်ကို 'မငြိမ်'နှင့် 'မစော'တို့ညီအစ်မက ဇလုံများနှင့် ထည့်သွားပြီး အိမ်ဝိုင်းအနောက်ခြေ ဝါးရုံနှစ်ရုံကြားရှိ မောင်းစင်တွင် ဖွီးခနဲ ဂျိုင်းခနဲထောင်းနေကြသည်။ သလိုပင်ပန်းလို့လည်း ငါးခြောက်ကြော် စားကောင်းခြင်းဖြစ်ချေ၏။

အနောက်မြောက်ထောင့် မန်ကျည်းပင်ပုအိုင့်အိုင့်လေးအောက်ဝယ် မသောကြီးနှင့် အဖော်တစ်ယောက်သည် ပေါက်ပေါက်လှော်နေကြသည်။ တဖျောက်ဖျောက် ပေါက်နေ ပွင့်နေသော ပြောင်းဖူးစေ့သံကား နားဝင်ပီယံတစ်မျိုးဖြစ်၏။

သူရို့ဘေးနားဆွယ်ဆွယ်၌ မစိန်လုံးခမြာ၊ကြက်သွန်ဆီသတ်လိုက်၊ ငံပြာရည်ချက်လိုက်နှင့် ညော်အဝရှူနေရသည်။ မောင်လူလှ၏ ဦးလေးများကား ရီးတီးယောင်တောင်လိုလို ဘာလိုလိုနှင့် ဟိုစပ်စပ် သည်စပ်စပ်လုပ်ရင်း တစ်ဝိုင်းလုံးအတွက် သေတ္တာမှောက်ဖြစ်နေကြသည်။

မောင်လူလှတို့ကလေးတွေမှာ အိမ်အပေါ်ထပ်မီးဖိုဆောင်ထဲတွင် သံပန်းကန်ပြားကလေးတွေကိုယ်စီနှင့် ထမင်းပန်းကန်ထည်း ရှေ့ပိုင်းနား၌ ပဲကြီးဥ(ဥထားသောပဲကြီး) လေးကို တစ်ပုံစီပုံထား၏။ ကြက်သွန်ဆီချက်စိုစို ဆမ်းထားသဖြင့် ခပ်ကော့ကော့ကြက်သွန်ဖတ်နီနီ လေးငါးခြောက်ဖတ်လော်က ပဲကြီးဥပေါ်မှ ခေါင်းပြူနေကြသည်။ သူ့ဘေးတွင် ငါးခြောက်ကြော်ကတစ်ပုံ ပုံထားပြန်သည်။ သည့်ဘေးနားဝယ် ကြက်သားဖတ် မကြီးမငယ်သုံးဖတ်လောက် ထည့်ထားသေးသည်။ အရည်လည်း ခပ်ရွှမ်းရွှမ်းဆမ်းလျက်ရှိသည်။

သည်ဟင်းစုံ သည်ထမင်းစုနှင့် သူရို့လူ့သိုက် အားရပါးရလွေးနေကြပုံကား လူကြီးများသော်မှ သွားရည်ကျစရာပင်တည်း။ ဆာနေတုန်းစားရသော ဆီဆမ်း ဆားဖြူးကို ဘယ်ဒန်ပေါက်မှ မီရိုးထုံးစံမရှိ။

* * *

mgyoe.com

mgyoe.com

သည်အခိုက် ရှာဦးရှိ တောင်တိုက်၊ မြောက်တိုက်တို့မှ ဆွမ်းစားခေါင်းလောင်းထိုးလေသည်။ တုံးခေါက်သံသည် နံနက်တုန်းကလို ပဲ့တင်ထပ်ပြန်ပြီ။ ကြေးစည်သံ၊ ခေါင်းလောင်းသံတို့ကား တဝေဝေလျှံ၍ ကောင်းကင်ယံသို့ ပျံတက်လေသတည်း။ ကြေးစည်သံ၊ ခေါင်းလောင်းသံ၊ တုံးခေါက်သံများနောက်မှ ထပ်ကြပ်ပါနေကျ အူနေကျ ကျောင်းခွေးသံများကလည်း 'ဝူ' ပြီးရင်း 'ဝူ'ရင်း နားဆူစရာဖြစ်နေတော့သည်။ ခဏကြာမှ သည်အသံများဆိတ်ချေ၏။

ဆွမ်းစားခေါင်းလောင်းသံဆိတ်လျှင်ပင် မောင်လူလုတို့ဝိုင်း ဝင်းတံခါးကြီးအတွင်းသို့ တောင်ဘက်မှလာသော ပေါင်းမိုးလှည်းတစ်စီးသည် ကျွီခနဲ ကွေ့ကာ ဝင်လာ၏။ နွားတစ်ရှဉ်းမှာ ခရီးပြင်းနှင်လာဟန်နှင့် နှာတံရှုံ့ရဲ့ဖြစ်နေသည်။ ပါးစပ်မှ အမြှုပ်များပင်ထွက်နေ၏။ မောင်းလာသောလှည်းသမားကား တဘက်ဖြူလေး ခေါင်းတုံးကိုပတ်ထားသော ဖိုးပုနှောင်ကြီးဖြစ်သတည်း။

ငွေးချို မန်းကျည်းစောက်မှ ဘဒွေးညွန့်တို့လှည်းဖြစ်သည်။ ဆွမ်းချပွဲ အမီလာခြင်းဖြစ်၏။ လှည်းရပ်လျှင်ပင် သက္ကလပ်တိုက်ပုံနက်ပြာနှင့် ဘဒွေးညွန့်ဆင်းလာသည်။ သူ့နောက်က ဒွေးသုံပါ၏။ မောင်လူလုဘက "ကိုအောင်ညွန့်တို့ ခင်ဗျားတို့နေမြင့်လှချည်ရဲ့ဗျ" ဟူသော အာလုပ်ဖြင့် ထွက်၍ကြိုလေသည်။ ဘဒွေးညွန့်တို့နောက်မှ "ကျုပ်လည်းပါသေးတယ်ကိုစံရုံရေ့" ဟု သွားမရှိတရှိဖြင့်ပြောရင်း အမေအိုဆင်းလာသည်။ အားလုံးက ဝမ်းသာပန်းသာကြိုကြသည်။

အမေအိုကား အသက်ခုနစ်ဆယ်ကျော်လေသဖြင့် ခေါင်းမွေးဆွတ်ဆွတ်ဖြူပေပြီ။ ပါးရေများလည်း ပင့်ကူမျှင်ယှက်ဟန် တွန့်ချေပြီ။ သာနှင့်တောင်မှ သန်မာသေး၊ ခရီးသွားနိုင်သေးသည်။ ရှေ့ဆင့် နောက်ဆင့်လိုလိုပင် တောင်ဘိမှ ဖိုးရဲကြမ်းသည် ကြိမ်တုတ်တစ်ချောင်းနှင့် ပေါက်လာပြန်သည်။ မောင်လူလုဘ,ကား ဆွေစုံမျိုးစုံရောက်လာကြသဖြင့် တပြုံးပြုံးပျော်နေ၏။ "ဟဲ့ မယ်ချိုတို့ ထမင်းကျွေးဖို့ လုပ်ကြဟယ်" ဟု ဝမ်းသာသံကြီးနှင့် လှမ်းတဲ့ကာ ပြောရုံသာ ပြောနိုင်သည်။ နောက် သူ့ဖက်ဖြူလိပ် မှမီးခိုးသည် အက္ကနိဋ္ဌတိုင်အောင်တက်၍ အကြောင်းကြားမည့်ဟန်နှင့် ထောင်း ထောင်းထ၍ လူလူတက်လေသတည်း။

ခရီးရောက်မဆိုက် ဖိုးရဲကြမ်းသည် သူ့ညဉ်အတိုင်း ဘုရားစင်သို့သွားပြီး ပန်းနှင့်ရေများကို အသစ်လဲ၍ ကပ်၏။ တံမြက်လည်းလှည်းသည်။ ထင်းသယ်ရာတွင်လည်း ဝင်တဲ့ကူသေးသည်။ "ဘကြီးကြမ်း ထမင်းခူးပြီးပြီး သုံးဆောင်လှည့်ပါ" ဟု မောင်လူလုအဒေါ်က ခေါ်လာမှ သူ့ကိစ္စများကို ရပ်တော့သည်။

* * *

mgyoe.com

မောင်လူလုတို့အိမ်ဝိုင်းမှာ နေ့လယ်ဘက်၌ အတော်အသံဆိတ်နေသည်။ မနက်ခင်းလောက်ဆူဆူညံညံမရှိတော့။ သို့သော် လုပ်လက်ကိုင်စတို့ကိုကား လုပ်ဆဲကိုင်ဆဲပင်ရှိသေးသည်။ မစောဂေါက်တို့တစ်တွေကြော်နေသော ငါးခြောက်ကြော်နံ့ သင်းပျံ့ပျံ့ကလေးမှာ အိမ်ဝိုင်းပတ်ချာလည် လေဝှေ့သလို ဝှေ့နေ၏။

မီးဖိုဆောင်ဘက်ဆီ ခေါင်းငဲ့လိုက်စမ်းပါ။ "အစကတည်းက ငါပြော သားပဲအေ၊ ဒါလောက်နဲ့ မလောက်ပါဘူးဆို" ဟူသော မဆင့်၏အသံနှင့်အတူ ခါတော်မီလျော်ရသည့်နှမ်းလျော်နဲ့ မြေပဲလျော်နံ့ကလေးများ ကြိုင်ကြိုင်သင်းနေပေသည်။ နှမ်းကို ဂုံအိတ်သစ်တစ်လုံးပေါ် ဖွပ်သူကဖွပ်၊ လျော်သူကလျော်၊ ဆန်ကောနှင့်ပြာသူကပြာ၊ သူတို့မှာဖြင့် အားပဲမအားတဲ့နိုင်ပါ။

သူတို့သာမဟုတ်၊ မောင်လူလုတို့အိမ် ဆင်ဝင်ခန်း(ဧည့်ခန်း)ဘက် လှမ်းကြည့်ခဲ့ပါလျှင် ခနေဖြူသင်ဖြူး ရှာပန်းနီအနားကွပ်များကို စီကာစဉ်ကာ ခင်းနေသော မောင်လူလုအမေကြီးအား တွေ့ရမည်။ သူကား တောက်တို့မယ်ရကြောင့် ကျန်းမာနေ၏။

သည်ကနေ လေ့ခါးဆယ့်တစ်ထစ်ကို ဆုံးအောင်ဆင်းသွားလျှင် လေ့ခါးခြေရင်း ရာ့ငါးဆယ်ဝင် စဉ့်အိုးများအနီး၌ လင်ပန်းထပ်ကြီးကို တစ်ချပ်ပြီးတစ်ချပ် သဲဆပ်ပြာအုန်းခွံတို့ဖြင့် ပွတ်တိုက်ဆေးကြောနေသော မောင်လူလု ဦးလေးများ ရှိကြသည်။ ကန်တော့ပွဲပြင်ဖို့ပင်ဖြစ်ချေ၏။

သူများတွေ သည်လိုကိုယ်စီကိုယ်င အလုပ်များလုပ်နေကြစဉ် အိမ်အောက် ထပ်ခုတင်ပေါ်ဆီမှ ကက်မွေသံတဖျော်ဖျော ထွက်လာလေပြီ။ ရော မောင်လူလု 'ဘ'၏လက်ချက်ဖြစ်တော့သည်။ မောင်လူလု'ဘ'ကား ဖက်ဖြူလိပ် နှင့် 'ကက်'ကို တစ်ဗိဇနာမခွဲနိုင်သူဖြစ်၏။ ဤသည်တို့သည် သူ၏နိဗ္ဗာန်ကူးတို့ ဖြတ်လမ်းများ ဖြစ်ကြသတည်း။

သူ့ဘက်တော်သား ကက်ဆွဲဖော်ကြီးများဖြစ်သော ဖိုးအောင်ဒင်နှင့် ကိုဖိုးလှတို့လည်း လူစုံလက်စုံရောက်ကြပြီ။ အင်္ကျီဗလာ၊ ပုဆိုးဒူးပေါ်နှင့် ဖိုး အောင်ဒင်ကား မုဆိုးထိုင်ထိုင်၍ ကစား၏။ ကိုဖိုးလှမှာ ကြွေစေ့လေးတွေကို ကိုင်ရင်း အံစာထိုးရန် စောင့်လင့်သည်။

သူရို့အထက် အိမ်ပေါ်ထပ် ဦးရည်တိုင်ဘေးတွင် သူတို့လိုမအားနိုင်ရှာ သော အမယ်ကြီးများကား အရီးမယ်သက်ရှေ၊ ဒွေးလေးမယ်စိုးရနှင့် အမေအိုတို့ဖြစ် ပေသည်။

ဒွေးလေးနှင့် အရီးတို့နှစ်ယောက်သားမှာ ဖလားစုံကွမ်းအစ်များကို ပိုးရော

mgyoe.com

mgyoe.com

ချည်ပါ လုံချည်ဟောင်းကလေးဖြင့် ရေစကလေးများကုန်အောင် ပွတ်တိုက်နေသည်။ ရုပ်စုံကွမ်းအစ်ကြီးများ၏ အဖုံးပတ်ပတ်လည်တွင် မင်းညီမင်းသားရုပ်ပုံ၊ ဘုရင်အား အမတ်ကြီးလျှောက်လေဟန် စသည်ဖြင့် စုတ်နှင့်အနုစိတ်ထားသည်။ ဥမ္မာဒန္တီဇာတ်မှ ဟုတ်ပါလေစ။ မောင်လူလှကား ကလေးမျက်စိမို့ ဘာဘာညာညာ မခွဲခြားတတ်။

"ဦးဝါယမက အလွန်ကွမ်းကြိုက်သယ်၊ မသက်ရှေရဲ့။ အင်း သူ့ကျောင်းမှာလည်း ပုပ္ပါးကဆိုလား၊ ကွမ်းပင်လေးဟာလေ ဟောတော မြေတောင်မြှောက်လိုက်၊ ရေလောင်းလိုက်နဲ့ သဟာကို အလုပ်တစ်ခုပဲရှင်မရဲ့"

ဒွေးလေးမယ်စိုးရသည် တောင်ငူကွမ်းသီးများကို မကွေးကွမ်းညှပ်ဖြင့် ရောက်သီးမြှောင့်သဏ္ဍာန် စိပ်စိပ်ဖြရင်း အရီးအား ဦးဝါယမဇွီကာလင်းနေသည်။ အရီးမယ်သက်ရှေမှာလည်း အလုပ်တစ်ဖက်နှင့် နားထောင်ရ၏။

ပထမ ကွမ်းအစ် 'အောက်ခံ'ထဲသို့ အနီးရှိဗန်းထဲမှ ကွမ်းရွက်များကို အဝတ်စိုလေးဖယ်တဲ့ပြီး မနည်းလွန်း မများလွန်းအောင် ကြည့်ထည့်ရသည်။ နောက်ပြီး ပထမ'အံ'ဆင့်လိုက်၏။ သည်အံထဲတွင် ဆေးရွက်တချို့ လိုရမည်ရထည့်သည်။ ပြီးမှ အပေါ်ဆုံး'အံ'ကိုဆင့်ပြန်၏။ သည်အံတွင် လက်ဆီးဆုပ်လောက်နီးနီးကြီးသော ငွေဖလားလေးလုံး၊ ငွေထုံးဘူးတစ်ဘူး၊ မကွေးကွမ်းညှပ်တစ်လက်တို့ကို အံကျအောင်ထည့်ထားလိုက်သည်။

"နောက်ပြီး အသည်မြင်းမြီးကွမ်းအစ်၊ လက်သီးဆုပ်လောက်ကလေးကလည်း သွားလေရာပါသတော့"

အရီးကား ဒွေးလေးစကားများထက် ခပ်လှမ်းလှမ်းရှိ ဒွေးသုံတို့ညီအစ်မသုံးယောက် ခေါင်းချင်းရိုက်နေကြသည်ကို သဘောကျနေမိ၏။ ဒွေးသုံ၊ မယ်ရုံနှင့် မယ်ချုံအိုတို့မှာလည်း တီးတိုးတီးတိုးနှင့် ဘာတွေတိုင်ပင်သည်မသိ။ အတိုးချနေကြဟန်ရှိသည်။ နီးတကျက်ကျက် ဝေးတသက်သက်ဆိုသည်မှာ ဟုတ်ဟန်တူသည်။

ငွေထုံးဘူးလေးတွေထဲ၌ ထုံးကိုမပြည့် မလျော့အောင် ကြည့်ထည့်ရသည်။ ငွေဖလားလေးလုံးထဲတွင်လည်း ရှားစေးတစ်လုံး၊ ကွမ်းသီးစိတ်တစ်လုံး၊ လေးညှင်း၊ စမုံစပါးတို့တစ်လုံး ဆေးရွက်ကြီးတစ်လုံးအားဖြင့် တစ်ဝက်မရှိတရှိဆိုရုံလေးသာ ထည့်ထားလိုက်သည်။

သူတို့နှင့် သင်းဖြူတစ်ကမ်းလောက်ဝယ် ဒွေးသုံတို့ညီအစ်မ ခေါင်းချင်းရိုက်နေသည်ကိုလည်း ပမာမပြု၊ ဒွေးလေးကွမ်းပြင်သည်ကိုလည်း ဂရုမထားဘဲ

mgyoe.com

mgyoe.com

ထန်းလျက်ဖြူဆုပ် ဆုပ်လိုက်၊ ပေါက်ပေါက်ဆုပ်ဆုပ်လိုက်နှင့် အလုပ်များနေသူ ကား တစ်ပါးသွား 'အမေအို' ဖြစ်၏။ ဇောင်ကြမ်းထန်းလျက်၊ နဘတ် ထန်းလျက် တွေလည်း လင်ပန်းစီအရီနှင့် ထည့်ပြီးရှိကြသည်။

သို့သော် မောင်လူလှ ဘ,၏ကက်မွေသံ တဖျော့ဖျော့သည် ဤသတ္တ လောကတစ်ခုလုံးအား ဖုံးလျက်ရှိလေသတည်း။

* * *

ညနေစောင်းမှ နေခြည်လည်းအားယုတ်စပြုပေပြီ။ မောင်လူလှတို့အိမ် ဆင်ဝင်ခန်း ဦးရည်တိုင်ဘေးဝယ် မယ်ရွှေရိပ်တစ်ယောက် အလှည့်ရောက်၍ အလုပ်များပေပြီ။ သူ့ခမျာ လက်ဖက်၊ နှမ်း၊ မြေပဲလှော်၊ ကြက်သွန်ကြော် စသည် တို့ကို ခံတောင်းထဲဝယ် သူ့လင်ပန်းနှင့်သူ ထည့်ရ၏။ နှမ်းဆီအိုးမွှေး သင်းသင်း ကလေးလည်း ဆားအိုးနှင့်ယှဉ်လျက်ရှိ၏။ သည်လိုဝိရိယကောင်း၍လည်း ဆွမ်း ဆန်အဆုံလာကြသောအခါ လောကွတ်တုံ့ပြန်နိုင်သည်။ သည်လောက် စေတနာ ပေါက်၍လည်း မယ်ရွှေရိပ် လက်ဖက်အကျော်ဇေယျ ဖြစ်ဟန်တူသည်။

ယခုတစ်ခါ မောင်လူလှတို့အိမ်ဝိုင်းထဲ၌ မနက်ကလိုပင် ပရိသတ်စည် ကားစပြုပြန်ပြီ။ မနက်ကထက် များချင်များမည်၊ မီးပျိုးသူကပျိုး၊ ဆွမ်းဆန်ဆေး သူက ဆေး။ မောင်လူလှတို့အိမ်အနောက်ခန်းသို့ ငါးခြောက်ကြော်များကို တစ် ခြင်းကြားပြီး တစ်ခြင်းကြား သယ်သွားသူက သယ်သွား၏။

ဝင်းတံခါးကြီးအတွင်းသို့ ဒိပ်ဆိုသည့် တက်မသူ ဖြူဖြူညိုညို ပျိုပျိုအိုအို တို့ လင်ပန်းကလေးတွေကိုယ်စီရွက်လျက် အလျှိုအလျှိုဝင်လာကြပြီ။ တချို့ လေးငါးယောက်၊ တချို့နှစ်ယောက်၊ တချို့တစ်ယောက်တည်းဖြစ်၏။ ဤဘဝတွင် ဤကဲ့သို့ ငါနှင့်သူ ဒါနအတူမျိုးစေ့စိုက်ပျိုးခြင်းဖြင့် နောက်ဘဝ နောက်ဘဝတို့၌ အလှူရေစက် လက်နှင့်မကွာ ဆုံစည်းနိုင်ကြပေဦးမည်။

ဆွမ်းဆန်အဆုံလာကြသူများ၏ လင်ပန်းများထဲသို့ ခြေဖျားထောက်တဲ့ ပြီး ခေါင်းငဲ့လိုက်စမ်းပါ။ မောက်လျှံနေသော ဆန်လင်ပန်းက တချို့၊ ပြောင်းဖူး ထွားထွားရှည်ရှည်တွေကလည်း လေးငါးဦး။ ထန်းလျက်ဖြူဖြူနုနုသစ်သစ်ကလေး တွေအပြည့်ထည့်လာသော ချစ်စရာလင်ပန်းကလည်း မနည်းလှ။ နောက်ပြီး လက်ဖက်ခြောက် ထန်းလျက်ဖြူဆုပ်၊ ပေါက်ပေါက်ဆုပ်၊ ကျောက် ဖရုံယို၊ မရွေး၊ နှမ်း၊ သည်လင်ပန်းများကလည်း သူ့ပိုင်ရှင်နှင့်သူ အရေအတွက်များလှဘိ၏။ ငှက်ပျောသီး၊ ဆေးရွက်ကြီးနှင့် မြေပဲ၊ လင်ပန်းများလည်းပါသေးသည်။ ဤကန့်

mgyoe.com

mgyoe.com


တော့ပွဲ လင်ပန်းတွေကို ရွက်လာကြသော ချေးစချေးပေါက်ကလေးများ မစို မခြောက်နှင့် မျက်နှာလေးတွေးအားကြည့်ခဲ့လျှင် သဒ္ဓါစိတ်တစ်ဝက်၊ ကြည်နူးစိတ်တစ်ဝက် ဖုံးနေကြောင်းတွေ့ရမည်။ အနောက်ပိုင်း မမြရင့်ကြီးရွက်လာသော ပြောင်းဖူးများကိုကြည့်ရုံနှင့် သူ့စေတနာကို သိနိုင်သည်။ သူ့စေတနာလတ်ဆတ်သလို ပြောင်းဖူးများလည်း လတ်ဆတ်၏။ သူ့စေတနာ ကြီးထွားများပြားသလို ပြောင်းဖူးတွေကလည်း နုထွားထွားနှင့် လင်ပန်းပြည့်ပါ လာသည်။

ဟော ... ကြည့်စမ်းပ၊ အရှေ့ပိုင်းက မဇာယုလင်ပန်းတွင် ငှက်ပျောဖီးတွေ ဝေလို့ပါကော ရခိုင်လား၊ ဖီးကြမ်းလား၊ အသီးထွားပုံထောက်လျှင် ဖီးကြမ်းနှင့်တူသည်။ ငှက်ပျောဖီးတွေ ဝင်းဝင်းမှည့်မှည့်နှင့် မွှေးကြိုင်သလို သူ့စေတနာကလည်း သဒ္ဓါရောင်တဖိတ်ဖိတ် ကြည်နူးစိတ်တသင်းသင်းရှိချေသည်။ မြောက်ပိုင်း မညိုရွက်လာသော ဆန်လင်ပန်းကတော့ သူ၏ဖြူဖြူစင်စင် စေတနာကို တံခွန်ထူနေသည်။ သည်လိုဆွမ်းဆန်ဆုံလာသူတွေ အလျှိုလျှိုရောက်လာချိန်၍ နေဝင်လို့ တိမ်တောက်ချေကပြီ။

တိမ်ရောင်ကြောင့် တက်မသူများ၏ နဂိုအလှပေါ်တွင် လှသစ်ဆောင်းကြတော့ပြီ။ သူတို့တွေ မောင်လူလုတို့အိမ်ပေါ်ရောက်လျှင်ပင် မသောကြီး၊ မစိန်လုံးနှင့် မယ်ရွှေရိပ်အပေါင်းပါတို့ အလုပ်များရတော့၏။ “ဟဲ့ ဘယ်သူရဲ့ ရှေ့တိုးထိုင်ပါဟဲ့၊ ဟေ့ ညည့်လင်ပန်းပေးလေ လှယ်လိုက်ရအောင်၊ ဟောတော့ မအေးဖံနှယ်ကော လက်ဖက်ကလေး၊ နှမ်းကလေးမထည့်ရသေးဘဲ ပြန်လို့ ဘယ်ဖြစ်မလဲတော့၊ တကတည်း လောရန်လွန်ပါရော။ အိမ်က ဘယ်သူများ စောင့်နေပါလိမ့်” အစရှိသော မရွှေရိပ်၏ ကြားနေကျအသံကိုလည်းကြားရလေပြီ။

ပါလာကြသော ကန်တော့စရာ တန်ဆာပလာများကို အိမ်ခံလင်ပန်းများနှင့် လှယ်တဲ့ပြီး ဧည့်ခန်းအရှေ့ဖျားဝယ် စီစဉ်ထားရသောကြောင့် မသောကြီးလည်းချွေးထွက်၏။ မစိန်လုံးခမြာမှာလည်း ဆေးမသောက်အား၊ အနားမှ မကြီးပန်းက ကြုံ့ကြုံ့ကလေးထိုင်၍ ဧည့်ခံသောကြောင့်တော်သေး၏။ သူနှင့် အရိုးမြကသာ ဧည့်မခံလျှင် ခုလောက်ဟန်မကျနိုင်ရာ။

သို့သော် သူတို့ထက် လက်မလည်နိုင်သူကား မယ်ရွှေရိပ်ဖြစ်သတည်း။ မယ်မင်းသည် ကန်တော့ပွဲလှယ်ပြီးသမျှ လင်ပန်းများထဲသို့ လောကွတ်ကျေစေရန် လက်ဖက်ကလေးစ၊ နှမ်းလှော်၊ မြေပဲလှော်လေး တို့တို့တိတိသုပ်ပြီး နယ်ပြီးသားတို့ကို တစ်ပုံစီ တစ်ပုံစီ ပုံထည့်လိုက်လိုက်သေးသည်။ သည်ထဲက သနပ်ဖက်ကိုလည်း ဖွာမိအောင်ဖွာလေသည်။ နှုတ်ဆက်ချင်သူကိုလည်း ‘အိုအေ ညည်းတို့

mgyoe.com

mgyoe.com

နယ်၊ လာမှ လာသေးသကိုး .. ငါက မလာတော့ဘူးအောက်မေ့နေတာ" အစရှိသဖြင့် နှုတ်ဆက်မိအောင် ဆက်လိုက်သေးသည်။ အာဂ မယ်ရွှေရိပ်ပေတည်း။

မောင်လူလုတို့ကား လာသမျှ ဆွမ်းဆန်ဆုံများကို ဘယ်သူ့သနပ်ခါးက ဘယ်လိုနေသည်။ ဘယ်မိန်းမကြီးက ထမီဝတ်ပုံအချိုးမကျ၊ ဘယ်အပျိုကြီးက မျက်စောင်း ဘယ်လောက်ထက်သည်ဟု ခြေလှမ်းမမှားမှားအောင် မျက်နှာမထားတတ်အောင် သူရို့တွေခြေထောက်ကြားသို့ စိန်ရောင်ခြည်ပြောက်များပစ်ထည့်ဖောက်ကာ ဩဘာပေးလျက်ရှိကြသည်။ တချို့ အပျိုလုပ်၍လာသောရင်ရင်ခမြာ ကလေးကိုယ် ကလေးခေါင်းနှင့် ဧရာမလင်ပန်းကြီးရွက်လာရာ ကိုယ့်ထမီကိုယ်နင်းမိပြီး ဗိုင့်ခနဲအလဲ ဆန်လင်ပန်းကလည်း ဂွမ်ခနဲအမှောက်တွင် မောင်လူလုတို့က ဝါးခနဲဟားတိုက်ရယ်လိုက်ကြ၏။

လင်ပန်းခမြာမှာလည်း ဆေးကွာရ၏။ သူမမှာလည်း ရှက်သွေးဖြာရင်း ရှက်ရှက်နှင့် နှုတ်ခမ်းကြီးတစ်တောင်လောက်စူတော့သည်။

* * *

နေဝင်ဖြိုးဖျမို့ မှိုးမှိုးမှောင်မှောင် မှောင်ရိပ်သည်လည်း တက်မတစ်ရွာလုံးအား ပိုက်ခြုံရန် လက်ဆန့်ချေပြီ။

ရွာဦးကျောင်းတိုက်မှ ဘုရားရှိခိုး မေတ္တာပို့သော ကြေးစည်သံ၊ ခေါင်းလောင်းသံများလည်း ကျောင်းခွေးအူသံနှင့်အတူ ဆူဆူညံညံပြန်ပြီ။

သည်အချိန်တွင် လာခဲ လာခဲဟူသော အရိုးရှိန်တို့လူသိုက် မျှော်နေဆဲမျှော်နေသော စဥ့်ငှလုည်းသည် ရွာအနောက်တံခါးဝမှ လာလေသည်။ မောင်လူလုဘ'က "ဟဲ့ ... ထွန်းခင်တို့ပြန်လာပါပကော" ဟုလှည်းဝိုင်းထဲသို့ ကျွီခနဲအဝင်တွင်ဆိုသည်။

ထို့နောက် ညကြီးမင်းကြီးမှာပင် စားပွဲခုံ စီအရီနှင့် ဝက် ကြက် ခုတ်သံ၊ ငါးတစ်သံ၊ ကြက်မွေး ဝက်မွေး အကြွင်းအကျန် နှုတ်သံတို့ဖြင့် မောင်လူလုတို့တစ်အိမ်ဝိုင်းလုံး ကြွက်ကြွက်ညံလေသတည်း။ အရှေ့နား ခြောက်ချောင်းခုတင်ပေါ်ဝယ် ကိုဘကျော်နှင့် လူကြီးသိုက်သည် ခေါင်းချင်းရိုက်ကာ အဝယ်အခြမ်းစာရင်းကို ရှင်းကြ၏။ "ပုစွန်က ရှားလို့ များများဝယ်မရဘူး။ နှစ်ပိဿာပဲရတယ်။ လူမစားဘဲ ဘုန်းကြီးတင် ကပ်ပေါ့"ဟူသော ကိုဘကျော်အသံကိုလည်း ကြားရ၏။

mgyoe.com

များမကြာခင်ပင် ဟင်းချက်ကောင်းလှသော ကိုရှိန်သည် ကိုဘရှိန် လှ

mgyoe.com


သထက်လှအောင် တစ်ထားသော ဝက်သားသုံးထပ်တုံးများအား မိုးဗြဒယ်ထဲ ဝယ် ဆီ ဆား ငံပြာရည် ကြက်သွန် စသည်တို့ဖြင့် အားရပါးရ နယ်နေလေ သည်။ ကြက်ချက်ရန် တာဝန်ယူထားသော ဖိုးစိန်ဘူးမှာလည်း ကြက်သားအိုး ပြင်ရ၊ ငါးအိုးပြင်နေသော ကိုဘရှိန်အား လှမ်းပြောရနှင့် ရောင်ကြီးဗွေပြာဖုံး သည်ကိုမှ လုံးလုံးဂရုမပြုအား။

သည်လို သည်လိုနှင့်ပင် မီးဖိုပေါ်က ဟင်းချိုအိုးလည်း ပွက်လေပြီ။ မောင်လူလှ၊ ဘိုးခွေး၊ ဘိုးသန်းတို့လူသိုက်၏ဝမ်းဗိုက်ကလည်း ပွက်လေပြီ။ ထို့ကြောင့် မောင်လူလှအမေကြီးမယ်ချုံက "ဟဲ့ ကလေးတွေ ထမင်းဆာကြရော ပေါ့၊ ကဲ–ကဲ စားကြ စားကြ"ဟု ချက်သည့်ပြုတ်သည့်နေရာနားက လေးချောင်း ခုတင်တစ်လုံးပေါ်ဝယ် သံပန်းကန်လေးတွေစီပြီ ပုံထည့်ပေးလိုက်၏။

ညစာတွင် ပဲပင်ချဉ်ငါးစိုကြော်နှင့် ဝက်သားတုံးပြုံးသယောင်ယောင်တို့ တိုးလာ၏။ မောင်လူလှတို့မှာ တစ်နေ့လုံး ဆော့ထား၍ မောမောဆာဆာနှင့် စကားမပြောအား၊ ကုန်းတဲ့ ကုန်းတဲ့သာ လွေးတော့ရာ ဖိုးစိန်ဘူးခမြာ ထမင်းရော ဟင်းရော နောက်ထပ်ထည့်ရသေးသည်။

သည်အချိန်၌ အိမ်ပေါ်အနောက်ဘက် မီးဖိုဆောင်ထဲဝယ် လူကြီးတွေ လည်း ထမင်းစားကြပြီ။ စားပွဲခုံဝိုင်း၊ ဇွန်း၊ ပန်းကန်၊ ဟင်းအရည်သောက်တွေ နှင့်မို့ ကလေးသိုက်ထက်တော်ပေ၏။ အရီးလေးသာတို့လူစုသာ ချက်ရင်း ပြုတ် ရင်း မီးဖိုဘေးဝယ် လွေးကြရသည်။

မောင်လူလှတို့တတွေ ထမင်းစားပြီးသောအခါ လဆန်းခုနစ်ရက်၏ ဝင်းဝါဝါ လခြမ်းကလေးသည် ထက်အာကာမှ မျက်စပစ်ချေပြီ။ မောင်လူလှ ဦးလေးဖြစ်သူ 'ဦးလေးဝင်း'သည် အောက်လင်းဓါတ်မီးများကို ရေနံဆီမြှင့်မြှင့် အရက်ပျံနှံ့ တလှိုင်လှိုင် ပိုးမီးဇာသစ်သစ်နှင့်ထွန်းကာ အိမ်ပေါ်ထပ် ဆင်ဝင်ခန်း ထဲက ကန်တော့ပွဲတွေ အထက်ကတစ်လုံး၊ ချက်ပြုတ်သည့်နေရာ၌တစ်လုံး၊ အောက်ထပ်လူကြီးတွေစုကြထိုင်ကြရာ၌ တစ်လုံးအားဖြင့် မြို့ကြီးရပ်ကြီးသား ကျနေအောင် ထွန်းထားလေသည်။

သည် ဓါတ်မီးရောင်အောက်၌ မောင်လူလှတို့ကလေးတစ်သိုက် အလွန် ပျော်၏။

"တောဘုန်းကြီး ဆွမ်းခံလာ၊ ကျောက်ဖျာပေါ် ချော်လို့လဲ၊ နဖူးလည်း ကွဲ ဒူးလည်းပြဲ"တစ်ယောက်က ဤသို့စလိုက်လျှင် အခြားတစ်ယောက်က "သပိတ်လည်းကွဲ ဒူးလည်းပြဲ"ဟု ပြင်ဆင်ချက်သွင်း၏။

mgyoe.com

mgyoe.com


"ဟုတ်ဘူးကွ နဖူးလည်းပြ ဒူးလည်းကွဲ"

"အို ဘုန်းကြီးဆိုတာ သပိတ်ကွဲတာပေါ့"

"ငါက မှန်တယ်"

"မင်းက မှားတယ်"

"တော်ကွာ"

"တော်ဘူး"

"မတော်ရင် ဆော်ကွာ"

"သတ္တိရှိရင် ထိကြည့်လေ"

သည်လိုနှင့် ရန်တစ်ပွဲ ဖြစ်ပြန်တော့သည်။ ဆူလိုက် ဆဲလိုက်၊ နပန်းလုံးလိုက်နှင့် ဖုန်တထောင်းထောင်း ထ,ကာ အနီးရှိ ဆေးပြီးကြောပြီးသား ပန်းကန်ခွက်ယောက်တွေထဲသို့ တစ်ဝက်တစ်ပျက် ရောက်ကုန်၏။ အချိန်မီ ဟင်းဒယ်အိုးများထဲ မဝင်ရန် သည်နပန်းပွဲအား ဖိုးရဲကျော်က ဝါးခြမ်းကွဲဖြင့် လူစုခွဲလေသတည်း။ နောက်ဆုံး၌ တောကျောင်းဘုန်းကြီးလည်း ဆွမ်းခံမလာ။ နဖူးနှင့်ဒူးလည်းမပြ၊ သပိတ်လည်း မကွဲ။ မောင်လူလှတို့သာ ကျောပြလုနီးပါး အရိုးကြီးများ ထင်ကြလေသည်။

* * *

သည်ကနောက်တွင်ကား မောင်လူလှတို့လူသိုက်ကို ဆင်ဝင်ခန်းထဲမှ ကန်တော့ပွဲများ အနီးဝယ် ပုဆစ်တုပ်လျက်ကတချို့ ကြုံ့ကြုံ့ကလေးက သုံးလေးဦး လက်ကလေး မေးထောက်လျက်က တစ်ဝက်နှင့်မြင်တွေ့ရ၏။

"ငါးဆယ့်ခြောက် လင်ပန်းကွ"

"ဟုတ်ဘူး ခြောက်ဆယ်တစ်ခုလျော့"

ကန်တော့ပွဲရေရင်းလည်း ငြင်းကြသေးသည်။ အရှေ့ဖျားက နံရံကို ကျောပေးနေသော ဆွမ်းတော်ပွဲလင်ပန်းများပေါ် မျက်စိရောက်အသွားတွင် သူရို့မှာ သွားရည်များစီးမကျရန် သတိထားရလေသည်။ အသို့နည်း။

နီရောင်ပြေးအောင် ကြော်ထားသော ကြက်ကောင်လုံးကြော် သုံးလေးကောင်တို့ တစ်လင်ပန်းထဲလာရောက် ဖူးစာဆုံနေကြ၏။ သူတို့၏ကိုယ်နံ့ကလည်း ကြိုင်ပါ သင်းပါဘိခြင်း။ အခြား တစ်လင်ပန်းထဲ၌ ပန်းကန်ပြားကိုယ်စီနှင့် အခန့်သား ခံ့ညားနေကြသော ငါးကြင်းကြော်၊ ပုဇွန်ကြွေး၊ ဘဲဥကြော်တို့ရှိလေသေး၏။ သူရို့ဘေးဝယ် ဝက်သားတုံး ဒူးခေါင်းနီးနီးတို့ကလည်း အဆီ

mgyoe.com

mgyoe.com

တစ်ရစ် အသားတစ်ရစ် အခေါက်တစ်ရစ်နှင့် ချစ်ပြီးရင်း ချစ်ရင်း ချစ်ချင်စရာ အလှပြိုင်နေပြန်သည်။

ဆွမ်းတော်ပွဲမှို့ ဤမျှလောက် ပြိုင်ဆိုင်ခြင်းဖြစ်၏။ သားငါးပွဲ၏ဝဲဘက်သို့ မျက်စိရောက်သွားခဲ့လျှင် ချိုပွဲ ချဉ်ပွဲ နှစ်လင်ပန်းကို တွေ့ရမည်။ 'ကျောက်ဖရုံယို' 'အုန်းမုန်ကူ' 'သကြားခွေ' 'နှစ်ထပ်ရေခဲ (ဘီစကွတ်) 'မုန့် လက်ညှိုး' 'မုန့်ကြိုးလိမ်' 'လျှာပေါ်ဝဲ' 'မုန့်ဆီကြော်–အနီ အဖြူ' 'ပဲမုန့်ကြော်' 'မုန့်လေပွေ' အို ... မုန့်မျိုးကို စုံပါရော။ မောင်လူလှတို့ သွားရည်ကျစရာချည်း ဖြစ်ပေသည်။ ပန်းကန်လေးတွေနှင့် မောက်မောက်လျှံလျှံ ထည့်ထား၏။ မုန့်ကြီးလျှင် ပန်းကန်ကြီး၏။

ဆွမ်းတော်ပွဲ၏ညာဘက်ကို ရှုစမ်းပ။

ဘုန်းကြီးများအတွက် ကန်တော့ပွဲ တစ်သုတ်ကို အမြိုင့်သား တွေ့ရပြန်သည်။ 'သံဃာစေ့ ပြင်ထားသဖြင့် လင်ပန်းတစ်ဆယ်ကျော် ပါရှိလေသတည်း။ တစ်လင်ပန်း၌ ငှက်ပျောဝဝ လှလှက နှစ်ဖီး။ ဆေးရွက်ကြီးက တစ်လိပ်။ အုန်းသီးစိုစို ကြွက်မြီးတွဲလွဲ ခိုလျက်က တစ်လုံး၊ 'ကွမ်းသီးပန်း' ယပ်တောင် ဖြန့်လျက်က တစ်ခု။ ရှုကြည့်၍ မမုန်းနိုင်စရာ ဝေဆာမြိုင်ဆိုင်လှသတည်း။ 'ကွမ်းသီးပန်း'မှာ ဖိုးသာအောင် ဓါးမောက်စွမ်းပြထားခြင်းကြောင့် ဝါးနှီးကြောက တချို့၊ အုန်းကြောက တစ်သွယ်နှင့် ထည်ဝါပါပေ၏။

သည်လင်ပန်းတွေနှင့်ဆက်လျက် လှေခါးခြေသုတ်ဖုံနားထိအောင် အခြားကန်တော့ပွဲများကိုလည်း စဉ်ထားသေး၏။ ဆန်လင်ပန်းချည်းက တစ်တန်း။ ထန်းလျက်က တစ်သိုက်။ ဩဇာသီး၊ လိမ္မော်သီး၊ ပြောင်းဖူး စသော အသီးများကလည်း လင်ပန်းသီးခြားဖြင့် တစ်ထီးတစ်နန်း။ နှမ်းမြေပဲစသည်တို့မှာ အများဆုံးဖြစ်၏။ မဆုံးနိုင်သော သည်ကန်တော့ပွဲ လင်ပန်း အတန်းလိုက် အတန်းလိုက်တို့ကို မောင်လူလှတို့ သွားရည်ကျခမန်းငေးမောပြီးသော အခိုက်ဝယ် အောက်ထပ် အိမ်ဝိုင်းထဲရှိ ချက်သည့်ပြုတ်သည့်နေရာနားသို့ တစ်ဖန်ချဉ်းကပ်ကြပြန်လေသည်။

မိုးဗြဲဒယ်များ၏အဖုံးကြားမှ မွှေးကြိုင်လှသော ဟင်းနံ့သည် မောင်လူလှတို့နှာဝကို ကလိလေသည်။ အလိုက်သိတတ်သော ဖိုးဗရှိန်က ကလေးတွေလက်ထဲ ဟင်းတစ်ဖတ်စီ ထည့်လိုက်ချေသည်။

ထို့ကြောင့် တအားတက်လာသော မောင်လူလှတို့လူသိုက်လည်း ဆူကြဆော့ကြ ညံကြပြန်လေတော့၏။ 'တောကျောင်းဘုန်းကြီး ဆွမ်းခံလာ၊ ကျောက်ဖျာပေါ် ချော်လို့လဲ နဖူးလည်းကွဲ ဒူးလည်းပြဲ သပိတ်လည်းကွဲ သင်္ကန်းလည်းပြဲ' ထိုနောက် ရွှေစွန်ညိုဝဲတမ်း၊ လက်ဖက်တစ်အုပ် ကွမ်းတစ်အုပ်၊ တွတ်ထိုး၊

mgyoe.com

mgyoe.com

ပုဏ္ဏာတိုင်မေး စသည်ဖြင့် ကစားနည်းစုံသာ ကစားကြသည်။ သက်ကြီးခေါင်းချ ကြက်တွန်မှပင် လူစုကွဲကာ အိပ်ရာဝင်ကြသောကြောင့် ထိုအခါမှပင် ဆူသံဆော့သံ ဆိတ်လေတော့သည်။

ချက်ကြပြုတ်ကြသည့် ဖိုးစိန်ဘူးတို့ လူသိုက်သာလျှင် မီးကျီးခဲ တရဲရဲ၊ ဆေးလိပ်မီး တဖွာဖွာဖြင့် မအိပ်မနေ လုံးပန်းနေကြရာလေ၏။ မနက်ခင်းအတွက် ဆွမ်းဟင်းက ဘယ်နှခွက်။ ဆွမ်းက ဘယ်နှကျောင်းစာ စသည်တို့ကို ခန့်မှန်းချက်ပြုတ်ရင်း 'ခင်ဗျာ့ဝက်သား နည်းနည်းပေါ့ထင်ပါရဲ့' 'အင်း... ကိုဗရိုန် ကြက်သားဟင်းက ဆိမနည်းဘူးလား'ဟု ဟင်းစနည်းနာကာ ဒါနဇောယို ဖိတ်နေကြဟန်တူပေသည်။ သည်အထဲ မနက်စော ဆွမ်းထချက်ရန် ဘဖုံးခမြာ ရှားနှစ်ကို အလိုက်သင့် ဖြတ်တောက်ထားလေသည်။ သူတို့အား ခပ်လှမ်းလှမ်းမှ မျှော်မှန်းကြည့်လျှင် မီးကျီးခဲတရဲရဲနှင့် မည်းမည်းရိပ် လူသဏ္ဍာန်တို့ကိုသာ မြင်ရမည် ဖြစ်သတည်း။

* * *

နောက်နေ့မနက် အံရုဏ်နီ ရောင်ခြည်အဖြန့်တွင် ရွာဦး ဦးဝါယမကျောင်းမှ တုံးခေါက်သံသည် ခါတိုင်းလို ငါးတိုင်ပတ်လည်ခန့် ပဲ့တင်လွှမ်းလေသတည်း။

ဘဖုံး၏ ညောင်ကန်ကြီးကလည်း တွန်နေကျအတိုင်း တွန်လေပြီ။ မောင်လူလှတို့ဝိုင်းထဲမှ မောင်လူလှဦးလေး လက်သပ်မွေးထားသော တညင်ပုကလေးများကလည်း ပုသလောက်ပင် သာသာယာယာ အောက်အီးအီး အွတ်ရာလေသည်။

သည်အခါဆိတွင် မောင်လူလှတို့ မနိုးသေးလင့်ကစား လူကြီးပိုင်းကားနိုးကြပြီဖြစ်လျက် ဆွမ်းချက်သူချက်၊ ဟင်းအိုး မီးထိုးသူထိုး၊ ရေနွေးအိုးတည်သူတည်နှင့် စကားသံညံစ၊ ဆေးလိပ်မီး ရဲစပြုပေပြီ။ ညလုံးပေါက်ထွန်းထားသော အောက်လင်းဓါတ်မီးများလည်း အိပ်ချင်မူးတူး အမူအရာနှင့် ခပ်မှုန်မှုန်သာ လင်းရှာ၏။

ဒွေးသုံတို့ လူသိုက်ပင်လျှင် 'စောစောစီးစီး လင်းအားကြီး၌ မျက်နှာကပျာကယာသစ်ကာ ဆွမ်းတော် တင်လိုတင်၊ ဆန်ပန်းအစ ကန်တော့ပွဲအဆုံးရှိသော ပြင်သင့် ဆင်သင့်ရာတို့ကို ပြင်လိုပြင်၊ ဆင်လိုဆင်နှင့် အလုပ်ရှုပ်စပြုလေပြီ။

မောင်လူလှတို့အိမ်ဝိုင်းထဲ၌ လှုပ်လှုပ်ရှရှ လုပ်သံကိုင်သံ လူသံဗလံများ

mgyoe.com

mgyoe.com


ဆူညံလာသောအခါ လင်းသထက်လင်းလာ၏။

မကြာခင် သွေးပြောသလို မောင်လူလှ၊ ဘိုးခွေးနှင့် ဘိုးကျွဲတို့လူသိုက် လည်း နိုးလေတော့သည်။ အိပ်ရာထတွင် ဆာ၏။ မျက်နှာ ကပျာကယာသစ် ပြီးလျှင် ဟာနေသော ဝမ်းအတွက် မျက်စိကစားမိ၏။ ထိုအခိုက် အလိုက်သိ တတ်သော မယ်ရုံအိုက 'ဟဲ့ ကလေးတွေ လာကြ လာကြ ဆွမ်းကြွင်းစားလှည့် ကြ'ဟု ခေါ်လာသဖြင့် ရေငတ်တုန်း ရေအိုးနှင့်တိုးလေသည်။ (ဆွမ်းကြွင်းမှာ ဘုရားဆွမ်းတော်တင်ရန် ချက်ထားပြီး ဆွမ်းတော်မတင်ရဘဲ ပိုနေသော ကျန် နေ ကြွင်းနေသော ထမင်းကိုဆိုလို၏) ဤလို မနက်ခင်းဝယ် ဆွမ်းကြွင်းကလေးကို ယခုလို ပဲကြီး၊ ပဲပင်ချဉ်၊ ငါးခြောက်ကြော်တို့နှင့်စားရသည်မှာ နတ်သုဒ္ဓါနှင့် နင်လား ငါလား ထင်စရာဖြစ်၏။ လူကြီးတွေပင် အဆာပြေစားပြီးကြပြီ။

စားသောက်ပြီးသောအခါ မောင်လူလှတို့လူသိုက်သည် အနောက်ဘက် လှည်းလမ်းမထွက်၍ ပေသီးပစ်ရင်း အချိန်ဖြုန်းကာ ဘုရားသွားဖို့ စောင့်ကြ လေသည်။

အိမ်ဝိုင်းထဲ၌ကား သစ်သစ်လွင်လွင် ပိုးသား လုံချည် အင်္ကျီ တဘက် ပုဝါတို့ဖြင့် ပရိသတ် စည်ကားသည်ထက် စည်ကားလာ၏။ ဆွေစုမျိုးချည့် ဖြစ်ကြသည်။ အရှေ့ဘက်စွန်း ခြောက်ချောင်းခုတင်ပေါ်ဝယ် မောင်လူလှ ဘနှင့် အပေါင်းပါတစ်စုသည် တို့တို့တိတိ မြည်းစရာ အပြီးပါသော လက်ဖက်ရည်ကြမ်း တစ်ဝိုင်းနှင့် လောလောဆယ်တို့ကို စီစဉ်နေလေသည်။

တတိတတိနှင့် နေလည်း မြင့်သည်ထက် မြင့် မြင့်လာသဖြင့် နေခြည် ကလည်း ရင့်သထက် ရင့်လာပြီ။

တက်မသူ ထိပ်တန်းစားတို့လည်း သနပ်ခါးဘဲကြားရိုက်၊ ပိုးလုံချည် ခေါက်ရိုးကျိုးတို့နှင့် အလှကုန်လှရင်း လူစုံတက်စုံရောက်ကြပြီ။

ထို့နောက် ဘဖုံး၊ ကိုချမ်းသာ၊ အရီးလေးသာ၊ ကိုဗရှိန် အစရှိသူတို့၏ လှည်းဆယ့်လေးငါးစီးမှာ ခြုံသံတချွင်ချွင်နှင့် ပစ္စည်းပစ္စယတင်ရန် ရောက်လာ ကြပြန်၏။ မိန်းမသိုက်သည် ဆင်ဝင်ခန်းထဲမှ ကန်တော့ပွဲလင်ပန်းများကို တစ်ယောက်တစ်ချပ် ကောက်ကာငင်ကာ ရွက်တဲ့ပြီး အနောက်ဝင်းတံခါးကြီးမှ စီတန်းထွက်လေသည်။ ကိုဗကျော်တို့တတွေမှာ လှည်းတွေပေါ်သို့ ဆွမ်းများ၊ ဆွမ်းဟင်းများကို အိုးကြီးအိုးငယ် တောင်းအသွယ်သွယ်ဖြင့် တင်နေ၏။ လှည်း နှစ်စီးတွင်ကား သင်ဖြူးများ အထပ်လိုက်တင်ထားပြီး ကော်ဇောဖြင့် ထပ်ထား၏။ သည်လှည်းကို မယ်ချုံတို့ညီအစ်မတစ်တွေနှင့် မောင်လူလှတို့ ကလေးတွေစီး၏။

mgyoe.com

mgyoe.com


မောင်လူလှ'ဘ'နှင့် ဘဒွေးညွန့်တို့ကား စောစောကပင် ပဝါသစ်သစ်က လေး ရစ်တဲ့ပြီး ခြေလျင်သွားနှင့်ကြပြီ။ မကြာခင် ရှေ့ကထွက်နှင့်သော တက်မ သူတစ်သိုက်နောက်သို့ မောင်လူလှတို့လှည်းများကလည်း လိုက်တော့သည်။ မောင်လူလှတို့ 'ဘ'ဘုရားပွဲကား 'အငြိမ့်' 'ပွဲ' စသည်တို့ ပါနေကျမဟုတ်၍ ခြောက်ကပ်ကပ်ရှိသည်ဟု ထင်စရာပင်။ သို့သော် အထက်ပါတက်မသူများ၏ အလှ၊ လှည်းတန်းကြီးမှ ထိပ်အုပ် ချူကုံး စသည်တို့၏ခြူသံများ၊ အဆိုပါ ခြူသံ ကို စီးလိုက်ဟန်ရှိသော မောင်လူလှတို့၏ဗျောက်အိုးသံကို တုပြိုင်၍ အဘယ် အငြိမ့်သမ၊ အဘယ် တူရိယာတို့၏အလှနှင့် တေးသီချင်းသံသည် နောက်ဆွယ် က လိုက်နိုင်ချိမ့်မည်နည်း။

* * *

မောင်လူလှတို့ လှည်းမောင်းလာ၍ နကန် နှစ်ခါသုံးခါတို့လောက်ကြာ လျှင်ပင် ရွာဦးရေကန် 'တုတ်ကန်' 'ကန်နနိုင်'(ကန်ပေါင်ရိုး)ခြေရင်းသို့ ချဉ်းကပ်မိ ကြ၏။ ကန်ပေါင်ရိုးထက်မှ ဖြန့်ကာမိုးနေသော အဓိကရထနောင်းပင်ကြီးမှာ ကျောင်းတိုက်ပလ္လဝင်ဝ၏အထိမ်းအမှတ်ဖြစ်လေသည်။ သည်ထနောင်းပင်၊ သည် ရေကန်၊ သည်အပင်ခြေရင်းနားက မားမားမတ်မတ်ကျောက်တိုင် လေးငါးတိုင်၊ သည်ဟာစုကိုတော့ မောင်လူလှ မုန်း၍မရ။ ဖြည်းဖြည်းသွားနှင့်သော 'အပျိုအုပ်' ပင် ဘုရားရှေ့တန်ဆောင်းတွင်းရောက်ကြပြီ။

မောင်လူလှတို့၏ လှည်းတန်းကြီးလည်း ဦးပဒုမ ဆွမ်းစားကျောင်း အနောက်ဘက် မန်ကျည်းပင်များအောက်၌ လှည်းဖြုတ်ကြသည်။မောင်လူလှနှင့် ဘိုးခွေး၊ ဘိုးသန်း၊ ထွန်းလုစသော အပေါင်းအပါတို့ကား ဘုရားအတွင်းရော အပြင်ပါ နေရာအနှံ့သွားပစ်လိုက်ကြ၏။ 'ဘဘုရား'၏မြောက်ဘက်တွင် အခြား'ကိုယ်တော်'များရှိကြသေးသည်။ တောင်ဘက်တွင် တစ်ဆူမှမရှိ၍ သူက အစွန်ဆုံးဖြစ်နေ၏။ အရှေ့ဘက်၌ ကျောက်ထီးတစ်လက်နှင့် ဆွမ်းတော်စွန့်သည့် သင်ပုတ်ပလ္လင်ရှိသည်။ မုခ်ဝလှည့်ထားသော အနောက်ဘက်၌ကား အာရုံခံ တန်ဆောင်းရှိသည်။ သည်တန်ဆောင်းထဲဝယ် အောက်ဆုံးက ဖျာကြမ်း၊ ဖျာကြမ်း ပေါ်က သင်ဖြူး၊ သင်ဖြူးပေါ်ကကော်ဇော ဆင့်လျက် ဆင့်လျက် ခင်းထားပြီး ဘုန်းကြီး ဆယ့်ကိုးပါးရောက်နှင့်ကပြီ။ ကိုယ်တော်တို့ရှေ့ဝယ် ကန်တော့ပွဲ များလည်း အစဉ်လိုက် အတန်းလိုက်ချထားပြီးနေပြီ။ တန်ဆောင်းတွင်း သင်ဖြူး ဖျာကြမ်းပေါ်တို့အပေါ်ဝယ် ယောကျ်ားတစ်သိုက်၊ မိန်းမသိုက် စသည်ဖြင့် အစု

mgyoe.com

mgyoe.com

လိုက် အပြုံလိုက် ရောက်နှင့်နေကြပြီ။ သည်မျှမကသေး။

ကွမ်းကြိုက်သော ဦးဝါယမကိုယ်တော်နှင့်တကွ တခြားဘုန်းကြီးများကိုပါ မယ်စိုးရနှင့် မယ်အိုတို့ ကွမ်းကပ်ထားသောကြောင့် ကွမ်းတမြုံ့မြုံ့ဝါး၍ နေလေပြီ။

ဦးဓာဂရ၊ ဦးပဏ္ဍိစ္စကိုယ်တော်တို့အနီးတွင် သူကြီးဖိုးရဲကျော်၊ ဖိုးရဲကြမ်း၊ ဘဒွေးညွန့်တို့တတွေ ကြုံ့ကြုံ့ဝပ်တွားရင်း အာလာပ သလ္လာပစကားကို ဆိုကြ၏။ ပရိသတ်ဘက်တွင်လည်း စပ်မိစပ်ရာ တရားမနာခင် စကားစဉ်မပြတ်ကြသဖြင့် ခပ်ညံညံအသံသည် ခပ်အုပ်အုပ်ထွက်ပေါ်နေ၏။ မယ်ရွှေရိပ်၏ လက်ဖက်အုပ်ကလေးများသည် ဖျာတစ်ချပ်စာ တစ်အုပ်လောက် ဆေးလိပ် မီးခြစ်တို့စစ်ကူဖြင့် လောကွတ်ကြေလျက် ရောက်နေလေပြီ။ သည်တန်ဆောင်း၏ အနောက်တောင်ထောင့် တံစက်မြိတ်စွန်းအနီး ရှုလိုက်စမ်းပါ့။ ရင်ကိုကော့ ခေါင်းကိုမော့၍ တွေ့သမျှရန်သူကို ထိုးသုတ်မည့်ဟန်ပန်ဖြင့် အတောင်တကားကား ဝင့်ကာကြွားနေသော ဂဠုန်ရုပ်ကို ထိပ်ထက်ပန်ထားသည့် တံခွန်တိုင်ကြီးရှိလေသည်။ အဆိုပါ ဂဠုန်ရုပ်ဘေးဝယ် တံခွန်လုံးများလည်း အသီးသီးဆွဲလျက် လေယဉ်ဝယ် ဝဲပျံနေသည်။ တံခွန်တိုင်အောက်ခြေတွင် မနိမ့်မမြင့်သပွတ် ပင်တစ်ပင်ရှိရာ ထိုအပင် ထိုတံခွန်တိုင်ခြေရင်းဝယ် မောင်လှလှတို့ကလေး တစ်သိုက်ရှိနေချသည် တမုံ့။

သူတို့သည် မဗျန့်ကြီးအိမ်မှဝယ်ခဲ့သော ဗျောက်များကို မီးကုန်ယမ်းကုန်ဖောက်ကြပြီ။ တံခွန်တိုင်နှင့် ဘေးမှတိုင်ကူများကို ယက်မလျှိုထားသော ပိုက်လုံးများအတွင်းထည့်၍ ဖောက်ကြသဖြင့် လှိုင်သံ ဟိန်းဟိန်းသွား၏။

"အိမ်ကြီးပေါ်က တိုးတိုး တိုးတိုး၊ ဟိုလူပျို ရပ်နိုး ရပ်နိုး"

သည်လိုလည်းတွေ့ရာ ပါးစပ်ထဲပေါ်လာရာတို့ကို ဆိုကြသေး၏။ မကြာခင် "ဆွမ်းစင်ရအောင် ဟေ့ ဆွမ်းစင်ရအောင်" ဟု အရီးလေးသာက ဤသို့ အော်လိုက်သောအခါ တံခွန်တိုင်တောင်ဘက် မြေကွက်လပ်၌ ကျောင်းသား ကြီးငယ် လေးငါးဆယ်ခန့် တဗြုန်းဗြုန်းနှင့် တောင်းပလုံးဆွဲကာ ရောက်ရှိလာကြလေသည်။ (ဆွမ်းစင်ခြင်းမှာ လှူရမည့်ကျောင်းမှ ကျောင်းသားများ သပိတ်၊ ပစ်တောင်းတို့ဖြင့် စည်းဝိုင်းပမာ ဝိုင်း၍နေကြပြီး အလှူရှင်များက ချက်ပြုတ်ယူခဲ့သော ဆွမ်းများ ဆွမ်းဟင်းများကို အညီအမျှကပ်လှူခြင်း၊ ဝေ၍ထည့်ခြင်းပင်ဖြစ်၏) ဆွမ်းစင်ရာ၌ ကျောင်းသားများမှာ ရံခါ ညစ်ပတ်လေ့ရှိ၏။ ကျောင်းသားကြီးများသည် ကျောင်းသားငယ် ကလေးများကို နိုင်ကြသဖြင့် တစ်ခါတစ်ခါ

mgyoe.com

mgyoe.com

ကျောင်းသားငယ်ကလေးများတွင် ဆွမ်းတစ်စေ့ ဆွမ်းဟင်းတစ်ဖတ် မရတတ်ဘဲရှိသည်။ ကျောင်းသားကြီးကသာ သူ့ဝေစုရော ကျောင်းသားလေးဝေစုပါ နှစ်ကြိမ်နှစ်ခါ ယူတတ်၏။ သည်လိုအနိုင်ကျင့်မှုမျိုး မပေါ်ပေါက်ရန် အရီးလေးသာတစ်ဦးသာ တတ်နိုင်၏။ သူ့အသံမာထက်ထက်ကြီးမှာ ကျောင်းသားတွေကို ကျောချမ်းစေဟန်တူသည်။ "ဟေ့ ဟေ့ မင်းတို့တစ်တွေ ပြောစကား နားမထောင်ရင် တစိမှမလှူဘူးကွာ" သည်လိုဖြင့် သူတစ်ယောက်သာလျှင် ကျောင်းသားအုပ်အား ချုန်းအုပ်၍ရ၏။

ယခုတစ်ကြိမ်မူ ဆူမှုပူမှုမရှိဘဲ ကျောင်းသားများစည်းဝိုင်းကြီးဝိုင်း၍ ရပ်ကြ၏။ သူတို့တွင် တင်းတောင်းပစ်တောင်း(ပြစ်တောင်း) ကအစ ဆွမ်းအုပ်ဆွမ်းခြင်း သံသပိတ် မြေသပိတ်များရော အိုးစုံခွက်စုံ ပါလာကြသည်။ အရီးလေးသာက စိမ်ခန့်ခွဲပြီး ချွေးတဖြိုက်ဖြိုက်အဆင်းရဲခံလေ့ရှိသော ဖိုးစိန်ဘူး၊ ဖိုးဗရှိန်၊ ဖိုးဗကျော်တို့ကပင် ဆွမ်းများ ဆွမ်းဟင်းများကို တောင်းများ၊ အိုးများအတွင်းမှမှုတ်ကြီးမှုတ်ငယ်၊ ဇွန်းကြီးဇွန်းငယ်တို့ဖြင့် ခပ်ထည့်ခပ်ထည့် လောင်း၍ထည့်လေသည်။ စည်းဝိုင်းတစ်ပတ်လည်လျှင် ဟင်းတမယ်ကုန်သဖြင့် အနည်းဆုံး ဆယ်ပတ်ခန့်ပတ်ရမည်။ အမြဲတမ်းအငြိမ်နေလေ့ရှိသော ကိုငြိမ်းကားထောင့်တစ်ထောင့်မှ သနပ်ဖက်လိပ်ဖွာရင်း မျက်မှောင်ကြုတ်ရင်း ရှုစားလျက်ရှိသည်။

ဆွမ်းစင်၍လည်းပြီးပြီ။ ကျောင်းသားများလည်း သူတို့အိုးခွက်နှင့် သူတို့နေရာ၌ နေသားတကျရှိနေကြပြီ။ တန်ဆောင်းတွင်းက ရဟန်းပရိသတ်၊ လူပရိသတ်မှာလည်း နှီးနှောကြသည်မှာ အတိတ်အနာဂတ်စုံလေပြီ။ ထို့ကြောင့် မောင်လူလှ'ဘ' ဖိုးစံရုံက "ကဲ ကဲ သီလယူကြရအောင် သီလယူကြရအောင်" ဟု ဆိုလိုက်သောခဏဝယ် စောစောက အုတ်အုတ်ကျက်ကျက်သံသည် မီးရေလောင်း ငြိမ်ကျသွားသတည်း။

သည်အခိုက်ကလေးတွင် မရီးပန်း၏ 'ဆန်ပန်း'သည် နှီးခွက်လေးငါးခွက်ဖြင့် တစ်လက်မှတစ်လက်သို့ ဆင့်၍ဆင့်၍ ကမ်းလျက်ရှိ၏။ ကိုယ်စီကိုယ်ပေင် ရောင်စုံဆန်ပန်းကို လက်တစ်ဆွမ်းမရှိတရှိ ယူထားလိုက်ပြီး လက်နှစ်ဖက်ဖြင့်အုပ်ကာ ရုက်ဖြာရှိခိုးနေကြ၏။ မောင်လူလှတို့ဘက်ရောက်သောအခါ နှီးခွက်ထဲမှ ရှိသမျှဆန်ပန်းကို အိမ်ကျရင် ကစားဖို့ဟူသော ရည်ရွယ်ချက်ဖြင့် တစ်ဆုပ်ကြီးတစ်ဆုပ်ကြီး အသီးသီးယူထားလိုက်ကြ၏။ ထို့နောက် "ကဲကန်တော့ကြ" ဟူသော ဖိုးကူဖေအသံ ကြားလိုက်ရပြီး ပရိသတ်ကလည်း

mgyoe.com

mgyoe.com


ဩကာသချင်းမိုးမွှန်အောင် ကန်တော့လေတော့သည်။ မောင်လူလုတို့ပင် ရောယောင်၍ ဩကာသလိုက်၏။

ကန်တော့ပြီးသောအခါ ဦးဝါယမက သီလပေး၏။ အဋ္ဌင်္ဂသီလဟုဆိုသည်။ မောင်လူလုနှင့် ဖိုးခွေးတို့ပင် မပီတလုံး ပီတစ်လုံးနှင့် သီလယူချေသေးသည်။ ထို့နောက်သော်ကား တရားနာရန်အချိန်ရောက်လာပြီ။ ပရိသတ်ပွဲတောင်းသော ဦးသူရိယကိုယ်တော်လေး ဟောပါဟု ဦးဘန်းကြီးကဆို၏။

မယ်စိုးရ မယ်သက်ရှေနှင့် ဘခွေးညွန့်အစ အားလုံးကပင် နာချင်ကြ၏သဖြင့် ဟောခွင့်ပန်ကြပြန်သည်။ တရားဟောနေတုန်းအချိန်မှာ မောင်လူလုတို့ အပျင်းဆုံးအချိန်ဖြစ်သည်။ နိဗ္ဗာန်ကြောင်း၊ နတ်ပြည်ကြောင်း၊ ငရဲကြောင်းတို့ကို တစ်ခါတလေမှ နားစွန်နားဖျား ကြားလိုက်ရ၏။ ဆော့နေသည်ကများသည်။ တရားကိုမနာမိ။ စောစောကဝေထားသော ဆန်ပန်းကို ဒူးခေါက်တမ်းစုံမ ဖွက်ကြ၏။

သူတို့ကား တရားဟောသံကိုလည်းမကြား၊ ဖိုးရဲကျော်နောက်သို့ ဆူလုချည့်ဟူသောသဘောဖြင့် ခေါင်းပေါင်းကျွတ်မတတ် သမင်လည်ပြန်ကြည့်သည်ကိုလည်း ဂရုမပြု။ မစောဂေါက် မျက်စောင်းခဲသည်ကိုလည်း ပမာမခန့် ကစားမြဲကစားနေကြ၏။ အနီးရှိ မယ်ချို့အိုက လှမ်းတဲ့လှမ်းတဲ့ပြီး နီးရာ ပေါင်တွင်းကြောကို လိမ် လိမ်ဆွဲမှ ငြိမ်ငြိမ်ကျသွားတော့၏။

တရားဟောပြီးနောက် ရေစက်ချရပြန်သည်။ ဖိုးစံရှိအိုခမြာ နှီးခွက်ထဲမှ ရေများကို မြေကြီးပေါ်သို့ တစ်စက်တစ်စက်သွန်ချရင်း ဘုန်းကြီးဆိုသမျှ လိုက်၍ဆိုရ၏။ နောက်ဆုံး 'ဣဒံမေ ပုညံ အာသဝက္ခယံ ဝဟံဟောတု' ပြီးသောအခါ 'အမျှယူတော်မူကြပါဖျို့' ဟု မောင်လူလု'ဘ'က အမျှဝေ၏။ ပရိသတ်က 'သာဓု သာဓု သာဓု' ဟု သုံးကြိမ်ခေါ်သည်။ ကျောင်းသားများကလည်း ဆိုင်ရာ ဆိုင်ရာ ဆရာတော်နောက်ပါးကပစ်တောင်းများဖြင့် စောင့်နေကြ၏။ ဘခွေးညွန့်၊ ဖိုးရဲကျော်၊ ဖိုးရဲကြမ်းတို့က ကန်တော့ပွဲများကိုတစ်ပွဲပြီးတစ်ပွဲ ယူပေးသဖြင့် ဆိုင်ရာကျောင်းသားက လှယ်ယူရသည်။ ကန်တော့ပွဲများ လှယ်ပြီးကြသောအခါ ဆရာတော်အသီးသီးတို့လည်း မိမိတို့နေရာမှထ၍ နှုတ်ဆက်ကာ ကျောင်းသို့ပြန်ကြွကြလေသည်။ တန်ဆောင်းတွင်းမှ လူပရိသတ်ပင် လူစုကွဲချေပြီ။ ဖျာသင်ဖြူးနှင့် ကော်ဇောကို ရုတ်သူရုတ်၏။ ကန်တော့ပွဲ လင်ပန်း သိမ်းသူသိမ်းသည်။ မယ်စိုးရကား သင်ပုတ်ပလ္လင်သို့သွား၍ ဆွမ်းတော်တင်များစွန့်ရာ ကျိုးကန်းသိုက်နှင့် မဘုဒို(သူတောင်းစားမ) တို့ လုယက်နေတော့သည်။

mgyoe.com

mgyoe.com

ထို့နောက် အသီးသီး အသက အသက မိမိတို့လှည်းများ နွားထည့်ပြီး ပစ္စည်းပစ္စယတင်ပြီးကြသောအခါ လာလမ်းအတိုင်း ရွာဘက်သို့ ပြန်မောင်းကြလေသည်။ အပြန်တွင် လွင်နေသောချုံသံပေါ်၌ အိုးခွက်သံ တောင်းပလုံးသံက ထပ်လောင်း၍ ဂီတသရုပ်ဖော်ပေး၏။ အိုးခွက်သံ၊ တောင်းပလုံးသံ၊ လှည်းဘီးသံတို့နှင့်အတူ နောက်ကြောင်းပြန်လာကြသော မောင်လူလှတို့ကလေးများကလည်း လေယဉ်ဝယ်ပျံ့လွင့်လာသည်။

သူရို့နောက်တွင်ကား ထုံးမဖွေးပေမင့် အမြဲသပ္ပာယ်နေသော ဘွဲ့တော်ထူးထူးထွေထွေမရှိသည့် 'ဘဘုရား'ကိုယ်တော်မှာ တစ်ပါးတည်း ဘာဝနာပွားရစ်ဟန်ရှိ၏။ စင်စစ်သော်ကား မောင်လူလှတို့ ဘ,အိုအမှုုပြု၍ ကျင်းပပြုလုပ်အပ်သော ဘ,ဘုရားဆွမ်းချပွဲမှာ ပတ်စာခွာ ဖျာမသိမ်းဘဲ 'ပစ်တောင်း'ဆေးသပိတ်မှောက်ခြင်းဖြင့် နိဂုံးသို့ရောက်လေတော့၏။

* * *

"ဇောတိကပုံသို့နှယ် ချမ်းသာလိမ့်မယ်၊ ထမင်းရေချောင်းစီးအောင် အမြဲပဲလှူတန်းကာ ပေးကမ်းချင်တယ်"

"ဟဲ့ ... လူလှ ထမင်းခူးပြီးပြီ၊ စားလှည့်ပါတော့လား"

သည်လို အခေါ်ဖြစ်သူက လှမ်းတဲ့ခေါ်မှ စိန်ပါတီသီချင်းဖြင့် 'ဘ,ဘုရားပွဲ'ပြန်ရောက်သွားသော မောင်လူလှ ဒုံရင်းပြန်ဆိုက်လေသည်။

ခရီးရောက်မဆိုက် မောင်လူလှမှာ ညီလေး ညီမလေးတွေကို လွမ်းရာမှ သူ၏ကလေးဘဝကို အမှတ်ရမိသည်။ သည်ကမှတစ်ဖန် ထိုစဉ်က 'ဘ,ဘုရားပွဲ'ကို လွမ်းမိရသည်။ ဘုရားပွဲနေ့မတိုင်မီ အစွမ်းကုန် ဖြီးလိမ်းပြီး ဆွမ်းဆန်အဆုံလာကြသော တကမသူ ကြီးကြီးတွေကိုလည်း မောင်လူလှ လွမ်း၏။ ရွယ်တူတွေကိုလည်း လွမ်းမိသည်။ ငယ်ငယ်တွေကိုလည်း မလွမ်းဘဲမနေနိုင်။ မောင်လူလှ၏ 'အလွမ်းစစ်'ကား သည်ဟာတွေမဟုတ်သေး။

သာရေး နာရေးကိစ္စတို့၌ အခေါ်စောင့်မနေဘဲ အလိုက်တသိ ဝိုင်းဝန်းကူညီလေ့ရှိသော အညာသူအညာသားတွေ၏ စိတ်ရင်းစေတနာကိုသာ လွမ်းမိခြင်းဖြစ်လေသည်။ ကုသိုလ် အကုသိုလ်၏ယုံကြည်ချက်ကိုထားဘိဦး၊ တစ်ဦးနှင့်တစ်ဦး၊ တစ်အိမ်နှင့်တစ်အိမ်၊ တစ်ရွာနှင့်တစ်ရွာ ချစ်မိခင်မိ စေတနာထားမိလျှင်မလျော့ပါးရဘဲ ပွားသည်ထက်ပွားစေတတ်သော အဆိုပါအညာဓလေ့ ကလေးများကို မောင်လူလှ မလွမ်းဘဲမနေနိုင်။ သည်ဓလေ့ကိုက သူ့ကို လွမ်းအောင်

mgyoe.com

mgyoe.com


ညှို့ထားသလားမသိ။

သန့်ရှင်းစိတ်မြေပေါ်တွင် စေတနာကျောက်အုတ်တို့ဖြင့် တည်ဆောက်အပ်သော သည်အညာဓလေ့ဗိမာန်ကလေးကို မမြင်ရ၊ အေးရိပ်မခိုရသည်မှာ ကြာပေပြီ။

ယခုသော်ကား ခေတ်အလျောက် ဆွမ်းဆန်လည်း မဆုံကြရတော့ပြီ။ စေတနာရှိလို့မှ ရှိကြောင်းမပြကြရ။ မောင်လူလှမှာသာ တသသ ဆွမ်းဆန်ဆုံလိုရင်း မိမိရှေ့ရှိ စားပွဲပေါ်က ဝက်သားတုံးကို ဘုရားပွဲမှ ဝက်သားတုံးအမှတ်ဖြင့် ကုန်းတဲ့ ကုန်းတဲ့ လွေးလေသတည်း။

အောင်စိုး

အမှတ် ၅၂၊ ရွှမဝမဂ္ဂဇင်း၊

စက်တင်ဘာလ၊ ၁၉၅၁ ခုနှစ်။

❐

mgyoe.com